# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ – ၇၈)

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက် | ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၇ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၁၃၈)

## ကရင်ပြည်နယ်ရှိ ပြည်သူများအပါအဝင် နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး အောင်မြင်စွာတည်ဆောက်နိုင်ရေး နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် က**
**(၆၅) နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့**
**ပေးပို့သည့်သဝဏ်လွှာ**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်

ချစ်ကြည်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား–

ယနေ့ကျရောက်သည့် (၆၅) နှစ်မြောက်၊ ကရင်ပြည်နယ်နေ့ နေ့ထူး နေ့မြတ် အခါသမယမှာ ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသား မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေ အမှတ် ၆၂ အရ သံလွင်ခရိုင်၊ ဖာပွန်ဒေသကို ကရင်ပြည်နယ်အဖြစ်လည်းကောင်း၊ ၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ် တိုးချဲ့သတ်မှတ်ရေးအက်ဥပဒေ အမှတ် ၁၄ အရ သံလွင်ခရိုင်နှင့် ဆက်စပ်ဒေသဖြစ်သည့် ကြာအင်းဆိပ်ကြီး မြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဘားအံမြို့နယ်နှင့် သံတောင်ကြီးမြို့နယ် (၅) မြို့နယ်ကို ကရင်ပြည်နယ်အဖြစ် ဒုတိယအဆင့် တိုးချဲ့ သတ်မှတ်ခြင်းဖြင့် လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်၊ မတ်လ (၁) ရက်နေ့တွင် မြဝတီမြို့ကို မြို့နယ်တစ်ခုအဖြစ် သတ်မှတ်ပြီး ကရင်ပြည်နယ်ကို မြို့နယ်ပေါင်း (၇) မြို့နယ်ဖြင့်လည်းကောင်း အဆင့်ဆင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ သံလွင်ခရိုင်ကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်သော ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးသည့် ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်နေ့ကို ကရင်ပြည်နယ်နေ့အဖြစ် စတင်သတ်မှတ်ခဲ့ရာ ယခုဆိုလျှင် (၆၅) နှစ်မြောက် တိုင်ခဲ့ပြီ ဖြစ်ပါသည်။

ယခင်နှစ်များက ကရင်ပြည်နယ်နေ့အခမ်းအနားနှင့် ပျော်ပွဲရွှင်ပွဲများကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သော်လည်း ယခုနှစ်တွင်မူ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်သည့် Coronavirus disease (COVID–19) ကြောင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❄

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်၊ နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၆**


ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံအမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်၊ ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ရိုဟေး ဆာဆာကာဝါ နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမ ဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို ချမှတ်ထားသည့် စံ(၅)ချက်နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ရွေးကောက်ပွဲမကျင်းပနိုင်သည့် နယ်မြေများ သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေ၊ မဲဆန္ဒရှင်ပြည်သူများ ဘေးကင်းလုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေး အတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ လွတ်လပ်၊ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး အတွက် ပြည်တွင်းနှင့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ လေ့လာခွင့်ပြုမည့် အစီအစဉ်၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အတွက် ဂျပန်အစိုးရ၏ ကူညီဆောင်ရွက်ပေးခဲ့မှုများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်၊ ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ရိုဟေး ဆာဆာကာဝါနှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်



### ရန်ကုန်တက္ကသိုလ်၏ ပုံရိပ်ကို ဤသို့ ရေးခြယ်ခဲ့ကြသည်

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ် ဆောင်းပါး

စာ ➤ ၆–၇

### လစ်ဗျားနိုင်ငံမှ ကလေးများ ကာကွယ်ဆေး ပြတ်တောက်မည့်အရေး ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးနှင့် ယူနီဆက်ဖ်တို့ စိုးရိမ်လျက်ရှိ

နိုင်ငံတကာသတင်း

စာ ➤ ၁၂

မြန်မာ့အလင်း

# တန်ဖိုးရှိရှိ မှန်မှန်ကန်ကန်

မနက်ဖြန် (နိုဝင်ဘာလ ၈ ရက်နေ့) တွင် ဆန္ဒမဲ ပေးကြရတော့မည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အချိန်မှန် ကျင်းပခြင်း၊ ဆန္ဒမဲပေးရန် အရည်အချင်းနှင့် ပြည့်စုံသူတိုင်း မိမိတို့၏ဆန္ဒနှင့်အညီ လွတ်လပ်စွာ ဆန္ဒမဲပေးခွင့်ရရှိခြင်းတို့က ဒီမိုကရေစီစံနှုန်းများတွင် အခြေခံအကျဆုံးဖြစ်သည်။ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များကို ဆန္ဒမဲပေးရွေးချယ်ခြင်းနှင့် ကိုယ်တိုင်ဝင်ရောက်ရွေးချယ်ခံခြင်းတို့က နိုင်ငံသားများ၏ မူလ အခွင့်အရေးများလည်း ဖြစ်သည်။

မဲပေးခြင်းသည် ပြည်သူတစ်ဦးချင်းစီက မိမိတို့ကိုယ်စီ ပိုင်ဆိုင်ထားကြသည့် အချုပ်အခြာအာဏာကို မိမိတို့ယုံကြည် စိတ်ချသည့် ကိုယ်စားလှယ်ထံ လွှဲပြောင်းပေးအပ်ခြင်းဖြစ်သည်။ မိမိတို့ လွှဲအပ်လိုက်သည့် ကိုယ်စားလှယ်က ထိုအာဏာကို ကိုင်စွဲကာ ပြည်သူ့အရေး၊ နိုင်ငံ့အရေးတို့ကို ကြိုးပမ်းဆောင်ရွက် ကြရမှာဖြစ်သည့်အတွက် လူအရွေးမမှားဖို့၊ မဲအပေးမမှားဖို့ လိုသည်။ တန်ဖိုးရှိလှသည့် မိမိ၏ဆန္ဒမဲကို အလဟဿမဖြစ်စေဖို့ ဂရုထားကြရမည်ဖြစ်သလို ကိုယ်စားလှယ်လောင်း ရွေးချယ်ပေး နိုင်ရန်အတွက်လည်း အသိသုတနှင့် ဉာဏ်ပညာတို့ကို အသုံးချ ကြရန် နှိုးဆော်လိုသည်။ ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေး အတွက် မဲဆန္ဒရှင်ပြည်သူတစ်ဦးချင်းစီမှာလည်း နိုင်ငံသား ကောင်းတို့၏ တာဝန်ကိုယ်စီရှိနေသည်ကို မမေ့မလျော့ကြရန်သာ ဖြစ်သည်။

မိမိတို့ အဆိုပြုလိုက်သည့် ဆန္ဒမဲ အလဟဿမဖြစ်စေရန် သတိပြုသင့်သည့်အချက်များကို ရွေးကောက်ပွဲအကြိုကာလ တစ်လျှောက် မီဒီယာများမှတစ်ဆင့် အသိပညာပေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများအရ သိသင့်သိထိုက်သည်များကိုလည်း ကောက်နုတ်ထုတ်ပြန်၍ မီဒီယာများမှတစ်ဆင့် ပညာပေးခဲ့ပြီး ဖြစ်သည့်အတွက် ဆောင်ရန်၊ ရှောင်ရန် များကို သိရှိလိုက်နာကြပြီး မလုပ်သင့်မလုပ်ထိုက်သည်များကို မလုပ်မိ ကြစေဖို့ သတိပြုကြရ မည်ဖြစ်သည်။ ဥပဒေနှင့် ငြိစွန်းသည့်လုပ်ရပ်များကို ပြုလုပ်မိ ပြီဆိုပါက မသိနားမလည်၍ လုပ်မိပါသည်ဟု ဆင်ခြေပေး၍ မရနိုင်သည်ကို သတိမူကြရမည်။

ထို့ပြင် မိမိဆန္ဒမဲပေးရွေးချယ်လိုက်သည့် ကိုယ်စားလှယ် လောင်းကို အနိုင်ရစေလိုသည်မှာ မဲပေးသူတိုင်း၏ အလိုဆန္ဒပင် ဖြစ်သည်။ သို့ရာတွင် အများစု၏ ဆန္ဒသည်သာ အနိုင်ရလဒ် ဖြစ်သည်ကို ရင့်ကျက်သောစိတ်ဖြင့် ခံယူကြရမည်ဖြစ်သလို တစ်ဖက်တွင်လည်း ရွေးကောက်ပွဲတွင် ရွေးချယ် မခံရသည့် တိုင်အောင် လူနည်းစု၏ ထောက်ခံမှု၊ ဆန္ဒပြုမှုရရှိသူအား လေးစားမှုပြုခြင်းအားဖြင့် ဒီမိုကရေစီယဉ်ကျေးမှုကို ပြသကြ ရမည်လည်း ဖြစ်သည်။ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဆောင်ရွက်လိုသူအဖို့ လွှတ်တော်အတွင်းမှဖြစ်စေ၊ လွှတ်တော် ပြင်ပမှ ဖြစ်စေ နိုင်ငံ့သားကောင်းမှန်သမျှ ဆောင်ရွက်နိုင်ကြ သည်သာ ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကျရောက်နေချိန်တွင် ကျင်းပရခြင်း ကလည်း ထူးခြားသည်။ ကူးစက်မြန်ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ပါးစပ်နှာခေါင်း စည်းများတပ်ဆင်ခြင်း၊ မျက်နှာအကာများ တပ်ဆင်ခြင်း၊ တစ်ဦးနှင့် တစ်ဦးခပ်ခွာခွာနေခြင်း၊ စနစ်တကျလက်ဆေး ခြင်းတို့ကို မဲဆန္ဒရှင်တိုင်း မပျက်မကွက် ဆောင်ရွက်ကြရန်နှင့် မိမိတို့၏ အသည်းကြားမှမဲတစ်ပြားကို တန်ဖိုးရှိရှိ၊ မှန်မှန် ကန်ကန်ရွေးချယ်ပေးအပ်နိုင်ကြပါရန် အကျိုးမျှော်ကာ နှိုးဆော် အပ်ပါကြောင်း။ ။

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများက ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၆

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ နှင့် ပြည်သူများက ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ပေးအပ် လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ သဃ်ာန်းကျွန်း မြို့နယ်ရှိ မြန်မာ - ထိုင်း ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းရုံး၌ ပြုလုပ် သည်။

ပေးအပ်လှူဒါန်းပွဲ အခမ်းအနား တွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးက အွန်လိုင်းမှတစ်ဆင့် လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့ထံ အလှူရှင်



ထိုင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင် များနှင့် ပြည်သူများကိုယ်စား မြန်မာ- ထိုင်း ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ Mr . B Kich Aungvitulsatit က ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး ပစ္စည်းများ ပေးအပ်လှူဒါန်းပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့လှူဒါန်းပွဲတွင် ရန်ကုန် တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အလှူ ရှင် ထိုင်းနိုင်ငံ စီးပွားရေးလုပ်ငန်း ရှင်များနှင့် ပြည်သူများက ထိုင်းဘတ် ငွေသိန်း ၅၀ ကျော်နှင့် ညီမျှသော ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး ပစ္စည်းများ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်း - နေလင်း
ဓာတ်ပုံ - ဆန်းကျော်ဦး

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးဉာဏ်ထွန်း | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးရာဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး |
| (၂) ဦးဗိုလ်ဗိုလ်ကျော် | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့် ရေအသုံးချမှု<br>စီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန |

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ဘာသာရေးနှင့်သာသနာရေးဆိုင်ရာ လုပ်ငန်းများအတွက် လှူဒါန်းထောက်ပံ့

ထားဝယ် နိုဝင်ဘာ ၆

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေး နှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ဘုန်းတော်ကြီးကျောင်းရှစ်ကျောင်းနှင့် နှစ်ခြင်း ခရစ်ယာန်ကျောင်း သုံးကျောင်း စုစုပေါင်း ၁၁ ကျောင်းသည် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့်အတွက် ကျောင်းဆောင်များ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက် နိုင်ရန် ငွေကျပ်သိန်း ၉၀၀ ကို တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ဒေသဖွံ့ဖြိုးမှု ကြီးကြပ် ရေးမှူးတို့က လှူဒါန်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တနင်္သာရီသား


## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပြုပြင်ပြောင်းလဲတိုးတက်ရေး ဆောင်ရွက်ချက် ဓာတ်ပုံမှတ်တမ်း (၂၀၁၆ - ၂၀၂၀) စာအုပ် ထုတ်ဝေဖြန့်ချိ

နေပြည်တော် နိုဝင်ဘာ ၆

နိုင်ငံတော်အစိုးရ တာဝန်ထမ်းဆောင်ခဲ့သည့် (၂၀၁၆-၂၀၂၀) ခုနှစ်ကာလအတွင်း တိုင်းပြည်နှင့် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် ပတ်သက်၍ ပြည်သူများ တွေ့မြင်သိရှိနိုင်စေရန်နှင့် မှတ်တမ်းတင်ကျန်ရှိ နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ပြန်ကြားရေးဝန်ကြီး ဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပြုပြင်ပြောင်းလဲတိုးတက်ရေး ဆောင်ရွက်ချက် ဓာတ်ပုံမှတ်တမ်း (၂၀၁၆-၂၀၂၀) စာအုပ်ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၅ ရက်တွင် စတင်ထုတ်ဝေ ခဲ့သည်။

### ကဏ္ဍစုံလင်စွာ ဖော်ပြထား

စာအုပ်တွင် နိုင်ငံတော်အစိုးရ၏ နိုင်ငံရေး ကဏ္ဍဆောင်ရွက်ချက်များ၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ချက်များ၊ စီးပွားရေးကဏ္ဍဆောင်ရွက်ချက်များ၊ သာသနာ ရေးနှင့်ယဉ်ကျေးမှုဆိုင်ရာကဏ္ဍဆောင်ရွက်ချက် များ၊ လူမှုရေးကဏ္ဍဆောင်ရွက်ချက်များ၊ နယ်စပ် ဒေသနှင့် တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ၊ ပညာရေးကဏ္ဍဆောင်ရွက်




ချက်များ၊ ကျန်းမာရေးကဏ္ဍဆောင်ရွက်ချက် များ၊ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ အသိပညာမြင့်မားရေးဆောင်ရွက် ချက်များ၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ် ကဏ္ဍဆောင်ရွက်ချက်များနှင့် ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများကို ဓာတ်ပုံပေါင်း (၉၉၅) ပုံ၊ စာမျက်နှာ (၄၀၀) ဖြင့် ခံ့ထည်သပ်ရပ်စွာ စီစဉ် ထုတ်ဝေထားသည်။

### ဝယ်ယူရရှိနိုင်

အဆိုပါ **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပြုပြင်ပြောင်းလဲတိုးတက်ရေးဆောင်ရွက်ချက် ဓာတ်ပုံမှတ်တမ်း** (၂၀၁၆ - ၂၀၂၀) စာအုပ်ကို တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် ရုံးအမှတ် (၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၁၂၃၇၁၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲ (ရန်ကုန်)၊ အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း ၀၁-၈၃၇၁၃၄၀၊ ၀၁-၈၂၀၁၉၃၆ ၊ အမြို့မြို့ အနယ်နယ်ရှိပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများ၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် (နေပြည်တော်)၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေ ဗိမာန်စာအုပ်အရောင်းဆိုင် (ရန်ကုန်)၊ ဖုန်း ၀၁- ၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ စာပေဗိမာန်အရောင်းဆိုင် (မန္တလေး)၊ ဖုန်း ၀၂-၄၀၃၀၁၈၆၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်၊ ဖုန်း ၀၁-၂၄၈၁၀၂ တို့မှ တစ်ဆင့် မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

※ရှေ့ဖုံးမှ

လွတ်လပ်စည်ကား သိုက်မြိုက်စွာကျင်းပခွင့် မရကြခြင်းအတွက် များစွာ စိတ်မကောင်းဖြစ်ရပါသည်။

လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ COVID-19 ကူးစက်ပြန့်ပွားမှုကို အပြင်းအထန် ရုန်းကန်ရင်ဆိုင်နေရသည့် အချိန်ကာလဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံသည်လည်း အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေပါသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိတို့အသိစိတ်နှင့် ကျရာကဏ္ဍအသီးသီးတွင် ပံ့ပိုးကူညီဆောင်ရွက်နေသူများအား လည်းကောင်း၊ ကျန်းမာရေးအသိပေး နှိုးဆော်ချက်များကို တိကျစွာလိုက်နာကြသည့် ကရင်ပြည်နယ်အတွင်းရှိ ပြည်သူများအပါအဝင် တစ်နိုင်ငံလုံးရှိ လူထုလူတန်းစားအလွှာအသီးသီးမှ မိဘပြည်သူများအားလည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း လေးလေး နက်နက် ပြောကြားလိုပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် လတ်တလောဖြစ်ပေါ် နေသည့် COVID-19 ကပ်ရောဂါဆိုး ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းတို့နှင့် စပ်လျဉ်း၍ ပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအပေါ် ဘက်ပေါင်းစုံမှ စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။ တစ်ဖက်တွင်လည်း အေးချမ်းသာယာဖွံ့ဖြိုးသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ခိုင်မာစွာ တည်ထောင်နိုင်ရေးကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ ကြိုးပမ်း ဆောင်ရွက်ရာတွင်လည်း တစ်နိုင်ငံလုံး တစ်ပြေးညီ ဘက်စုံဖွံ့ဖြိုးတိုးတက်စေ ရေးဆောင်ရွက်လျက်ရှိပြီး ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်း ဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အစရှိသည့်ကဏ္ဍများ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်ပြီး အားလုံး၏ ရည်မှန်းချက်ပန်းတိုင် ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများနှင့် (၂၁) ရာစု ပင်လုံညီလာခံများအား ကျင်းပနိုင်ခဲ့ပြီး သဘောတူညီချက် အများအပြားရရှိခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍လည်း အပြန်အလှန်ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်နိုင်ပြီး ရေရှည် တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးကို မလွဲမသွေရရှိမည့် ငြိမ်းချမ်းသာယာဝ ပြောသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ပြည်သူ့အင်အားဖြင့် တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါသည်။

> ❐ **ကရင်ပြည်နယ်အနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့် တိုင်းရင်းသား ပြည်သူလူထုနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ ခံယူချက်ပြည့်ဝစွာဖြင့် ပူးပေါင်း ပါဝင်ဆောင်ရွက်လာမှုများကြောင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၏ အသီးအပွင့် များ ရရှိခံစားနေရပြီဖြစ်**
>
> ❐ **ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ထောင်ရာတွင် ကရင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများအားလုံး၏ အားကြိုးမာန်တက် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်း ဆောင်ရွက်မှုများသည် ခွန်အားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိ**

ကရင်ပြည်နယ်အနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့် တိုင်းရင်းသား ပြည်သူလူထုနှင့်လက်နက်ကိုင်အဖွဲ့အစည်းများ၏ ခံယူချက် ပြည့်ဝစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာမှုများကြောင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၏ အသီးအပွင့်များ ရရှိခံစားနေရပြီဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာဖွံ့ဖြိုး တိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ထောင်ရာတွင် ကရင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများအားလုံး၏ အားကြိုးမာန်တက် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများသည် ခွန်အားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိပါသည်။ ပြည်သူတစ်ရပ်လုံး၏ အနာဂတ်မျှော်လင့်ချက်နှင့် နိုင်ငံတော်အစိုးရ၏ ဦးတည်ချက်၊ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ကရင်ပြည်နယ်ရှိ ပြည်သူများအပါအဝင် နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသား ပြည်သူ များအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး အောင်မြင်စွာတည်ဆောက်နိုင်ရေး နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲမဖြုတ် စတမ်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

ထို့အပြင် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်နိုင်ရန် ထိုင်းနိုင်ငံနယ်စပ် မြဝတီတံတားအမှတ်(၂)မှ ဝင်ရောက်လာခဲ့သည့် မြန်မာ ရွှေ့ပြောင်းအလုပ်သမား တစ်သိန်းငါးသောင်းကျော်အား လက်ခံ၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပို့ဆောင်ပေးနိုင်ရေးအတွက် ကရင်ပြည်နယ်မှ စီမံဆောင်ရွက်ပေးနေမှုများအား အထူးကျေးဇူးတင်ရှိ ပါကြောင်း၊ ကရင်ပြည်နယ်သူ၊ ပြည်နယ်သားများအားလုံး Coronavirus ရောဂါကပ်ဘေးမှ ကင်းဝေး၍ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရှိကြပါစေ ကြောင်းနှင့် ကရင်ပြည်နယ်အတွင်းတွင် ငြိမ်းချမ်းရေးအလင်းရောင်များ ဆက်လက်ထွန်းလင်းတောက်ပပြီး အေးချမ်းလုံခြုံ သာယာဝပြောသည့် လူမှုဘဝများ တိုးတက်ဖြစ်ထွန်းအောင် ဆက်လက်ကြိုးပမ်းအားထုတ် ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် သဝဏ်လွှာ ပေးပို့လိုက်ပါသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း (၁၄) ကြိမ်မြောက် အာရှ-ဥရောပ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၆

**(၁၄) ကြိမ်မြောက် အာရှ-ဥရောပ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီခွဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အိမ်ရှင်အဖြစ် Virtual အစီအစဉ်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။**



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း (၁၄) ကြိမ်မြောက် အာရှ-ဥရောပ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်စဉ်။ သတင်းစဉ်

အစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီး Mr. AHM Mustafa Kamal က အဖွင့်အမှာစကား ပြောကြားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် Sheikh Hasina ၏ Video Message ဖြင့်ပေးပို့သည့် မိန့်ခွန်းကို ထုတ်လွှင့်သည်။

ယင်းနောက် ကမ္ဘာ့ဘဏ်၏ Vice President Mr. Hartwig Schafer ၊ အာရှဖွံ့ဖြိုးရေးဘဏ်၏ Vice President Mr. Shixin Chen နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ Deputy Director Ms. Anne-Marie Gulde-Wolf တို့က Keynote Speech ပြောကြားကြသည်။

ထို့နောက် ပါဝင်တက်ရောက်ကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက နိုင်ငံအလိုက် မိန့်ခွန်းများပြောကြားကြရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ကမ္ဘာနှင့်အဝန်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံများစွာတွင် ၎င်း၏အကျိုးသက်ရောက်မှုများကို ဆိုးရွားစွာ ခံစားရလျက်ရှိရာ ကပ်ရောဂါ၏သက်ရောက်မှုကို ကုစားရေး၊ ထိန်းချုပ်နိုင်ရေးနှင့် ကျော်လွှားနိုင်ရေးကိစ္စရပ်များတွင် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်ရာ ယင်းလုပ်ငန်းများအား ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ယခုနှစ်အစည်းအဝေး၏ခေါင်းစဉ်အဖြစ် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် စပ်လျဉ်း၍ ခိုင်မာသော၊ စဉ်ဆက်မပြတ် တိုးတက်မှုရှိသော၊ အားလုံးပါဝင်နိုင်သော ညီမျှသည့် ပြန်လည်ထူထောင်ရေး တည်ဆောက်ရန် ဦးတည်ချက်သည် များစွာ သင့်တော်မှုရှိပါကြောင်း။

မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ၏ ဒုတိယလှိုင်း ရိုက်ခတ်မှုကြောင့် နိုင်ငံ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးမှုအပေါ် များစွာ ထိခိုက်လျက်ရှိပါကြောင်း၊ အစိုးရအနေဖြင့် ကိုဗစ်-၁၉ ၏ သက်ရောက်မှုများကို ကုစားနိုင်ရေးအတွက် COVID-19 Economic Relief Plan (CERP) အား လွန်ခဲ့သည့် ဧပြီလတွင် ရေးဆွဲထုတ်ပြန်ခဲ့ပြီး မူဝါဒဆိုင်ရာ လက်တွေ့ဆောင်ရွက်ရမည့် အချက်များနှင့် ငွေကြေးဆိုင်ရာကုစားမှုများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ပြင် ကိုဗစ်-၁၉ တုံ့ပြန်ရေး ဆောင်ရွက်ချက်များအတွက် ပြည်တွင်းမှ ဘဏ္ဍာရေးပံ့ပိုးပေးမှုများအပြင် ထပ်မံလိုအပ်သည့် ငွေကြေးများကို နိုင်ငံတကာ ငွေရေးကြေးရေးအဖွဲ့အစည်းများဖြစ်ကြသည့် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့မှ အတိုးနှုန်းသက်သာသောချေးငွေများ၊ ထောက်ပံ့ငွေများဖြင့် ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ အလားတူ G20 နိုင်ငံများမှ ထောက်ပံ့ကူညီသည့် ကြွေးမြီပြန်လည်ပေးဆပ်မည့်ကာလ ရွှေ့ဆိုင်းပေးခြင်း အစီအစဉ် (Debt Service Suspension Initiative – DSSI) ဖြင့်လည်း ကြွေးမြီသက်သာခွင့်များ ရရှိခဲ့ပါကြောင်း။

သို့ရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကို မခန့်မှန်းနိုင်သေးသည့် အခြေအနေတွင် ရောဂါဖြစ်ပွားမှုကာလကြာရှည်လာသဖြင့် ပြည်သူများ၏ စားဝတ်နေရေးနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်နာလန်ထူလာစေရေးတို့အတွက် အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ငွေကြေးလိုအပ်ချက်များ ထပ်မံတိုးမြင့်လာနိုင်မည်ဖြစ်ရာ ယင်းဘဏ္ဍာငွေလိုအပ်မှုများကို နိုင်ငံတကာ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့များက ဆက်လက်တိုးမြှင့် ထောက်ပံ့နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် အထူးလိုအပ်လာပါကြောင်းတို့ဖြင့် ဆွေးနွေးပြောကြားသည်။

အာရှ-ဥရောပ ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးသည် ကမ္ဘာ့၏ ၆၀ ရာခိုင်နှုန်းခန့်ရှိသည့် အာရှနှင့်ဥရောပဒေသကြီးနှစ်ခုအကြား ဖွံ့ဖြိုးမှုဆိုင်ရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်နိုင်ရေးဆွေးနွေးကြသည့် Forum တစ်ခုဖြစ်ပြီး ယခုအခါ မြန်မာနိုင်ငံအပါအဝင် အာရှနှင့်ဥရောပမှ အဖွဲ့ဝင် ၅၂ နိုင်ငံနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများဖြစ်ကြသည့် အာဆီယံနှင့် ဥရောပသမဂ္ဂတို့အပါအဝင် စုစုပေါင်း Partners ၅၄ ခုဖြင့် ဖွဲ့စည်းထားရှိသည်။ အာရှ-ဥရောပ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကို ၁၉၉၇ ခုနှစ်မှစ၍ အာရှနှင့် ဥရောပဒေသရှိ အဖွဲ့ဝင်နိုင်ငံများတွင် နှစ်နှစ်လျှင် တစ်ကြိမ် အလှည့်ကျကျင်းပလျက် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးအပြီးတွင် ဘဏ္ဍာရေးဝန်ကြီးများက ကိုဗစ်-၁၉ ကပ်ရောဂါ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး လုပ်ငန်းများအပေါ် ဆိုးရွားစွာသက်ရောက်မှုများအတွက် ထိရောက်သည့် တုံ့ပြန်ဆောင်ရွက်မှုတစ်ရပ်ကို ဦးစားပေးဖော်ထုတ်သွားရန် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ စုပေါင်းဆောင်ရွက်သွားရန် ထပ်မံအတည်ပြုခဲ့ကြကြောင်း Press Release ထုတ်ပြန်သည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်ဝင်း၊ ဦးဆက်အောင်နှင့် ဒေါက်တာ မင်းရဲပိုင်ဟိန်း၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၂၄)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဝန်ကြီးများအဆင့် အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**
(၂၄) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဝန်ကြီးများအဆင့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက ၂၀၂၀ ပြည့်နှစ်၏ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌဖြစ်သည့် ဗီယက်နမ်နိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှကြီးမှူး၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အဆင့်မြင့် အရာရှိကြီးဖြစ်သော ဒေါက်တာဒေါ်ခင်ကြည်ပြာ၊ ပါမောက္ခချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေး၌ အာဆီယံလူမှုရေး - ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်၏ ဦးစားပေးကဏ္ဍများ၊ ၂၀၂၀ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များ၊ (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်ကြီးများက အတည်ပြုမည့်ကြေညာချက်များနှင့် မှတ်တမ်းတင်ရှိမည့်လုပ်ငန်းစဉ်များအား အတည်ပြုဆွေးနွေးခဲ့ကြသည်။

(၃၇)ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးတွင် ကြေညာမည့် "Hanoi Declaration" နှင့် "Narrative of ASEAN" ကြေညာချက်များအပေါ် ဆွေးနွေးအတည်ပြုပြီး အာဆီယံဒေသတွင်းဆိုင်ရာ အမျိုးသမီးများ ဘဝတိုးတက်၍ လုံခြုံမှုရရှိစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိရေး၊ ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ ကိစ္စရပ်များ၊ လူငယ်ဘဝဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များ အပါအဝင် လုပ်ငန်းစဉ် ၁၀ ခုအား မှတ်တမ်းတင်ရှိရေး အတည်ပြုဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တီမောလက်စ်တေနိုင်ငံအား အာဆီယံအဖွဲ့ဝင်အဖြစ် လျှောက်ထားလာမှုနှင့် စပ်လျဉ်း၍ လုပ်ဆောင်ချက်များ၊ အာဆီယံဒေသတွင်းမသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ ၂၀၂၅ နှင့် အာဆီယံသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များ၊ ကိုဗစ် - ၁၉ သက်ရောက်မှုအပေါ် ရန်ပုံငွေတည်ထောင်ခြင်းဆိုင်ရာ ကိစ္စရပ်များအပါအဝင် ကဏ္ဍစုံ၊ မဏ္ဍိုင်စုံမှ ပူးပေါင်းဆောင်ရွက်မှုများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ယခုနှစ်သည် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်၏ လုပ်ငန်းအခြေပြမြေပုံ ၂၀၂၅ ပါ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ၂၀၁၆ - ၂၀၂၀ ကာလအတွက် နှစ်လယ်အကဲဖြတ်မှု၊ တိုးတက်မှုတို့ကို အကဲဖြတ်ဆန်းစစ်၍ နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့်လုပ်ငန်းများ၏ အကျိုးသက်ရောက်မှုများကို ပြန်လည်ဆန်းစစ်ဆောင်ရွက်သည့်အတွက်ကြောင့် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင် အဖွဲ့ဝင်နိုင်ငံများ၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်ဆန်းစစ်နိုင်ခဲ့၍ ဒေသတွင်းနိုင်ငံများအတွက် အရေးပါသောနှစ်တစ်နှစ် ဖြစ်ပါကြောင်း၊ ၅ နှစ်တာကာလအတွင်း ဆောင်ရွက်ချက်ရလဒ်များကို အခြေခံပြီး ကုလသမဂ္ဂ၏ ၂၀၃၀ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်နှင့်အညီ နိုင်ငံအဆင့် ရည်မှန်းချက်ပန်းတိုင်များ အကောင်အထည်ဖော်ရန်နှင့် နောင်အနာဂတ် ၅ နှစ်တာ ကာလအတွက် ရှေ့ဆက် ဆောင်ရွက်မည့် အခြေပြမြေပုံပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေနှင့် ကာကွယ်တားဆီးခြင်း ယဉ်ကျေးမှု Culture of Prevention (CoP) ကြေညာချက်ပါ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် ခြောက်ခုနှင့်စပ်လျဉ်း၍




ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို (၂၄) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဝန်ကြီးများအဆင့်အစည်းအဝေးသို့ ပါဝင်တက်ရောက်စဉ်။ သတင်းစဉ်

ဗီယက်နမ်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုကို ထောက်ခံပါကြောင်း၊ အခြေပြမြေပုံပါ လုပ်ငန်းစဉ်များနှင့်အညီ လူမှုရေး-စီးပွားရေး ချိတ်ဆက်ဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးအတွက် နိုင်ငံပေါင်းစုံပါဝင်သော ပူးပေါင်းဆောင်ရွက်ရေးကို အထောက်အကူပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များ အောင်မြင်စေရန် အာဆီယံအဖွဲ့ဝင် နိုင်ငံများအားလုံး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါအစည်းအဝေးမတိုင်မီ (၂၉) ကြိမ်မြောက် အာဆီယံလူမှုရေး - ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး (29th SOCA Meeting) နှင့် (3rd Working Group on Culture of Prevention (CoP) အစည်းအဝေးတို့ကို နိုဝင်ဘာ ၅ ရက်တွင် ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးမှုအတွက် FAO နှင့် ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးတက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၆**
မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးမှုအတွက် FAO နှင့် ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Xiaojie Fan နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံဆိုင်ရာအစီအစဉ်မူဘောင် (Country Program Framework – CPF) (၂၀၁၇-၂၀၂၂) အရ ဆောင်ရွက်မည့် စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်မီရေးနှင့် အစားအစာဘေးကင်းလုံခြုံရေး၊ မြေနှင့်ရေအရင်းအမြစ်များ စီမံခန့်ခွဲရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးဒဏ်ခံရမှု လျော့ပါးရေး အစီအစဉ်ဆောင်ရွက်နေမှု၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ၏ ဦးစားပေးအစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုဆိုင်ရာ ကိစ္စရပ်များ၊ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေးနှင့် အမယ်စုံ သီးနှံ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးရေး ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံတွင် အာဟာရပြည့်ဝပြီး စားသုံးမှုနည်းပါးသော ဟင်းသီးဟင်းရွက်၊ သီးနှံများ ပိုမိုတိုးမြှင့်စားသုံးရေး၊ ငတ်မွတ်ခေါင်းပါးမှုပပျောက်ရေး တိုးမြှင့်ဆောင်ရွက်နေမှု ဆိုင်ရာကိစ္စရပ်များ၊ ရာသီဥတုပြောင်းလဲမှုနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လယ်ယာကဏ္ဍတွင် ကြုံတွေ့ရသည့် အကျိုးဆက်များအပေါ် ကျော်လွှားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဆည်မြောင်းကဏ္ဍဖွံ့ဖြိုးရေးနှင့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ အသက်မွေးမှုနှင့် လူမှုဘဝပြန်လည်ထူထောင်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်း စီမံချက် (AAPDRR) အား အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြောင်းသတိပေးချက်
## (Notice to Mariners) အား ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၆**
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက်အမှတ် A – 6 တွင် Geotechnical Site Survey လုပ်ငန်းများအား MV.FUGRO EQUINOX (Call Sign: CGAJB) ရေယာဉ်ဖြင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့မှ ၂၀၂၁ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

Geotechnical Site Survey လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းမှာ–

ပွိုင့် A တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၉ မိနစ် ၁၀. ၈၂၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၂ မိနစ် ၄၉ . ၃၇၇ စက္ကန့် ၊ ပွိုင့် B တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၆ မိနစ် ၁၂. ၁၀၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ် ၄၉ . ၃၂၁ စက္ကန့်၊ ပွိုင့် C တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၄ မိနစ် ၁၅. ၅၀၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၉ မိနစ် ၂၆ . ၄၈၀ စက္ကန့် ၊ ပွိုင့် D တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၇ မိနစ် ၅၃. ၈၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၂ မိနစ် ၄၄ . ၆၀၈ စက္ကန့်တို့ ဖြစ်သည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် A–6 တွင် Geotechnical Site Survey လုပ်ငန်းများအား MV.FUGRO EQUINOX (Call Sign: CGAJB) ရေယာဉ်ဖြင့် လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက်အား ထုတ်ပြန်ကြေညာအပ်ပါသည်။ **မြန်မာ့အလင်း**

## သာယာဝတီခရိုင်အတွင်းရှိ ရဲမှုထမ်းဟောင်း ၁၁၈ ဦးအတွက် စားသောက်ကုန်လေးမျိုး ထောက်ပံ့ပေးအပ်

**သာယာဝတီ နိုဝင်ဘာ ၆**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ ရဲမှုထမ်းဟောင်း ၁၁၈ ဦးအတွက် စားသောက်ကုန်လေးမျိုးထောက်ပံ့ပေးအပ်ခြင်းကို ဆရာစံခန်းမ၌ နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

ပေးအပ်ထောက်ပံ့ပွဲတွင် နယ်မြေခံတပ်ဒုတိယတပ်မှူး ဗိုလ်မှူးကြီး နိုင်ဇော်ဦးနှင့် တပ်မတော်အရာရှိကြီးများက ရဲမှုထမ်းဟောင်းများအား ဆန်၊ ဆီ၊ ဆား နှင့် ပဲစသည့်အခြေခံစားသောက်ကုန်လေးမျိုး ထောက်ပံ့ပေးကြောင်းနှင့် ပေးအပ်ပွဲသို့ ခရိုင်ရဲတပ်ဖွဲ့မှူး (ယာယီ) ဒုတိယရဲမှူးကြီး ထွန်းမြင့်ဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲမှုထမ်းဟောင်းများ တက်ရောက်ကြသည်။

အလားတူထောက်ပံ့မှုကို နတ်တလင်းမြို့နယ် မီးသတ်စခန်းရှိ ဝန်ထမ်းမိသားစု ၂၄ ဦးကိုလည်း ယနေ့နံနက် ၈ နာရီက နယ်မြေခံတပ်မှ ဗိုလ်မှူး အေးမင်းဝင်းနှင့် တပ်မတော်အရာရှိများက အခြေခံစားသောက်ကုန် လေးမျိုး ထောက်ပံ့ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်ချိုဦးနှင့် ဒုတိယဦးစီးမှူး ဦးစိုးမိုးအောင်တို့က တပ်ဖွဲ့ဝင်မိသားစုများ၏ကိုယ်စားလက်ခံရယူကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆေးပစ္စည်းကိရိယာများလှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၆**

ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှ ဆေးပစ္စည်းကိရိယာများလှူဒါန်းပေးအပ်မှုအခမ်းအနားကို ယနေ့ညနေပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆေးပစ္စည်းကိရိယာများ လှူဒါန်းပေးအပ်မှုအခမ်းအနား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပစဉ်။ သတင်းစဉ်

**အပြန်အလှန်ပံ့ပိုး**

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ကိုဗစ် - ၁၉ ကပ်ရောဂါကို ရင်ဆိုင်ရာတွင် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံတွင် ကိုဗစ် - ၁၉ ကပ်ရောဂါကူးစက်ပျံ့နှံ့မှုများ ဖြစ်ပွားစဉ်က မြန်မာနိုင်ငံမှ မိတ်ဆွေကောင်းပီသစွာ ပံ့ပိုးကူညီခဲ့သကဲ့သို့ မြန်မာနိုင်ငံတွင် ကိုဗစ် - ၁၉ ဖြစ်ပွားချိန်တွင်လည်း တရုတ်နိုင်ငံမှ အပြန်အလှန်ပံ့ပိုးခြင်း ဖြစ်ပါကြောင်း၊ ကိုဗစ် - ၁၉ ဖြစ်ပွားနေစဉ်အတွင်း မြန်မာနိုင်ငံသို့ တရုတ်နိုင်ငံ ဗဟိုအစိုးရ၊ ဒေသဆိုင်ရာအစိုးရ၊ ကုမ္ပဏီနှင့် လူမှုအဖွဲ့အစည်းများက ဆေးနှင့်ဆေးပစ္စည်းကိရိယာများပံ့ပိုးခဲ့ပြီး ဆေးဘက်ဆိုင်ရာ ပညာရှင်အဖွဲ့များလည်း သုံးကြိမ်လာရောက်ခဲ့ကာ အတွေ့အကြုံများ မျှဝေပေးခဲ့ပါကြောင်း၊ ယခုအခမ်းအနားတွင် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံပြည့် ၂၄၀၀၀၀ ကို ပေးအပ်လှူဒါန်းသွားမည် ဖြစ်ပါကြောင်း၊ ကိုဗစ် - ၁၉ ရောဂါကူးစက်မှု ဒုတိယလှိုင်းအား ကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်နေမှုအား တွေ့မြင်နေရပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ကိုဗစ် - ၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် နှစ်နိုင်ငံသွေးစည်းညီညွတ်မှုဖြင့် ဆက်လက်ပူးပေါင်းပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရောဂါကူးစက်နိုင်မှုနည်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ တရုတ်နိုင်ငံမှ နှစ်နိုင်ငံ ရင်းနှီးချစ်ကြည်စွာဖြင့် ကိုဗစ် - ၁၉ ကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများအတွက် ပံ့ပိုးဆောင်ရွက်နေမှုများအပေါ် ဝန်ကြီးဌာန၏ ဆေးရုံများမှ ဝန်ထမ်းများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် ဝန်ထမ်းများနှင့် ပြည်သူများအားလုံးကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ယခု ကိုဗစ် - ၁၉ ဖြစ်ပွားချိန်တွင် တရုတ်နိုင်ငံအစိုးရမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၄ သန်းကျော်နှင့် ကုမ္ပဏီနှင့် လူမှုအဖွဲ့အစည်းများက မတ် ၁၇ ရက်မှ ယနေ့အထိ အမေရိကန်ဒေါ်လာ ၈ သိန်း ၉ သောင်းကျော် စုစုပေါင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ သန်းကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းကိရိယာများအား ပံ့ပိုးပေးအပ်ခဲ့သည့်အပြင် ဆေးဘက်ဆိုင်ရာ ပညာရှင်အဖွဲ့များ စေလွှတ်ပြီး ရောဂါကာကွယ်ထိန်းချုပ်မှု အတွေ့အကြုံများဝေမျှခြင်းနှင့် အကြံပြုခြင်းများ ဆောင်ရွက်ခဲ့သည့်အပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ ထိုသို့ ပံ့ပိုးမှုများကြောင့် မြန်မာနိုင်ငံပြည်သူများ၏ အသက်များကို ကယ်တင်ကုသခြင်း၊ ပြည်သူများအကြား ရောဂါကူးစက်မှုကို ကာကွယ်ခြင်းနှင့် ရောဂါကူးစက်မှုလမ်းကြောင်းကို ဖြတ်တောက်ခြင်းလုပ်ငန်းများအတွက် များစွာအထောက်အကူပြုရုံသာမက ပံ့ပိုးသည့် ပစ္စည်းများအသုံးပြုကာ လူနာများအား ကိုင်တွယ်ကုသမှုပေးနေသူများထံသို့ ရောဂါကူးစက်နိုင်မှု အလားအလာ နည်းပါးစေခြင်းတို့အတွက် အကျိုးကျေးဇူးများစွာ ရရှိပါကြောင်း။

**ဓာတ်ခွဲလုပ်ငန်း အဆင့်မြင့်စွာ ဆောင်ရွက်**

တရုတ်နိုင်ငံ၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာန (Myanmar Center for Disease Control) ကို အမြန်ဆုံးစတင်တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်နေသည်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါဌာန ပြီးစီးပါက ကူးစက်ရောဂါနှင့် မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ပိုမိုထိရောက်ကောင်းမွန်စွာ ဆောင်ရွက်ခြင်း၊ ရောဂါကာကွယ် ထိန်းချုပ်ရေး စွမ်းဆောင်ရည်မြှင့်လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာဆောင်ရွက်ခြင်း၊ တရုတ်နိုင်ငံနှင့် ပူးပေါင်း၍ သုတေသနလေ့လာမှုများ ဆောင်ရွက်ခြင်း၊ နှစ်နိုင်ငံပညာရှင်များ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ကျယ်ပြန့်စွာ ဆောင်ရွက်ခြင်း၊ ဓာတ်ခွဲလုပ်ငန်းများ ပိုမိုအဆင့်မြင့်မားစွာဆောင်ရွက်ခြင်း စသည်တို့ကို လုပ်ဆောင်နိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ ပြည်သူများအတွက် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဌာနကြီးသည် မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးမှု သင်္ကေတအဖြစ် နှစ်ပေါင်းများစွာ တည်တံ့သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တရုတ်သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က တရုတ်နိုင်ငံမှ လှူဒါန်းသည့် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေး ဝတ်စုံပြည့် ၂၄၀၀၀၀ ကို ဆေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ (၁၇) ကြိမ်မြောက် အစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၆

**မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ (၁၇) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက Virtual Meeting စနစ်ဖြင့် ကျင်းပသည်။**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အရည်အသွေးကောင်း မျိုးသစ်များ ထုတ်လုပ်နိုင်ရေးသည် အရေးကြီးသကဲ့သို့ ထုတ်လုပ်ပြီးသော မျိုးသစ်များ၏ မျိုးစေ့စံချိန်စံညွှန်းများ ပြည့်မီရန်၊ မျိုးစေ့လုပ်ငန်းများ စနစ်တကျရှိစေရန်၊ မျိုးစေ့ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရန်သည်လည်း အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ သီးနှံမျိုးကောင်းမျိုးသစ်များ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်ပိုင်းမှ ပညာရှင်များ၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ မျိုးစေ့ကုမ္ပဏီများ၊ မျိုးစေ့ထုတ်အဖွဲ့အစည်းများနှင့် လက်တွေ့ စိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူလယ်သမားများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပုဂ္ဂလိကမျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးစေ့ကဏ္ဍတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရေး အားပေးကူညီဆောင်ရွက်ရန်၊ နည်းပညာများ ဖြန့်ဝေပေးနိုင်ရေးနှင့် သတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီက စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် တင်ပြလာသည့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း တင်ပြကြရာ အစည်းအဝေးတက်ရောက်လာကြသူများက လုပ်ငန်းတစ်ခုချင်းအလိုက် ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

လယ်ယာကဏ္ဍတွင် စီးပွားရေးတွက်ခြေကိုက်ပြီး အထွက်နှုန်းကောင်းမွန်သော ဒေသနှင့် ကိုက်ညီဖြစ်ထွန်းမှုရှိသည့် သီးနှံမျိုးကောင်းမျိုးသန့်များကို အသုံးပြု စိုက်ပျိုးခြင်းဖြင့် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေး၊ ပြည်သူလူထု၏ စားနပ်ရိက္ခာ ဖူလုံရေးတို့ကို တစ်ပြိုင်နက်တည်း ရရှိခံစားနိုင်ကြမည်ဖြစ်ရာ အရည်အသွေးကောင်းသီးနှံမျိုးကောင်းမျိုးသန့်များ ရရှိရေးအတွက် မျိုးသစ်ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို အပင်မျိုးသစ်ကာကွယ်ပေးရေး ဥပဒေ (Plant Variety Protection Law)၊ မျိုးစေ့ဥပဒေ (Seed Law)၊ အပင်ပိုးမွှားကာကွယ်သည့်ဥပဒေ (Plant Pest Quarantine Law) စသည့် ဥပဒေများနှင့်အညီ စိစစ်ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။



မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ (၁၇) ကြိမ်မြောက် အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

မျိုးစေ့ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ သီးနှံကျွမ်းကျင်ပညာရှင်များနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီတို့၏ အဆင့်ဆင့်စိစစ်ပြီးဖြစ်သည့် သဘောထားမှတ်ချက်ဖြင့် တင်ပြချက်များအရ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီက သီးနှံမျိုးစေ့ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏ (၁၆) ကြိမ်မြောက် အစည်းအဝေးအထိ သီးနှံမျိုး ၆၀ ၏ မျိုးကွဲ ၉၆၉ မျိုးနှင့် မိဘမျိုးလိုင်း ၁၃၆ လိုင်း စုစုပေါင်း ၁၁၀၅ မျိုးတို့ကို အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခဲ့ပြီးဖြစ်သည်။

ယနေ့ကျင်းပသည့် (၁၇) ကြိမ်မြောက် အစည်းအဝေးတွင် စမ်းသပ်စိုက်ပျိုးသီးနှံ ၁၀ မျိုး၏ မျိုးသစ် မျိုးကွဲ ၅၉ မျိုး၊ Documents သီးနှံ ၂၇ မျိုး၏ မျိုးသစ်မျိုးကွဲ ၈၀၊ မိဘမျိုးလိုင်း အစုံ ၅ စုံတို့ကို အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး၊ စမ်းသပ်စိုက်ပျိုးစစ်ဆေးရန် လိုအပ်သည့် သီးနှံမျိုး အုပ်စု ၁၇ ခုမှ (၄)ခုကို စမ်းသပ်စစ်ဆေးခြင်းအား ဖြေလျှော့၍ သီးနှံမျိုးအုပ်စု ၁၃ ခုသာ စမ်းသပ်စိုက်ပျိုးသွားရန်နှင့် အခြားသီးနှံအုပ်စုများအား Documents များဖြင့်သာ စိစစ်၍ မျိုးစေ့အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေး၊ မြန်မာ့ဒေသမျိုးရင်းများအား National Significant Crops များအဖြစ် သတ်မှတ်အကာအကွယ်ပေးနိုင်ရေးအတွက် လိုအပ်သည့် လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရမည့် အစီအစဉ်များ ရေးဆွဲ၍ မူဝါဒတစ်ခု သတ်မှတ်ပြဋ္ဌာန်းနိုင်ရေး ကိစ္စရပ်များအတွက် ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ကော်မတီဝင်များ၊ သီးနှံကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာဒေသ အသီးသီးတို့မှ Zoom Application အသုံးပြု၍ ပါဝင်တက်ရောက်ကြသည်။ **သတင်းစဉ်**

## ဧရာဝတီမြစ်အတွင်း တရားမဝင်ငါးဖမ်းဆီးမှုများ မရှိစေရေး ကွင်းဆင်းဆောင်ရွက်

**မြစ်ကြီးနား နိုဝင်ဘာ ၆**

ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန မြစ်ကြီးနားမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးဌာနမှူး ဒေါ်ဥမ္မာမြင့်နှင့် မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် နိုဝင်ဘာ ၆ ရက်က မြစ်ကြီးနားမြို့နယ်ရှိ ဧရာဝတီမြစ်အတွင်း ငါးသယံဇာတများ ရေရှည်ထိန်းသိမ်းကာကွယ်နိုင်ရေးနှင့် တရားမဝင်ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးမှု မရှိစေရေး ကွင်းဆင်းစစ်ဆေးရာ ၁၃ တောင်လှေတစ်စင်း၊ မြင်းကောင်ရေ ၆.၅ ရှိ ဟွန်ဒါ ရှပ်တန်းပါ စက်တစ်လုံး၊ ထိုးတံ ကော်တံလေးချောင်းနှင့် လှော်တက်နှစ်ချောင်းကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိပြီး ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိ

**နေပြည်တော် နိုဝင်ဘာ ၆**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ရန်ကုန်တက္ကသိုလ်၏ ပုံရိပ်ကို ဤသို့ ရေးခြယ်ခဲ့ကြသည်

မမိုးမြေ

**"လူတစ်ယောက်ရဲ့တန်ဖိုးဟာ သူဖြတ်သန်းကျော်လွှားနေတဲ့ခေတ်ကြီးက သူ့ပခုံးပေါ် တင်ပေးလိုက်တဲ့ သမိုင်းတာဝန်ကို သူဘယ်လောက် သယ်ပိုးထမ်းဆောင်ခဲ့တယ်ဆိုတဲ့ အချက်နဲ့ တိုင်းတာရမှာပဲ" ဟု စာရေးဆရာ ဗန်းမော်တင်အောင်က ဆိုမိန့်ခဲ့ပါသည်။**

**နှစ် ၁၀၀ ပြည့်တော့မည်**

ရန်ကုန်တက္ကသိုလ်သည် နှစ်(၁၀၀) ပြည့်ပါတော့မည်။ ရန်ကုန်တက္ကသိုလ် မမွေးဖွားမီ ကာလကတ္တား တက္ကသိုလ်၏ လက်အောက်ခံကောလိပ်သိပ္ပံကျောင်းဘဝမှ ရုန်းထွက်၍ မြန်မာနိုင်ငံသားတို့အတွက် မမေ့စရာ အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာခဲ့သည်။ မြန်မာနိုင်ငံ အနှံ့အပြားတွင် အမျိုးသားကျောင်းများ ပေါ်ထွန်းလာခဲ့သည်။ ထိုမှတစ်ဆင့် ရန်ကုန်တက္ကသိုလ် မွေးဖွားသန့်စင်လာခဲ့သည်။ နယ်ချဲ့လက်အောက်တွင် ရုန်းကန်ရှင်သန်ခဲ့ရသော ရန်ကုန်တက္ကသိုလ်၏ ရာပြည့်သက်တမ်းခရီးစဉ်သည် အဆင်းလှခဲ့သော်လည်း အနာကင်းခဲ့သည် မဟုတ်ပါ။ စိန်ပန်းပွင့်ရာ၊ ငုဝါပွင့်ရာ၊ ကံ့ကော်ပွင့်ရာ မြကျွန်းညိုသည် လှပပါပေသည်၊ ဘွဲ့နှင်းသဘင်သည် ခမ်းနားပါပေသည်၊ အဓိပတိလမ်းသည် ဣန္ဒြေရှိလှပါပေသည်။ သို့ရာတွင် တက္ကသိုလ်၏ဘဝခရီးသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးလှိုင်းဂယက်ဒဏ်ကို အမျိုးမျိုးခံစားခဲ့ရသည်။

ရန်ကုန်တက္ကသိုလ်၏ အရိပ်ကို ခိုလှုံကြကုန်သော ကျောင်းသား ကျောင်းသူတို့သည်လည်း ဒဏ်ရာဒဏ်ချက်များ ရခဲ့ကြသည်။ ပညာရင့်လေ အသိဉာဏ်ရင့်လေ ဖြစ်သည့်အလျောက် နိုင်ငံ့တာဝန်ကို ထမ်းကြ၊ ပိုးကြ၊ ရုန်းကြ၊ ကန်ကြ၊ တော်လှန်ကြနှင့် ပင်ပန်းခဲ့ကြရသည်။ ပညာတတ် တက္ကသိုလ်ကျောင်းသားလူငယ်များသည်ပင် သမိုင်းပေးတာဝန်ကို ကျေကျေပွန်ပွန် ထက်ထက်မြက်မြက် ထမ်းဆောင်ခဲ့ကြသည်။ လွတ်လပ်ရေးကို အရယူပေးခဲ့ကြသည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားများ တာဝန်ကျေသကဲ့သို့ စာရေးဆရာများသည်လည်း တာဝန်ကျေကြသည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားတို့ သမိုင်းပေး တာဝန်ထမ်းဆောင်ပုံများကို ပါးစပ်ရာဇဝင်မျှနှင့် မကျေနပ်နိုင်ကြပါ။ စာပေဖြင့် မှတ်တမ်းတင်ခဲ့ကြပါသည်။ စာပေသည် ခေတ်နှင့် မကင်းကွာပါ။ ခေတ်၏ ပုံရိပ်များကို ရေးခြယ်ပြကြရပါသည်။

**"အရှေ့က နေဝန်းထွက်သည့်ပမာ" ဝတ္ထု**

စာရေးဆရာ သိန်းဖေမြင့်သည် ရန်ကုန်တက္ကသိုလ်၏ ဆယ်ကျော်သက်အရွယ် အချိန်ကာလ၏ ပုံရိပ်များကို **"အရှေ့က နေဝန်းထွက်သည့်ပမာ"** ဝတ္ထုတွင် မှတ်တမ်းတင်ထားခဲ့ပါသည်။ **"အရှေ့က နေဝန်းထွက်သည့်ပမာ"** ဝတ္ထုကို ၁၉၅၈ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ၁၉၅၈ ခုနှစ် စာပေ ဗိမာန်စာမူဆုရရှိခဲ့သည်။ ဝတ္ထု၏ နောက်ခံကာလမှာ လွတ်လပ်ရေးတိုက်ပွဲ အရှိန်အဟုန် နိုးကြားနေသည့် ၁၉၃၆ မှ ၁၉၃၈ ခန့်အထိ ဖြစ်ပါသည်။ ဂျပန်တို့ဝင်ရောက်စိုးမိုးသည့်အချိန်သို့ တိုင်ပါသည်။ ဇာတ်လမ်းမှာ တောနယ်လေးတစ်နယ်မှ လယ်ဝန်၏ စာရေးဖြစ်သော ဖခင်သည် မျက်နှာဖြူလူမျိုး လယ်ဝန်တို့၏ လက်အောက်တွင် စာရေးဘဝနှင့် ရပ်တည်ရသည်မှာ မျက်နှာငယ်လွန်းသည့်အတွက် သားဖြစ်သူအား တက္ကသိုလ်သို့ ခက်ခက်ခဲခဲ ပို့ခဲ့သည်။ လယ်ဝန်ကဲ့သို့ အရာရှိ၊ အရာခံဖြစ်ရန် ရည်ရွယ်ချက်နှင့် တက္ကသိုလ်တက်ခဲ့သော ဇာတ်ဆောင် တင်ထွန်းသည် တက္ကသိုလ်၌ အမျိုးသားရေး လှုပ်ရှားမှုများကို ကြုံတွေ့ရရာမှ ရည်ရွယ်ချက် လုံးဝပြောင်းသွားခဲ့သည်။ လွတ်လပ်ရေးတိုက်ပွဲဝင် သခင်တင်ထွန်း ဖြစ်လာခဲ့သည်။ အမျိုးသားရေးလှုပ်ရှားမှုများတွင် ပါဝင်လာသည်။ ဇာတ်ဆောင်၏ စိတ်ထားပြောင်းပြီး ဇာတ်လမ်းလည်း ပြောင်းသွားသည်။ လွတ်လပ်ရေး တိုက်ပွဲဝင်သည့် တက္ကသိုလ်ကျောင်းသားတစ်ယောက်၏ ဇာတ်လမ်းဖြစ်သွားသည်။

ထိုသို့အားဖြင့် အဓိကဇာတ်ဆောင်၏ စရိုက်ကို ပြောင်းစေသည့် ရန်ကုန်တက္ကသိုလ် ဝန်းကျင်၏ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများကို **"ထိုနှစ်တွင် နိုင်ငံရေး ဆွေးနွေးပွဲများမှာလည်း ပို၍များလာ၏။ တက္ကသိုလ် သမဂ္ဂခန်းမကြီးထဲတွင် လူစည်ကားသော နိုင်ငံရေး** တရားပွဲများသာမက သမဂ္ဂအတွင်းရေးမှူးအခန်း၊ ဥက္ကဋ္ဌအခန်း၊ ဒရဝမ်ကြီး ဦးကံသိန်း၏အခန်း၊ တိုလီမိုလီ ကိုထွန်းတင်၏ ဆံပင်ညှပ်ဆိုင်အခန်း၊ ကျောင်းဆောင်များရှိသခင်ကျောင်းသားများအခန်း စသည်တို့တွင်လည်း နိုင်ငံရေးတရားပွဲများ ရှိတတ်လေသည်။ ထိုမျှသာမကသေး၊ ညအချိန်အခါ ကျောင်းအုပ်ကြီး၏ အခန်းနှင့် စာသင်ခန်းများအကြား မှောင်ရိပ်တွင်လည်းကောင်း၊ ဘွဲ့နှင်း သဘင်ခန်းမနှင့် အင်းလျားကန်ကြားရှိ မှောင်ရိပ်တွင်လည်းကောင်း တိတ်တိတ်စုဝေးကာ နိုင်ငံရေး ဆွေးနွေးခြင်းများလည်း ပြုကြသေး၏"ဟု ရေးသားတင်ပြခဲ့ပါသည်။

ဆယ်ကျော်သက်အရွယ် ရန်ကုန်တက္ကသိုလ်သည် သူ့အရိပ်တွင် ပညာသင်နေကြသော ကျောင်းသားတို့၏ အင်အားဖြင့် အမျိုးသားရေးအသိ အစွမ်းကုန်နိုးကြားနေသည်။ တက္ကသိုလ်ကျောင်းသားများသည် နိုင်ငံ၏ ခရီးလမ်းသစ်ကို ထွင်နေကြသည်မှာ အားတက်ဖွယ်ကောင်းပါဘိခြင်း။ ထိုသို့သော တက္ကသိုလ်၏ အမျိုးသားရေး လှုပ်ရှားမှု အငွေ့အသက်များကြောင့် တင်ထွန်း၏ စိတ်ပြောင်းလဲလာပုံကို **"ကျွန်တော်သည် တက္ကသိုလ် ပိဋကတ်တိုက်သို့ အရောက်နည်းသည်ထက် နည်းလာသည်။ တက္ကသိုလ်ပိဋကတ်တိုက်စာကြည့်ခန်းသည် ကျွန်တော့်အဖို့ အသက်ရှူကျပ်သလိုလို၊ စွတ်စိုထိုင်းမှိုင်းသလိုလို၊ မှောင်သလိုလို ထင်မိတော့သည်။ ကျွန်တော်သည် ကျောင်းသားသမဂ္ဂ စာကြည့်တိုက်သို့သာ အရောက်များသည်ထက် များလာပါတော့သည်။ တက္ကသိုလ်သမဂ္ဂ စာကြည့်ခန်းသည် ကျွန်တော့်အဖို့ အသက်ရှူချောင်သည်။ နှလုံးမွေ့လျော်ဖွယ်ရှိသည်။ အလင်းရောင်ထွန်းသည်။ ကျွန်တော်သည် ကျယ်ပြန့်၍ သားနားသော စာသင်ခန်းထက် ကျဉ်းကျပ်၍ နုံချာသော နိုင်ငံရေးဆွေးနွေးခန်းများကို ပိုလို့ မြတ်နိုးနေပေပြီ။ နည်းပြဆရာ၏ သင်တန်းတွင် စာစီစာကုံးရေးရသည်ထက် အိုးဝေမဂ္ဂဇင်း၊ ဒဂုံမဂ္ဂဇင်း၊ တက္ကသိုလ်ကဏ္ဍနှင့် သတင်းစာများတွင် ဆောင်းပါးရေးရသည်ကို ပိုလို့ နှစ်သက်စိတ်ဝင်စားနေပြီ"**ဟု တင်ပြခဲ့ပါသည်။

*စာမျက်နှာ ၇ သို့*



ဘွဲ့နှင်းသဘင်ခန်းမကို တွေ့ရစဉ်။ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

**"ပညာတတ် တက္ကသိုလ်ကျောင်းသား လူငယ်များသည်ပင် သမိုင်းပေးတာဝန်ကို ကျေကျေပွန်ပွန် ထက်ထက်မြက်မြက် ထမ်းဆောင်ခဲ့ကြသည်။ လွတ်လပ်ရေးကို အရယူပေးခဲ့ကြသည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ တာဝန်ကျေသကဲ့သို့ စာရေးဆရာများသည်လည်း တာဝန်ကျေကြသည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားတို့ သမိုင်းပေးတာဝန် ထမ်းဆောင်ပုံများကို ပါးစပ်ရာဇဝင်မျှနှင့် မကျေနပ်နိုင်ကြပါ။ စာပေဖြင့် မှတ်တမ်းတင်ခဲ့ကြပါသည်။ စာပေသည် ခေတ်နှင့် မကင်းကွာပါ။ ခေတ်၏ ပုံရိပ်များကို ရေးခြယ်ပြကြ"**



## ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်းမှာ ဒေါက်တာခင်သန်းဦး၊ ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) မြန်မာစာဌာန၊ ပုသိမ်တက္ကသိုလ် ဖြစ်သည်။ ဇာတိမှာ ဟင်္သာတဖြစ်သည်။
- ၁၉၆၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ရသည်။ ၁၉၇၁ ခုနှစ်တွင် မဟာဝိဇ္ဇာ ဘွဲ့ရသည်။ ၂၀၀၆ ခုနှစ် (အသက် ၆၂ နှစ်) တွင် ရန်ကုန်တက္ကသိုလ် ပါရဂူဘွဲ့ကို "ဝတ္ထုရှည် သဘောတရား၊ ဝတ္ထုရှည် အတတ်ပညာ"ကျမ်းဖြင့် ရရှိခဲ့သည်။
- ၁၉၆၆ မှ ၂၀၀၆ ခုနှစ်အထိ နှစ် ၄၀ တိတိ မြန်မာစာဌာနတွင် နည်းပြမှ ပါမောက္ခအထိ တာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့သည်။ အငြိမ်းစားယူပြီး ၂၀၀၆ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ်တွင် ပါရဂူအကြိုတန်းကို အချိန်ပိုင်း ပို့ချခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ဖွင့်လှစ်ထားသော "စာပေဖန်တီးမှုနှင့် တည်းဖြတ်မှု ဒီပလိုမာသင်တန်း"၌ လည်း ပို့ချနေသည်။ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၌လည်း အလုပ်အမှုဆောင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။
- ၁၉၆၃ ခုနှစ်မှစ၍ တိုင်းရင်းမေဂျာနယ်တွင် တက္ကသိုလ် မခင်သူ အမည်နှင့် ဝတ္ထုတိုများ ရေးသားခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် မမိုးမြေအမည် နှင့် လုံးချင်းဝတ္ထုရှည်များစ၍ ရေးသားခဲ့ရာ ပထမဆုံး လုံးချင်းဝတ္ထုမှာ "မလွမ်းချင်တော့ဘူးကွယ်" ဖြစ်သည်။ ဝတ္ထုရှည် အပုဒ် ၇၀ ကျော်နှင့် ဝတ္ထုတို အပုဒ် ၁၀၀ ကျော် ရေးသားခဲ့သည်။ အငြိမ်းစားယူပြီးနောက် စာပေသဘောတရား စာအုပ်များကို ရေးသားခဲ့သည်။

# ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး



ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်
၁၉၂၀ ၂၀၂၀
University of Yangon

*စာမျက်နှာ ၆ မှ*

**"အရှေ့က နေဝန်းထွက်သည့်ပမာ"** ဝတ္ထုတွင် သမိုင်းတွင် အမှန်ရှိခဲ့သော ဇာတ်ဆောင်များ ပါဝင်သကဲ့သို့ စိတ်ကူးနှင့် ဖန်တီးထားသော ဇာတ်ဆောင်များလည်း ပါရှိသည်။ သမိုင်းဇာတ်ဆောင်များအဖြစ် ထိုခေတ်နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သူများဖြစ်ပြီး လွတ်လပ်ရေးရပြီးနောက် ဖဆပလအစိုးရအဖွဲ့တွင် ပါဝင်ခဲ့သူများ ပါဝင်သည်။ စိတ်ကူးဇာတ်ဆောင်မှာ သခင်တင်ထွန်းနှင့် အမျိုးသမီး ဇာတ်ဆောင်များဖြစ်သော စီးပွားရေးသမားမမြမီ၊ နိုင်ငံရေးကို စိတ်မဝင်စားသော ဂုဏ်ထူးတန်းကျောင်းသူ မမြင့်ဦးနှင့် ငယ်ရွယ်သူဖြစ်ပါလျက် အမျိုးသားရေးစိတ်ဓာတ် ထက်သန်သော မခင်သစ်တို့ဖြစ်သည်။

ဒုတိယတက္ကသိုလ်ကျောင်းသားသပိတ်တွင် ကျဆုံးခဲ့ရသော ဗိုလ်အောင်ကျော်ကို **"ကျွန်တော်တို့ အထဲတွင် ကိုအောင်ကျော်၏ မျက်နှာမှာ အထူးခြားဆုံးဖြစ်ပေသည်။ မာတောက်တောက် ကြွပ်ဆတ်ဆတ်နိုင်လှသော မျက်နှာနှင့် ကတုံးဘိုကေကို တစ်ခါမြင်ပြီးလျှင် မမေ့နိုင်ပေ"**ဟု သမိုင်းဇာတ်ဆောင်အဖြစ် မှတ်တမ်းတင်ထားသည်။

ထိုအချိန်ကဖြစ်ပွားခဲ့သော လူမျိုးရေးအဓိကရုဏ်းတွင် သွေးဆူနေသော ကျောင်းသားတပ်ကြီးနှင့် ကျောင်းသားခေါင်းဆောင်များ ပါဝင်လှုပ်ရှားကြပုံကို **"ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကိုအောင်ဆန်းနှင့် တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ ကိုဗဟိန်းတို့လည်း ရောက်ရှိလာကြသည်။ နည်းပြဆရာ ကိုကျော်ငြိမ်းနှင့် ကိုသာလှတို့လည်း လာရောက်ကြသည်။ အခြားကျောင်းသားခေါင်းဆောင်များကိုလည်း တွေ့ရလေသည်"**ဟု ရေးသားခဲ့သည်။ ဆယ်ကျော်သက်အရွယ် ရန်ကုန်တက္ကသိုလ်သည် အမျိုးသားရေးလှုပ်ရှားမှုများနှင့် သက်ဝင်လှုပ်ရှားနေသည်။ ရန်ကုန်တက္ကသိုလ်၏ ရင်သွေးရင်နှစ်များသည် မိမိပခုံးပေါ် ကျလာသည့် သမိုင်းပေးတာဝန်ကို အဆုံးစွန် ထမ်းဆောင်ခဲ့ကြသည်။

လွတ်လပ်ရေးရပြီးနောက် ဖဆပလအဖွဲ့အာဏာရစဉ်တွင် ဝန်ကြီးတစ်ဦးဖြစ်လာခဲ့သော ဦးကျော်ငြိမ်း၏ ရန်ကုန်တက္ကသိုလ်၌ ဆရာအဖြစ်နှင့် ရှိနေဟန်ကို သိန်းဖေမြင့်က **"သူ့မှာ ပိန်လှသည့်အပြင် ပြိုလဲတော့မည့် ကိုယ်အနေမျိုးရှိလေသည်။ ဝတ်ထားသောအပေါ် အင်္ကျီမှာ သူ့ပိုင်မှ ဟုတ်ပါလေသလားဟု သံသယဖြစ်လောက်**



ရန်ကုန်တက္ကသိုလ်ရှိ သိပ္ပံဆောင်ကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**အောင် ချောင်း၍ တွဲကျနေလေသည်။ လေယာဉ်ပျံကွင်းထိုးဖိနပ်ကိုလည်း အားရှိပါးရှိ စီးနင်းမထား။ တော့ရုံတော့ထားဟန်ရှိသည်"** ဟု သရုပ်ဖော် ခြယ်မှုန်းပြထားသည်။ ထိုစဉ်က ဦးကျော်ငြိမ်းသည် ဘီအေအောင်ပြီး အင်္ဂလိပ်စာဌာနတွင် နည်းပြဆရာလုပ်နေသည်ဟု ဖော်ပြထားသည်။

စာရေးဆရာ သိန်းဖေမြင့်သည် မိမိကိုယ်ကို အရန်ဇာတ်ဆောင်၊ သမိုင်းဇာတ်ဆောင်အဖြစ် ထည့်သွင်းလှုပ်ရှားစေပြန်သည်။ ဇာတ်ဆောင်သခင်တင်ထွန်း၏ အမြင်ဖြင့် **"သူကား ဆရာ ကိုကျော်ငြိမ်းတို့ အရွယ်မှာရှိပြီး ချည်လုံချည်နှင့် ပင်နီအင်္ကျီကို ဝတ်ဆင်ထားသဖြင့် သခင်တစ်ယောက် ဖြစ်လိမ့်မည်ဟု ခန့်မှန်းရပါသည်။ သူ့မှာ အရပ်မတိုမရှည်နှင့် ပိန်ပိန်ပါးပါးဖြစ်သည်။ သို့သော် ကြီးမားသော ရှေ့သွားနှစ်ချောင်းပေါ်နေအောင် သွားဖြဲကြီးနှင့် ဖြစ်သည်။ သူ့မျက်ခုံးများသည် အဘယ်မျှ ထူပါသနည်းဆိုသော် မျက်မှန်၏ ထူသော ကျွဲကော်ကိုင်းကိုပင် လွှမ်းမိုးနိုင်ပေသည်။ သူကား တက်ဘုန်းကြီးကိုသိန်းဖေ ဖြစ်သည်ဟု သိရ၏"**ဟု ဖော်ပြခဲ့သည်။

## ရန်ကုန်တက္ကသိုလ် ပုံရိပ်များ

မြန်မာ့လွတ်လပ်ရေးအတွက် အရေးပါသည့်ကဏ္ဍများတွင် ရန်ကုန်တက္ကသိုလ်သည် ပါဝင်နေသည်။ ထိုပုံရိပ်များကို စာရေးဆရာသည် ရာပြည့်ခရီးတိုင် အရိပ်ထင်နေအောင် ဆောင်ကြဉ်းလာခဲ့ပါသည်။

ဒဂုန်တာရာသည်လည်း ရန်ကုန်တက္ကသိုလ်၏ ပျိုရွယ်နုနယ်သည်နှင့်အမျှ ပင်ပန်းလှသော ပုံရိပ်များကို ရုပ်ပုံလွှာအဖွဲ့များဖြင့် မှတ်တမ်းတင်ခဲ့ပြန်သည်။ ထိုစဉ်က တက္ကသိုလ်ကျောင်းသားများအဖြစ်နှင့် နိုင်ငံရေးကို ဆောင်ရွက်ရင်း နိုင်ငံ့ခေါင်းဆောင်များ ဖြစ်လာကြသည့် ပုံရိပ်များပါဝင်သည်။ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် သခင်ဗဟိန်း၊ သခင်ဗဆွေ၊ ကိုကျော်ငြိမ်း၊ သခင်သန်းထွန်း၊ သခင်နုတို့ ပါဝင်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းသားဘဝပုံရိပ်ကို ဒဂုန်တာရာက သူ့ရှုထောင့်မှနေ၍ **"သိသောသူများအနက် ကိုအောင်ဆန်းမှာ ထူးခြားသောဟန်ဖြင့် ပေါ်လွင်နေ၏။ ထူးခြားခြင်းကား ချစ်စဖွယ် ပြုံးပြသော သခင်ဗဟိန်းကဲ့သို့ ခင်မင်စရာလူတစ်ယောက်ကဲ့သို့ မဟုတ်။ ကိုကြီးနုလို မွန်ငေးရီဝေသော အကြည့်ဖြင့် လူတစ်ဖက်သားကို ညို့ယူသော စိတ်ညို့ အိပ်ငွေ့ချသမားဆန်ဆန်လူမျိုးလည်း မဟုတ်၊ ချစ်ခင်စွဲငြိဖွယ်ရာမျိုးကား လုံးဝမဟုတ်၊ မှုန်ကုပ်ကုပ်ကြောင်စင်းစင်းနှင့် ...။ မှုန်ကုပ်ကုပ် တစ်စုံတစ်ရာကို အာရုံစိုက်၍ တွေးတောကြံဆနေသဖြင့် အတွင်းမှ လေးနက်ထက်သန်စွာ တွေးတောခြင်းမှ အပြင်မျက်နှာ အမူအရာ၌ မျက်မှောင်ကုတ်ဟန်ဖြင့် ထင်ရှားစွာ ဖော်ပြလျက်ရှိနေသည်"**ဟု သရုပ်ဖော် ရေးဖွဲ့သည်။

သခင်အောင်ဆန်းသည် ပဲခူးဆောင်ကျောင်းသားဖြစ်သည်။ အခန်းထဲ၌လည်း စာအုပ်များ ပြန့်ကျဲနေတတ်သည်။ သူသည် ဘာကိုမျှ ဂရုမစိုက်။ ပြည်သူကို နှုတ်ဖြင့် စကားများများ မပြောအားပါ။ နယ်ချဲ့လက်အောက်တွင် နာတာရှည်လူမမာကြီး ဖြစ်နေရသော မြန်မာနိုင်ငံကို ကယ်တင်ရန် တစ်ခုတည်းသာ သူ့အာရုံမှာရှိသည်။ ပြည်သူ့ဘဝတွေကိုသာ ခံစားသည်။ ထိုသို့သော သခင်အောင်ဆန်း၏ ပုံရိပ်ကို ဒဂုန်တာရာက **"ရှေ့ကို မျက်လုံးကြီးစိုက်ကာ ဗမာပြည်ကြီး လွတ်လပ်ရေးရအောင်ဟု ဒလဟောစီးကျသော စမ်းရေအဟုန်ဖြင့် သွန်ချလျက်ရှိတတ်သည်"**ဟု လည်းကောင်း၊ **"ထိုအခါများတွင် ဘယ်သူမှ ကြားဖြတ်ဝင်ပြော၍မရ၊ နေဦး--- ကျုပ်ပြောဦးမယ် ဟူ၍ပင် လက်ဖြင့်ကာလျက် စိတ်ပါလက်ပါ ပြောလျက်ရှိနေ၏။ ကျွန်တော်တို့မှာ ပြုံး၍သာနေကြရသည်။ ဤမျှနိုင်ငံရေးစိတ်ဓာတ်ပြင်းထန်သည်"**ဟု လည်းကောင်း ဒဂုံတာရာက မှတ်တမ်းတင်ခဲ့ပါသည်။ ဒဂုန်တာရာကပင် နိုင်ငံရေးသမားပီသပုံကို **"သူ့တွင် နိုင်ငံရေးရည်ရွယ်ချက်ကလွဲ၍ အခြားကိုယ်ရေးကြီးပွားမှု၊ ကိုယ်ရေးအာသာဆန္ဒ၊ ကိလေသာရမ္မက်ဖြည့်မှုတို့နှင့် ရောထွေးကပ်ငြိ ခြင်းမရှိ၊ နိုင်ငံရေးသမားအဖြစ် ပြည့်ဝကုံလုံခြင်းရှိသည်။ စာပေနှင့် မကင်းကွာ"**ဟု မှတ်ချက်ချခဲ့ပါသည်။

ကျောင်းသားဘဝက လူမှုရေးကို အလေးမထားနိုင်သော်လည်း နှလုံးသားမှာမူ ဖြူစင်နူးညံ့လှသည်။ ဒဂုန်တာရာက အောင်ဆန်း သို့မဟုတ် အရိုင်းဆိုသည့် ရသစာတမ်းရေးခဲ့ရာတွင် သခင်အောင်ဆန်းက **"တာရာကတော့ ငါ့ကိုအရိုင်းတဲ့ကွာ၊ ငါဟာ စင်စစ်တော့ ရိုင်းသလောက် ရိုင်းပါတယ်၊ ဒါပေမယ့် မရိုင်းတဲ့အချက်ကလေးတွေလည်း ရှိပါသေးတယ်ကွာ"** ဆိုသောအပြောက သက်သေခံနေပါသည်။

သခင်အောင်ဆန်းတွင် ကံ့ကော်တော၌ ဘဝပေး၍၊ အသည်းပေး၍ ချစ်ရမည့်သူလည်း မရှိခဲ့ပါ။ ရှိမည်ဆိုလျှင် သူချစ်သောအမိမြန်မာနိုင်ငံသာဖြစ်ပါလိမ့်မည်။ သခင်အောင်ဆန်းအတွက်တော့ ရေလှိုင်းခတ်သံ၊ သစ်ရွက်ကြွေသံ၊ ကျေးငှက်မြည်သံတို့ကို ကြားမိမည် မထင်ပါ။ တက္ကသိုလ်ကျောင်းက ငွေလဝန်းကိုလည်း ကြည့်အားမည်မထင်ပါ။ သို့ရာတွင် သူသည် အမိရန်ကုန်တက္ကသိုလ်၏ ကျောင်းတော်သားတစ်ယောက် ဖြစ်ခဲ့ပါသည်။

## "ညီမလေးရယ် စိုးရိမ်မိတယ်" ဝတ္ထု

၁၉၈၅ ခုနှစ်ခန့်တွင် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ ဆရာဦးခင်မောင်တင့်သည် တက္ကသိုလ်ဘုန်းနိုင် အမည်ဖြင့် **"ညီမလေးရယ် စိုးရိမ်မိတယ်"** ဝတ္ထုကို ရေးခဲ့ပါသည်။ တက္ကသိုလ် ဆရာလေး ဦးမြင့်သူသည် တက္ကသိုလ်ကျောင်းသူ မေဘယ်လ်နှင့် ချစ်ခဲ့ကြသည်။ မေဘယ်လ်သည် ကိုမြင့်သူကို စွန့်ပစ်ပြီး နိုင်ငံခြားသို့ ထွက်သွားခဲ့သည်။ တစ်ချိန်တွင် မေဘယ်လ်၏ ညီမ မေရီနှင့် ဆရာကိုမြင့်သူတို့ တွေ့ဆုံကြပြီး ချစ်ခဲ့မိကြသည့် ဇာတ်လမ်းဖြစ်သည်။ ထိုဝတ္ထုသည် အလွန်နာမည်ကျော်ကြားခဲ့သည်။ လူငယ်များအား တက္ကသိုလ်သို့ ရောက်လိုဇောထက်သန် စေခဲ့သည်။ ဝတ္ထု၏ ဖမ်းစားမှုကြောင့် ရန်ကုန်တက္ကသိုလ်သက်တမ်း အနှစ် ၄၀ ခန့်တွင် တက္ကသိုလ်သို့ ရောက်ကြသော ကျောင်းသား ကျောင်းသူများကို လွှမ်းမိုးနိုင်ခဲ့သည်။ ဝတ္ထုနောက်ခံဖြစ်သည့် ဝိဇ္ဇာမဟာဌာနရှိ စိတ်ပညာဌာန၊ ဒဿနိကဌာနများသို့ သွား၍ ကြည့်ကြသည်။ ဆရာဦးမြင့်သူနှင့် မေရီတို့ ဆုံတွေ့ရာနေရာများအဖြစ် ကြည့်ကြခြင်းပါ။ ဆရာဦးမြင့်သူသည် မည်သူဖြစ်မည်နည်းဟု ရှာကြသည်။ မေရီကိုလည်း ရှာကြသည်။ ထိုမျှ လွှမ်းမိုးနိုင်ခဲ့သော တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထု၌ ထိုခေတ်တက္ကသိုလ်တွင် ရှိနေခဲ့ကြသော သူတို့၏ ပုံရိပ်အမျိုးမျိုးကို တွေ့ရသည်။

လွတ်လပ်ရေးရပြီး ဆယ်နှစ်ကျော်ကာလဖြစ်၍ နိုင်ငံရေး မတည်ငြိမ်မှုများသည် တက္ကသိုလ်လောက၌ ဂယက်ရိုက်လျက်ရှိသည်။ ထိုခေတ်က တက္ကသိုလ်တွင် ကိုလှဝေကဲ့သို့ နိုင်ငံရေးမှိုင်းမိကာ ချစ်သူကို စွန့်ခွာ၍ လေလွင့်ပျက်စီးနေသူများ ရှိသည်။ ငြိမ်းကဲ့သို့ မျက်မှန်ထူထူတပ်ကာ စာပေ၌ မွေ့လျော်သူများရှိသည်။ တက္ကသိုလ်တွင် နှစ်ရှည်လများ မအောင်မချင်း ပျော်ပျော်ကြီးနေသူများလည်း ရှိသည်။ ထိုသို့အားဖြင့် တက္ကသိုလ်ရှိ အလှအမျိုးမျိုး၊ ဘဝအမျိုးမျိုးကိုလည်း အနုစိတ် ခြယ်မှုန်းပြထားပါသည်။ တက္ကသိုလ်နှင့် ပတ်သက်သော အဖွဲ့အနွဲ့များသည် တိမ်းညွတ်ဖွယ်ဖြစ်၍ စာဖတ်သူတို့၏ စိတ်ကို အချိန်ရှည်ကြာစွာ လွှမ်းမိုးစေခဲ့သော အနုပညာလက်ရာများဖြစ်ပါသည်။

ရန်ကုန်တက္ကသိုလ်၏ အရိပ်ခိုခဲ့သူများသည် ကျရာနေရာမှနေ၍ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ကြပါလိမ့်မည်။ စာပေရေးဖွဲ့သူတို့ကလည်း သူ့ဘဝပေးတာဝန်အရ တက္ကသိုလ်ကို မှတ်တမ်းတင်၍ မဆုံးနိုင်တော့ပါ။

ရန်ကုန်တက္ကသိုလ် ကမ္ဘာတည်သရွေ့ အသက်ရှည်ပါစေ။ ကျန်းမာချမ်းသာပါစေ။ ။



ဗိုလ်ချုပ်အောင်ဆန်း ကျောင်းသားဘဝတွင် နေခဲ့သည့် ပဲခူးဆောင်။ ဓာတ်ပုံ - ထင်ပေါ်ဝင်း

# ကျွန်တော်နှင့် စေတနာမျှဝေခြင်း

**မောင်ဇေယျ**

**လူတို့၏ရင်ထဲ၌ အပြန်အလှန်ထိန်းကျောင်းသည့် စိတ်နေသဘောထား နှစ်ခုအကြောင်းကို ကျေးဇူးရှင် ပါမောက္ခချုပ်ဆရာတော်ကြီး၏ ဟောကြားမှုများတွင် နာယူမှတ်သားမိပါသည်။ ယင်းတို့မှာ မေတ္တာနှင့် ဥပေက္ခာတို့ပင်ဖြစ်သည်။ မေတ္တာ၏ စွမ်းအားကြောင့်ပင် ပရဟိတ အလုပ်များကို လုပ်ဆောင်နိုင်ကြပါသည်။ ပရဟိတအလုပ်နှင့်ပတ်သက်၍ သူတစ်ပါးထံမှ တစ်စုံတစ်ရာမျှော်မှန်းခြင်း၊ ကျေးဇူးတင်ခံလိုခြင်း စသောစိတ်ထားများကို ဥပေက္ခာတရားဖြင့် ဖယ်ရှားပေးသည်။ ဥပေက္ခာသည် မိမိတို့၏ မေတ္တာစွမ်းအားကို သန့်စင်မြင့်မားစေသည်။ မိမိတို့၏ မေတ္တာတရားမပျက်ပြားစေဖို့ ဥပေက္ခာတရားဖြင့် ထိန်းကျောင်းကြရပေသည်။**


မျှဝေခြင်းအစီအစဉ်မှ လှူဒါန်းပေးသော လယ်ထွန်စက်များကို တွေ့ရစဉ်။

'လူသည် သေမျိုးဖြစ်သည်' ဟူသော ဆိုစကားကို အားလုံးသိရှိပြီး ဖြစ်ပါသည်။ မိမိတို့ရှာဖွေစုဆောင်းထားသော ပစ္စည်းဥစ္စာ မှန်သမျှ မိမိသေဆုံးသောအခါ အားလုံး ထားခဲ့ကြရစမြဲ ဖြစ်သည်။ မည်သူတစ်ဦး တစ်ယောက်မျှ ယူဆောင်သွားနိုင်စွမ်း မရှိပါ။ သို့သော်လည်း မြတ်ဗုဒ္ဓ၏ အဆုံးအမ များတွင် ယူသွားလို့ရသည့် နည်းလမ်းတစ်ခု ကို ဖော်ပြမိန့်ကြားထားပါသည်။ မိမိပိုင် ပစ္စည်းကို ဒါနကုသိုလ်အဖြစ် ပြောင်းလိုက် လျှင်မူ သင်သေသွားသောအခါ သင်နှင့်အတူ ပါလာပေလိမ့်မည်ဟု ဖြစ်ပါသည်။

မိမိတို့၏ မေတ္တာတရားဖြင့် သူတစ်ပါး ကို လွှမ်းခြုံစေခြင်းဖြင့် သူတစ်ပါး၏ မေတ္တာ တရားသည်လည်း ကိုယ့်ကို ပြန်လည်လွှမ်းခြုံ စေပါသည်။ ဤသည်ပင် မိမိတို့လူသား အားလုံးအတွက် မေတ္တာကမ္ဘာမှာ ခိုလှုံနိုင် အောင် ဆောင်ရွက်ခြင်းဖြစ်သည်။ 'ဇာတက' လာ "ဒုခိတဿ သက္ကစ္စ ကရောတိ ကိစ္စံ" အဆိုအမိန့်၏ အနက်အဓိပ္ပာယ်ဖြစ်သော 'ဒုက္ခရောက်နေသူကို ကယ်တင်ရန် ကူညီသူ သည် သူတော်ကောင်းဖြစ်သည်' ဟူသော အဆိုအမိန့်နှင့်အတူ သူတော်ကောင်း တရားနှင့် ကျင့်ကြံနေထိုင်ဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ 'စေတနာမျှဝေခြင်း' အစီအစဉ်သည် မွေးဖွား လာရပါသည်။

**မျှဝေခြင်းအစ တောင်ငူတက္ကသိုလ်က**

မျှဝေခြင်း၏ အဦးအစကို တောင်ငူ တက္ကသိုလ်တွင် စတင်ခဲ့ပါသည်။ ထိုစဉ်က မိမိတောင်ငူတက္ကသိုလ်တွင် ပါမောက္ခချုပ် အဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလ ဖြစ်ပါ သည်။ တောင်ငူတက္ကသိုလ်သည် တောင်ငူမြို့ ၏ အနောက်ဘက် ငါးမိုင်ခန့်အကွာတွင် တည်ရှိပါသည်။ မိမိပါမောက္ခချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်ရန် ၂၀၀၈ ခုနှစ် တွင် ရောက်ရှိပါသည်။ ပထမဆုံး စတင် တွေ့ရှိရသည့် အခက်အခဲမှာ ရေအခက်အခဲ ဖြစ်ပါသည်။ သောက်ရေမဆိုထားနှင့် သုံးရေပင် တွင်းများမှ သံခါတ်ပါသော ရေများ ထွက်ရှိပါသည်။ မည်မျှပါသနည်းဆိုမူ သံချေးဖတ်များ အဝါရောင် အဖတ်လိုက် ဖြစ်နေအောင် ပါပါသည်။ ရေကောင်းရေသန့် ပေါများသော ရန်ကုန်မှ ပြောင်းရွှေ့လာသော မိမိတစ်ဦးတည်းတွင်သာ အခက်အခဲရှိ သည်မဟုတ် အခြားပြောင်းရွှေ့လာသည့် တက္ကသိုလ်တွင် အတူနေ ဆရာ ဆရာမနှင့် ဝန်ထမ်းများအဖို့ပါ အခက်အခဲတစ်ရပ် ဖြစ်ခဲ့ ပါသည်။ သောက်မရရုံသာမက သုံးဖို့ပင် အခက်အခဲ ဖြစ်ကြရပါသည်။ ရေကို ညသိပ် ထားမှ သုံးဖြစ်ရုံသာ ရှိပါသည်။ ယင်းပြဿနာ ကို မိမိရောက်ပြီး မကြာမတင်ကာလတွင်ပင် အတွေ့အကြုံရှိသူများနှင့် တိုင်ပင်ပြီး ရေစစ် ကန်များ၏ ရေစစ်သောစနစ်ကို ပြန်လည် ကောင်းမွန်စေရန် ဖန်တီးပြီး သံချေးဖတ်များ ကင်းစင်သောရေအဖြစ် ပြောင်းလဲသုံးစွဲနိုင်ခဲ့ ပါသည်။ သို့ဖြစ်၍ သုံးရေ အဆင်ပြေခဲ့သည်။ သို့သော် သုံးရေရလင့်ကစား သောက်သုံးရန် မှာမူ သင့်တော်သောအဆင့်သို့ မရောက်ရှိ ခဲ့ပါ။ သံခါတ်နှင့် အခြားသတ္တုခါတ်များ အလွန်များပြားစွာ ပါသည့်အတွက်ကြောင့် ဖြစ်ပါသည်။ သောက်သုံးရေ၊ ထမင်းဟင်း ချက်ပြုတ်ရန်တို့ကို တောင်ငူမြို့မှ လာသော သောက်ရေသန့်ကို အသုံးပြုခဲ့ကြရပါသည်။ ဤသည်ကား ရေနှင့်ပတ်သက်၍ အဦးအစ အခက်အခဲပင် ဖြစ်ပါသည်။ သောက်ရေသန့် အတွက် တောင်ငူမြို့မှ လာရောက်ပို့ဆောင် သည့် ရေသန့်ကားကို မျှော်ခဲ့ကြရပါသည်။

တက္ကသိုလ်ကျောင်းတွေ ပြန်ဖွင့်ပါပြီ။ ထိုအချိန်က တောင်ငူတက္ကသိုလ်၌ စာသင်ဆောင်များသာရှိပြီး ညအိပ်နိုင်သည့် ကျောင်းဆောင်များ မရှိသည့်အတွက် ကျောင်းသူ ကျောင်းသား အများစုမှာ တောင်ငူမြို့ထဲတွင် နေကြရပါသည်။ ကျောင်းဖွင့်ခြင်းနှင့်အတူ တောင်ငူ တက္ကသိုလ်၏ကျောင်းသားများ၊ မြို့နှင့် အနီး အနားရွာများတွင် နေထိုင်သော ဝန်ထမ်း များဖြင့် ပြန်လည်စည်ကားလာပါသည်။ ဝန်ထမ်းအင်အား ၄၀၀ ကျော်၊ ကျောင်းသူ ကျောင်းသား ၄၀၀၀ ကျော်နှင့်အတူ တက္ကသိုလ်သည် ပြန်လည်နိုးထလာခဲ့ပါ သည်။ ဤတွင်လည်း သောက်သုံးရေသည် ဤမျှများပြားသော လူများအတွက် အနည်း နှင့်အများ အခက်အခဲများကို ထပ်မံ ကြုံတွေ့ ရဆဲဖြစ်ပါသည်။ သောက်သုံးရေကား မလာ သော၊ အရောက်နောက်ကျသော ရက်များ တွင် ကျောင်းသူ ကျောင်းသားများနှင့် ဆရာ ဆရာမများအားလုံး မျှဝေသုံးစွဲခဲ့ကြ ရပါသည်။

တစ်နေ့ ကထိကဆရာတစ်ဦး (ယခု ပါမောက္ခချုပ်၊ မအူပင်တက္ကသိုလ်)ရောက် လာသည်။ သူနှင့်အတူ သတင်းတစ်ခုကို သယ်ဆောင်လာသည်။ အဝေးသင်ဌာန တည်ရှိရာ အဆောင်၏ နောက်ဘက်တွင် ရေလျှံတွင်းတစ်ခုရှိကြောင်းနှင့် ယင်းရေလျှံ တွင်းမှ ရေကို စစ်ဆေးပြီး သောက်သုံးရေ အတွက် အသုံးပြုရန်ဖြစ်ကြောင်း တင်ပြလာ ပါသည်။ ထိုသည့်အတွက် ယင်းရေကို ဆိုင်ရာဓာတ်ခွဲခန်းများသို့ ပေးပို့စစ်ဆေးခဲ့ ပါသည်။ စစ်ဆေးချက်ရလဒ်အရ ရေသန့်စက် တစ်ခု တပ်ဆင်အသုံးပြုနိုင်လျှင် တစ်ကျောင်းလုံး သောက်သုံးရေ ရရှိနိုင်ပါ မည်။ ထိုသည့်အတွက် ရေသန့်စက်တစ်ခု တပ်ဆင်အသုံးပြုရန် လိုအပ်ပြီး ကုန်ကျငွေ မှာ ၁၅ သိန်းခန့်ဖြစ်သည်။ ဝန်ထမ်းတစ်ဦး ချင်းအဖို့ ယင်းငွေကြေးပမာဏသည် သုံးစွဲ နိုင်သောအခြေအနေတွင် မရှိသော်ငြား ဝန်ထမ်းအားလုံး၏ စုပေါင်းထည့်ဝင်လျှင်မူ ဖြစ်နိုင်ပါသည်။ ဤသို့ဖြင့် ဌာနအားလုံးကို အသိပေးဖြစ်ပါသည်။ ခဏတာအတွင်းမှာပင် စုပေါင်းထည့်ဝင်မှုဖြင့် လိုအပ်သော ငွေကြေး ရရှိခဲ့ပါသည်။ ဤသို့ဖြင့် သောက်ရေသန့် စက်ကြီးတစ်ခု ဖြစ်တည်ခဲ့ပြီး တက္ကသိုလ် အတွက် သောက်သုံးရေကို ချိန်ခါမရွေး သုံးစွဲနိုင်ခဲ့ကြပါသည်။ ယင်းမျှဝေခြင်း အစီအစဉ်သို့ ဝန်ထမ်းတိုင်း ပါဝင်ခဲ့ကြပါ သည်။ မှတ်မှတ်ထင်ထင် ညစောင့်ဝန်ထမ်း တစ်ဦးက ကျွန်တော် ကနေ့လက်ဖက်ရည်ဖိုး ၂၀၀ ဆရာကြီးတို့ မျှဝေခြင်းအစီအစဉ်တွင် ပါဝင်ခဲ့ကြောင်း ပြောစကားကို ယနေ့တိုင် အမှတ်ရမိသည်။ ငွေကြေးပမာဏ များသည်၊ နည်းသည်မဟူ လူတိုင်းပါဝင်ဆောင်ရွက် ခဲ့သည့် စေတနာမျှဝေခြင်းကြောင့် တက္ကသိုလ်တစ်ခုလုံး လိုအပ်သည့် အချိန် တိုင်း သောက်သုံးရေကို ရယူသုံးစွဲနိုင်ခဲ့ကြ ပါသည်။ ဤသည့်အတွက်ပင် စေတနာမျှဝေ ခြင်းအစ တောင်ငူတက္ကသိုလ်ကဟု ဆိုခြင်း ဖြစ်ပါသည်။

ကျွန်တော့်ဘဝ၏ ဒုတိယစေတနာ မျှဝေခြင်းကို တောင်ငူတက္ကသိုလ်မှာပင် ဆောင်ရွက်ဖြစ်ခဲ့ပြန်ပါသည်။ မိမိတက္ကသိုလ် အတွင်း ဌာနစုံပါဝင်သည့် သုတေသနတစ်ခု ဆောင်ရွက်ခဲ့ပါသည်။ System of Rice Intensification(SRI) စနစ်ဖြင့် စပါးစိုက်ပျိုး နည်းအပေါ် သုတေသနပြုချက်ဖြစ်ပါသည်။ မိမိအပါအဝင် ဌာနစုံမှ သုတေသန ၁၁ ခုကို လုပ်ဆောင်ဖြစ်ပါသည်။ သုတေသနရလဒ် ထွက်ပေါ်အပြီး ဒေသခံတောင်သူလယ်သမား များထံ ဖြန့်ဝေပေးရေးအစီအစဉ်အတွက် တက္ကသိုလ်မှာပင် ဟောပြောပွဲများ သုံးကြိမ် တိုင် ကျင်းပပေးခဲ့သည့်နည်းတူ ပဲခူးတိုင်း အရှေ့ခြမ်းကို မိမိတို့အစီအစဉ်ဖြင့် ပညာရပ် ဆိုင်ရာ ဟောပြောပွဲများ ကျင်းပပေးခဲ့သည်။ ပဲခူးတိုင်းအနောက်ခြမ်းကိုမူ ယခင်အစိုးရ လက်ထက် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းတင်၏ အစီအစဉ်ဖြင့် ဆောင် ရွက်ခဲ့ရပါသည်။ မိမိဘဝအတွက် ဥက္ကဋ္ဌ၏ သုတေသနအပေါ် စိတ်ဝင်စားမှုနှင့် စိတ်ရင်း ဖြင့် ကူညီဆောင်ရွက်ပေးခဲ့မှုများကို မိမိ တစ်သက် မေ့နိုင်မည်မဟုတ်ပါ။ တက္ကသိုလ် တွင် ကျင်းပသည့် သုတေသနရလဒ်များကို ဖြန့်ဝေသည့် ဟောပြောပွဲများတွင် သုတေသနအတွက် တောင်သူသို့ ပေးအပ် မည့် လက်ကမ်းစာစောင်များ၊ ယင်းစိုက်ပျိုး နည်းအတွက် မိမိတို့သုတေသနမှ ထွက်ပေါ် လာသည့် သင့်လျော်သည့် စပါးမျိုးနှင့် ယင်း စိုက်ပျိုးနည်းဆောင်ရွက်ရာတွင် မရှိမဖြစ် လိုအပ်သည့် ပေါင်းတွန်းကိရိယာများနှင့် တက်ရောက်သူ တောင်သူလယ်သမားများ အတွက် ကျွေးမွေးစရိတ် ကုန်ကျငွေများ အတွက် ဒုတိယအကြိမ် စေတနာမျှဝေခြင်းကို ကျပ်သိန်း ၅၀ခန့် ရရှိဆောင်ရွက်ခဲ့ပါသည်။ မြို့မိ၊ မြို့ဖများနှင့် တက္ကသိုလ်အတွင်း ဆောက်လုပ်ရေးလုပ်ငန်း လာရောက် လုပ်ကိုင်သူတို့ကပါ လှူဒါန်းပါဝင်ခဲ့ကြ ပါသည်။

တတိယအကြိမ် စေတနာမျှဝေခြင်းကို မိမိလက်ရှိ တာဝန်ထမ်းဆောင်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနတွင် ဆောင်ရွက်ခဲ့ပါသည်။ တစ်ခုသောနေ့ရက် ပြည်သူ့လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းမှု တစ်ခုကို ဖြေကြားအပြီး၊ ယခုနှစ်အတွင်း ဘဏ္ဍာငွေရရှိမှု မရှိသည့်အတွက် ဆောင်ရွက် ပေးနိုင်မှုမရှိကြောင်း ဖြေကြားအပြီး ဝန်ကြီး ဌာနအတွင်း ဆောင်ရွက်သည့် မျှဝေခြင်း အစီအစဉ်ကို မိတ်ဆက်မိသည်။ ယင်း စေတနာမျှဝေခြင်း အစီအစဉ်ဖြင့် ဆောင်ရွက် နိုင်ပါကြောင်းနှင့် လူတစ်ဦးချင်းစီ၏ လက်ဖက်ရည်ဖိုးမျှ ပါဝင်ခြင်း၊ လူအများ စုပေါင်းပါဝင်ခြင်းဖြင့် ဆောင်ရွက်သော အစီအစဉ်ကို တင်ပြခဲ့မိပါသည်။ လွှတ်တော် အမေးအဖြေတွင် အချိန်ကန့်သတ်ချက် ရှိပါသည်။ မေးခွန်းဖြေအပြီး ပြောရ သဖြင့် လိုရင်းကိုချုပ်၍ ပြောရသည်။ ယင်းနေ့သည် မိမိအတွက် အမှတ်ရစရာ နေ့တစ်နေ့ဖြစ်ခဲ့ပါသည်။


ရေစကြိုမြို့နယ် အညာတောကျေးရွာ၌ စက်ရေတွင်း တူးဖော်အောင်မြင်မှုအတွက် ပျော်ရွှင်နေသည့် ကျေးရွာဒေသခံများ တွေ့ရစဉ်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ညနေတွင် ပြည်ထောင်စုဝန်ကြီး (လယ်/ဆည်)က လွှတ်တော်တွင် လက်ဖက်ရည်တစ်ခွက် လှူဒါန်းသောက်ပါဟု ပြောကြောင်း သတင်းများ တက်လာပါသည်။ အဆိုးထဲက အကောင်း ဖြစ်ပါသည်။ နောက်ရက် အမျိုးသားလွှတ်တော်သို့ တက်ရောက်ပြီး လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်း မဖြေကြားမီ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံ ခွင့်ပန်၍ ဝန်ကြီးဌာန၏ မျှဝေခြင်းကို တင်ပြခွင့်ရခဲ့ပါသည်။ နောင်တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကိုယ်တိုင်ပင် မျှဝေခြင်း အစီအစဉ်၏ ရေအလှူရှင်တစ်ဦး ဖြစ်ခဲ့ပါသည်။

**စေတနာမျှဝေခြင်း**

ဌာနတွင်း စတင်ဆောင်ရွက်ခဲ့သည့် စေတနာမျှဝေခြင်းအစီအစဉ်ပါ ဖော်ပြချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**"မျှဝေခြင်း"**

**လုပ်ဖော်ကိုင်ဖက် ညီအစ်ကိုမောင်နှမ ရောင်းရင်းများသို့ "မျှဝေခြင်း" အစီအစဉ်လေး၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြအပ်ပါတယ်။**

**"မျှဝေခြင်း" အစီအစဉ်၏ အဓိက ရည်ရွယ်ချက်မှာ မိမိ၏ ပိုလျှံသော/ အပိုသုံးငွေများကို အမှန်တကယ် လိုအပ်ချက်ရှိနေသော သူများအတွက် မိမိတတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။ လူတစ်ဦး၏ အနည်းငယ်သော ငွေကြေးပါဝင်မှုနှင့် လူအများ၏ ပါဝင်မှု (mass participation) တို့ကို ပေါင်းစပ်၍ ဆောင်ရွက်သည့်နည်းပင် ဖြစ်ပါတယ်။**

**"မျှဝေခြင်း" အစီအစဉ်၏ ထည့်ဝင်လှူဒါန်းငွေဖြင့် ကျန်းမာရေး၊ ပညာရေး လိုအပ်ချက်၊ လူမှုရေး လိုအပ်ချက်များဖြစ်သည့် ရေတွင်း၊ ရေကန်တူးဖော်ခြင်း စသည့် သောက်သုံးရေဆိုင်ရာ ကိစ္စရပ်များ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးဆိုင်ရာကိစ္စရပ်များကို တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်မှာဖြစ်ပြီး ကမ္ဘာတွင် ရက်ရောမှု အရှိဆုံးအနေဖြင့် ရပ်တည်လျက်ရှိသော စိတ်သဘောကောင်းမြတ်ခြင်း (generosity) ဆိုသည့် မြန်မာ့ဂုဏ်ကို မြှင့်တင်ပြီး အမှန်တကယ် လိုအပ်သော နေရာများအတွက် ကူညီဆောင်ရွက်ပေးသွားဖို့ ဖြစ်ပါတယ်။**

**"မျှဝေခြင်း" အစီအစဉ်သို့ ထည့်ဝင်လှူဒါန်းမှုသည် မည်သည့်တွန်းအားပေးမှုမျှပါဝင်ခြင်းမရှိဘဲ မိမိတစ်ဦးချင်းစီ၏ စေတနာ သဒ္ဓါတရား ထက်သန်မှုအရသာ ဆုံးဖြတ်ထည့်ဝင်ကူညီပေးသည့် အစီအစဉ်တစ်ရပ် ဖြစ်ပါတယ်။ တစ်နှစ်တာကာလအတွင်း တစ်ကြိမ်ခန့် မျှဝေခြင်းဖြင့်ပင် လိုအပ်ချက်ရှိသူများအတွက် အမှန်တကယ် အကျိုးများစေမှာဖြစ်တဲ့အတွက် မိမိဆန္ဒနှင့်အညီ ပါဝင်ဆောင်ရွက်ဖို့ အသိပေးအပ်ပါတယ်။**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

ဟု ဖြစ်ပါသည်။

မျှဝေခြင်းအစီအစဉ်အတွက် ပါဝင်လှူဒါန်းငွေများကို ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးလိုအပ်မှုများအတွက် ဆောင်ရွက်ရာတွင် အောက်ပါအချက်များပေါ်တွင် အခြေခံ၍ ပံ့ပိုးကူညီဆောင်ရွက်ပေးရန် ချမှတ်ခဲ့ပါသည်။ ယင်းအချက်များမှာ-

(က) အမှန်တကယ် လိုအပ်ချက်ရှိသော နေရာဖြစ်ခြင်း၊
(ခ) နိုင်ငံတော်ဘတ်ဂျက် ခွင့်ပြုငွေအရ လက်ရှိအခြေအနေတွင် ပါဝင်ခြင်းမရှိသော ကိစ္စရပ်ဖြစ်ပြီး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန် လိုအပ်ခြင်း၊
(ဂ) တစ်ဦး တစ်ယောက်အတွက် မဟုတ်ဘဲ အများအကျိုးကို ဖြစ်ထွန်းစေခြင်း၊
(ဃ) သဘာဝ ဘေးအန္တရာယ်ကျရောက်ပြီး ပြန်လည်ထူထောင်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသော နေရာဖြစ်ခြင်း၊
(င) ဘဝနေထိုင်ရေးအတွက် အမှန်တကယ်လိုအပ်သည့် ကိစ္စရပ်ဖြစ်ခြင်း၊
(စ) ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံချက်များ အကောင်အထည်ဖော်ရေးအတွက် အထောက်အပံ့ဖြစ်စေခြင်းတို့ ဖြစ်ပါသည်။

**စေတနာရေစီး၊ ကမ်းပြိုတဲ့ မျှဝေခြင်း**

ဤသို့ဖြင့် စေတနာမျှဝေခြင်းသည် တောင်ငူတက္ကသိုလ်တွင် ဝန်ထမ်း ၄၀၀ ကျော်ဖြင့် စတင်ခဲ့သည့်အဆင့်မှ ဝန်ကြီးဌာနဝန်ထမ်း ခြောက်သောင်းခန့်ဖြင့် ဆောင်ရွက်သည့်အဆင့်သို့ တက်လှမ်းခဲ့ပါသည်။ အလှူရှင်များ ဂုဏ်ပြုသည့်နေ့တွင် မိမိဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများ အပါအဝင် စေတနာရှင် အလှူရှင်များက လှူဒါန်းရန် စာရင်းပေးသွင်းခဲ့မှုများမှာ အားရဖွယ်ပင် ဖြစ်သည်။ ယင်းအတွက် စာရင်းချုပ်လှူဒါန်းငွေပေါင်းမှာ ကျပ် ၁၃၇၅၇ ဒသမ ၀၅ သိန်း ဖြစ်ပါသည်။ ယင်းလှူဒါန်းငွေကို အသုံးပြု



မြိုင်မြို့နယ် ဥယျာဉ်စုကျေးရွာ၌ စက်ရေတွင်းတူးဖော်ပေးထားမှုမှ ရရှိသောရေကို ကျေးရွာသူများ ရေရယူသုံးစွဲမှုကို တွေ့ရစဉ်။

ပြီး လုပ်ငန်းပေါင်း ၁၀၆ ခုကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ လုပ်ငန်းဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး ပါဝင်စေရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

ဘဏ္ဍာရေးဆိုင်ရာကိစ္စ အရှုပ်အရှင်း ကင်းစေရန် မိမိဝန်ကြီးဌာနမှ လှူဒါန်းငွေမှ တစ်ပါး သက်ဆိုင်ရာပုဂ္ဂိုလ်တို့၏ လှူဒါန်းမှုများကို အလှူရှင်မှ အလှူခံသည့် ကျေးလက်ပြည်သူများရှေ့မှောက်တွင် တိုက်ရိုက်ပေးချေသည့်စနစ်ကို အသုံးပြုစေခဲ့သည်။ ယင်းမတိုင်မီ ကြိုတင်အသုံးစရိတ်ကိုမူ ဌာနတွင်း ကောက်ခံရရှိငွေမှ စိုက်ထုတ်သုံးစွဲခဲ့ပါသည်။

**ယနေ့အထိ ဆောင်ရွက်ပြီး လုပ်ငန်းအမျိုးအစားများ**

၂၀၁၆ ခုနှစ်က စတင်ခဲ့သော စေတနာမျှဝေခြင်း၏ လုပ်ငန်းအစုစုတို့မှာ သောက်သုံးရေစက်ရေတွင်း တူးဖော်ခြင်း၊ သောက်သုံးရေကန် ပြုပြင်ခြင်းနှင့် အသစ်တူးဖော်ခြင်း၊ သောက်ရေသန့်စက် လှူဒါန်းခြင်း၊ ရေစုကန်တည်ဆောက်ခြင်း၊ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် အုတ်ရေကန်တည်ဆောက်ခြင်း၊ သောက်သုံးရေကန်များအား နွေရာသီ ရေခန်းသက်သာစေရန် ဇာစိမ်းစဖုံးအုပ်ပေးခြင်း (ရသေ့တောင်မြို့နယ်)၊ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသော လယ်မြေများအား ပြန်လည်ပြုပြင်ခြင်းနှင့် ရေပေးမြောင်း၊ ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ဘောလုံးကွင်း တိုးချဲ့ပြုပြင်ခြင်း (ခိုင်ကမ်းမြို့)၊ သွပ်ဆူးကြိုးဖြင့် ခြံစည်းရိုးကာရံခြင်း၊ လယ်ယာမြေအသစ် ဖော်ထုတ်ခြင်းနှင့် လယ်ထွန်စက်လှူဒါန်းခြင်း (နာဂဒေသ)၊ ကျေးရွာချင်းဆက်လမ်းနှင့် အဝင်လမ်းများပြုပြင်ခြင်း၊ လယ်သမားတာပြန်လည်ပြုပြင်ခြင်း၊ ဘုန်းကြီးကျောင်း အုတ်တံတိုင်းကာရံခြင်း၊ မူလတန်းကျောင်းဆောင်သစ်နှင့် တက္ကသိုလ်ပန်းခြံများ တည်ဆောက်ပြုပြင်ခြင်း (ရန်ကုန်တက္ကသိုလ် ကံ့ကော်တောနှင့် ကံ့ကော်ဥယျာဉ်အပါအဝင်) တို့ ဖြစ်ပါသည်။

**အလှူဒါနပြုကြသူများ**

စေတနာမျှဝေခြင်း အစီအစဉ်တွင် ပါဝင်လှူဒါန်းသူများမှာ သာသနာ့ဝန်ထမ်း ဆရာတော်ကြီးများ၊ နိုင်ငံတော်အကြီးအကဲများ၊ လုပ်ငန်းရှင်ကြီးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ယင်းတို့၏ မိသားစုများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဆရာ ဆရာမများ (လက်ရှိနှင့် အငြိမ်းစားယူပြီးသူများ)၊ အရပ်ဘက်မှ တစ်ဦးချင်း အလှူရှင်များ စသည်တို့ဖြင့် အရောင်အသွေးစုံ ပါဝင်ခဲ့ပါသည်။ မိမိ၏သူငယ်ချင်း မိတ်ရင်းများဖြစ်သည့် အခြေခံသိပ္ပံပညာချွန်ဆုရ ကျောင်းသားဟောင်းများ အနေဖြင့်လည်း နှစ်စဉ်ပင်ပါဝင်လှူဒါန်းခဲ့ပါသည်။ လုပ်အားဒါနနှင့် နည်းပညာအလှူရှင်များမှာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဝန်ထမ်းများ အဓိကဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများလည်း လိုအပ်လျှင် လိုအပ်သလို အားဖြည့်ပါဝင်ခဲ့ပါသည်။ မိမိအနေဖြင့်မူ အလှူရှင်များစာရင်းတွင် မိမိ၏ နိုင်ငံသူနိုင်ငံသားအားလုံး ပါဝင်ခဲ့သည်ဟုပင် ဆိုချင်ပါသည်။ အကြောင်းမှာ မိမိတို့လှူဒါန်းမှုအစုစုအတွက် ဆောင်ရွက်ရာတွင် အသုံးပြုသော လုပ်ငန်းသုံးပစ္စည်းများသည် ဝန်ကြီးဌာနပိုင် စက်ယန္တရားများ ဖြစ်ပါသည်။ နိုင်ငံတော်ပိုင်ပစ္စည်း ဖြစ်ပါသည်။ တို့ပြည်သူအားလုံးပိုင်ဆိုင်သည့်ပစ္စည်း ဖြစ်ပါသည်။ မိမိတို့၏ ပင်မတာဝန်ကို ထမ်းဆောင်ရင်း နိုင်ငံတော်၏ ခွင့်ပြုငွေဘောင်အတွင်းမှ အကန့်အသတ်နှင့်သာ သုံးစွဲရသဖြင့် ကျန်လိုအပ်ချက်အစုစုကို စေတနာမျှဝေခြင်း အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ရာတွင် မြင်ရမမြင်ရသော သက်ဆိုင်မှုများမှာ နိုင်ငံသူနိုင်ငံသားအားလုံး ဖြစ်နေပါသည်။ အားလုံး သာဓုအနုမောဒနာ ခေါ်ယူကြစေလိုပါသည်။

ထူးခြားမှုတစ်ခုမှာ ဒေသခံများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုမှုဖြင့် မျှဝေခြင်းအစီအစဉ်ကို ဆောင်ရွက်စဉ်ကာလအတွင်းတွင် လှူဒါန်းမည့် စေတနာအလှူရှင်အသစ်တစ်ဦး မကြာခဏ ထွက်ပေါ်နေခြင်းဖြစ်သည်။ ကမ္ဘာတွင် ရက်ရောမှုအရှိဆုံးနိုင်ငံအဖြစ် ရပ်တည်နိုင်သည့် သက်သေတစ်ခုအဖြစ် ဖော်ပြသည့် မိမိတို့နိုင်ငံသူ၊ နိုင်ငံသားတို့၏ ဂုဏ်ပြုအပ်သော စိတ်နေသဘောထား ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်က တစ်ကြိမ်မျှလှူဒါန်းခဲ့မှု အစုစုသည် လက်ရှိ အစိုးရသက်တမ်း ကုန်ဆုံးသည့်တိုင် သုံးမကုန်ဖြစ်ရပါသည်။ သို့ဖြစ်၍ မိမိအနေဖြင့် မိမိတို့နိုင်ငံသူ နိုင်ငံသားများ၏ စေတနာကို အောက်ပါကဗျာဖြင့် ဂုဏ်ပြုပြီး ကမ္ဘာ့အရက်ရောဆုံးနိုင်ငံတွင် လူဖြစ်လာရမှုကို မိမိအနေဖြင့် အစဉ်ဂုဏ်ယူနေမိကြောင်း လေးစားစွာတင်ပြအပ်ပါသည်။

"မျှဝေခြင်း" အစီအစဉ်၏ ထည့်ဝင်လှူဒါန်းငွေဖြင့် ကျန်းမာရေး၊ ပညာရေး လိုအပ်ချက်၊ လူမှုရေး လိုအပ်ချက်များဖြစ်သည့် ရေတွင်း၊ ရေကန် တူးဖော်ခြင်း စသည့် သောက်သုံးရေဆိုင်ရာ ကိစ္စရပ်များ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ဆိုင်ရာ ကိစ္စရပ်များကို တစ်တပ်တစ်အား ပါဝင် ကူညီဆောင်ရွက်မှာဖြစ်



ရသေ့တောင်မြို့နယ် အောင်ဗလကျေးရွာရှိ သောက်သုံးရေကန်နှစ်ကန် နွေရာသီတွင် ရေခန်းမှုသက်သာစေရန် ဇာစိမ်းပိတ်ဖြင့် ဖုံးအုပ်ထားမှုကို တွေ့ရစဉ်။

## စေတနာမျှဝေခြင်း

သဲစေ့သဲပွင့်၊ စုသဖြင့်လျှင်
လှတင့်ကမ္ဘာ၊ ဖြစ်၍လာဟု
စဉ်သာရှေးထုံး၊ မှတ်ယူသုံး။
မုံးစုပဲစု၊ တို့တွေစုပြီး
လူမှုဖြာဖြာ၊ တို့ပြည်သာဖို့
ပြည်ရွာအကျိုး၊ ရည်သယ်ပိုးလို့
တစ်မျိုးစိတ်ထား၊ သဒ္ဓါပွား။
နည်းများမဟူ၊ တို့တွေကူပြီး
စိတ်တူကိုယ်မျှ၊ တူတကွနှင့်
ဒါနကောင်းမှု၊ စဉ်ပေါင်းစုကာ
ရေကန်သာနှင့်၊ မကွာထပ်လောင်း
ကျောင်းတန်ဆောင်းနှင့်၊
ဆင့်ပေါင်းစုံလင်
တွင်း၊ ရေစင်နှင့်၊ ဘဝင်ကြည်နူး
စိတ်ရွှင်မြူးပြီး၊ ကြည်နူးလက်ခံ
သူတို့ဟန်ကို၊ မြင်ပြန်ကြုံရ
သည်ခဏဝယ်၊ ရင်ကလှိုက်လှဲ
ဖြစ်တုံခဲမို့၊ အမြဲပြုနိုင်
တောင်းဆုတိုင်သည်၊ စွဲခိုင်စိတ်ရင်း
ရင်တွင်းဖြစ်လာ၊ စေတနာ။ ။

# Druk International Film Festival (DIFF) ရုပ်ရှင်ပွဲတော်တွင် နို့ဘီလူး ရုပ်ရှင်ဇာတ်ကား ထူးချွန်ဆု လေးဆု ဆွတ်ခူးရရှိ




ဆုရရှိခဲ့သော နို့ဘီလူး ဇာတ်ကားပိုစတာ

**ရန်ကုန် နိုဝင်ဘာ ၆**

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် ဘူတန်နိုင်ငံ၌ ကျင်းပသော Druk International Film Festival (DIFF) ရုပ်ရှင်ပွဲတော်တွင် အောင်သီရိရုပ်ရှင် ထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာရုပ်ရှင်ဇာတ်ကား တစ်ကား ဖြစ်သည့် "နို့ဘီလူး" ရုပ်ရှင်ဇာတ်ကားသည် ထူးချွန်ဆု လေးဆု ဆွတ်ခူးရရှိကြောင်း သိရသည်။

အဆိုပါပွဲတော်မှ ချီးမြှင့်သည့် $16^{th}$ Season (2020) Competition တွင် အမေရိကန်၊ ဂျာမနီ၊ စပိန်၊ ပြင်သစ်၊ အင်္ဂလန်၊ ဂျပန်၊ အိန္ဒိယ စသည့်နိုင်ငံအသီးသီးမှ ဇာတ်ကား များစွာနှင့်အတူ မြန်မာနိုင်ငံမှ နို့ဘီလူး ရုပ်ရှင်ဇာတ်ကား ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆုအမျိုးအစားပေါင်း များစွာအနက်မှ ထူးချွန်ဆု လေးခုဖြစ်သော Best Director Outstanding Achievement Award Winner (ဒါရိုက်တာဆု) ကို ဒါရိုက်တာ လူမင်းက လည်းကောင်း၊ Best Actor Outstanding Achievement Award Winner (အမျိုးသားဇာတ်ဆောင်ဆု) ကို သရုပ်ဆောင် လူမင်းက လည်းကောင်း၊ Best Supporting Actress Outstanding Achievement Award Winner (အမျိုးသမီး ဇာတ်ပို့ဆု) ကို သရုပ်ဆောင် ရွှေမှုံရတီက လည်းကောင်း ဆွတ်ခူးရရှိသည့်အပြင် Best Narrative Feature Film Outstanding Achievement Award Winner (ဇာတ်ကားဆု) ကိုပါ ဆွတ်ခူးရရှိခဲ့သည်။

အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သူ ဦးကျော်ကျော်ဦးက "ဒီပြိုင်ပွဲကို Druk International Film Festival (DIFF) ရုပ်ရှင်ပွဲတော်ရဲ့ ဝက်ဘ်ဆိုက်ကနေတစ်ဆင့် သိပြီးတော့ ဒီဇာတ်ကားကို ဝင်ရောက်ယှဉ်ပြိုင် ဖြစ်ခဲ့တာပါ။ အခုလိုထူးချွန်ဆုရရှိခဲ့တာ မြန်မာ့ရုပ်ရှင်အတွက် အလွန် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ဒါ့အပြင် ၂၀၂၁ ခုနှစ်မှာ ဘူတန်နိုင်ငံမှာ ဆက်လက်ကျင်းပမယ့် Golden Dragon Awards ရုပ်ရှင်ထူးချွန်ဆုပေးပွဲမှာလည်း ဆန်ခါတင် Nominees အဖြစ် ဆက်လက်ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ပါ တယ်။ နိုင်ငံစုံ၊ လူမျိုးပေါင်းစုံတို့ရှေ့မှာ မြန်မာ့ရုပ်ရှင် ဇာတ်ကားကောင်း တစ်ကားအဖြစ် ချပြတင်ဆက်ခွင့် ရခဲ့တဲ့အပြင် ထူးချွန်ဆုတွေပါ ရရှိခဲ့တဲ့အတွက် လွန်စွာ ကျေနပ်ပီတိဖြစ်မိပါတယ်။ မြန်မာရုပ်ရှင်ကို နိုင်ငံကြီးတွေနဲ့ အတူ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိတဲ့အတွက် ဝမ်းမြောက် ဂုဏ်ယူမိပါတယ်" ဟု ပြောသည်။

"အခု ကိုဗစ်-၁၉ ဖြစ်ပွားနေတော့ ရုပ်ရှင်ရိုက်ကူးရေး ရပ်နားထားရချိန် မှာ ကျွန်တော်ရိုက်ကူးခဲ့တဲ့ ဒီ နို့ဘီလူး ရုပ်ရှင်ဇာတ်ကားက နိုင်ငံတကာဆုတွေ ရရှိတဲ့အတွက် အတိုင်းမသိဝမ်းသာရပါတယ်" ဟု နို့ဘီလူး ရုပ်ရှင်ဇာတ်ကား ဒါရိုက်တာ/သရုပ်ဆောင် အကယ်ဒမီ လူမင်းက ပြောသည်။

ဒါရိုက်တာ အကယ်ဒမီလူမင်း ရိုက်ကူးထုတ်လုပ်သော "နို့ဘီလူး" ရုပ်ရှင်ဇာတ်ကားသည် ၂၀၁၉ ခုနှစ် တွင် ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်ပြီး လူကြိုက်များခဲ့သော ဇာတ်ကားတစ်ကားလည်း ဖြစ်သည်။

မြန်မာနိုင်ငံမှ ရုပ်ရှင်ဇာတ်ကားများ၊ ဇာတ်လမ်းတိုများ၊ မှတ်တမ်းတင် ရုပ်ရှင်ကားများသည် နိုင်ငံတကာတွင် ကျင်းပနေသော ရုပ်ရှင်ပွဲတော်များစွာ၌ ပါဝင်ယှဉ်ပြိုင် လျက်ရှိရာ ထူးချွန်ဆုများရရှိခဲ့ပြီး နိုင်ငံတကာ၏ အသိအမှတ် ပြုခြင်းခံရကာ မြန်မာ့ရုပ်ရှင်ဇာတ်ကားများ နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက်နိုင်မည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ပွဲတော်သည် သဘာဝပတ်ဝန်းကျင်၏ ပျော်ရွှင်ငြိမ်းချမ်းမှုကို ဖန်တီးဖော်ဆောင်စေရန် ရည်ရွယ် ကျင်းပခြင်းဖြစ်ပြီး အမြင်အာရုံဆန်းသစ်စေသော ဇာတ်လမ်း များအား လွတ်လပ်စွာရိုက်ကူးခြင်းဖြင့် အနုပညာ ပတ်ဝန်းကျင်တွင် ခိုင်မာသော ရုပ်ရှင်အသိုက်အဝန်းတစ်ခု တည်ဆောက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပရခြင်း ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(FDC)**

# ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချမှု အကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် UN Agency များ၏ ကဏ္ဍအလိုက် ညှိနှိုင်းမှုသေချာစေရေးအတွက် နည်းပညာဆိုင်ရာညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းလမ်းညွှန်မှုကြမ်း ရေးဆွဲနိုင်ရေးအတွက် ညှိနှိုင်းစည်းဝေး


**နေပြည်တော် နိုဝင်ဘာ ၆**

ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာရသူများ(IDPs) ပြန်လည်နေရာချမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် UN Agency များ၏ ကဏ္ဍအလိုက် ညှိနှိုင်းမှု သေချာစေရေးအတွက် နည်းပညာ ဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းလမ်းညွှန် (ToR) မူကြမ်း ရေးဆွဲနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေပိုင်းက ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ကချင်ပြည်နယ်အတွင်းရှိ နေရပ် စွန့်ခွာရသူများ ပြန်လည်နေရာချမှု အကောင်အထည် ဖော်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ပြန်လည် ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင် ထွန်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ် ဦးစီးမှူး၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးရုံးမှ ရုံးအဖွဲ့မှူး (ယာယီ) Mr. Peter Barwick နှင့် UNHCR ၊ UNOCHA တို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး လုပ်ငန်းလမ်းညွှန် မူကြမ်းရေးဆွဲရာတွင် ပါဝင်ရမည့်အချက်များ ထည့်သွင်း ရေးဆွဲရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချမှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဦးဆောင်၍ ကချင်ဒေသရှိ နေရပ်စွန့်ခွာသူများအား ကူညီစောင့်ရှောက် ရေးကော်မတီ(KHCC)အဖွဲ့နှင့် အစည်းအဝေး သုံးကြိမ် ပြုလုပ်ခဲ့ပြီး မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာ၊ ဝိုင်းမော်မြို့နယ် တဘတ်ယန်ကျေးရွာနှင့် နန်ဆန်ယန် ကျေးရွာတို့တွင် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# ရွှေဘိုသို့ ရဲမှုထမ်းဟောင်း ၇၃ ဦးအား ရိက္ခာ လေးမျိုး ထောက်ပံ့



**ရွှေဘို နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့အတွင်းရှိ ရဲမှုထမ်းဟောင်းများအနက် ချို့တဲ့ ရဲမှုထမ်းဟောင်း ၇၃ ဦးအား ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာ လေးမျိုး စတုတ္ထအကြိမ် ထောက်ပံ့ပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရွှေဘိုမြို့ နယ်မြေခံတပ်ရင်းရှိ ရန်ကြီးအောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တပ်နယ်မှူး ဗိုလ်မှူးကြီး သက်ထွန်းက ရဲမှုထမ်းဟောင်းများကို အားပေးစကားပြောကြားပြီး ချို့တဲ့ရဲမှုထမ်းဟောင်း ၇၃ ဦးအား စုစုပေါင်း ဆန် ၂၉၂ ပြည်၊ ဆီ ၂၂ ပိဿာ၊ ပဲ ၃၇ ပိဿာ၊ ဆား ၁၉ ပိဿာတို့ကို ထောက်ပံ့ ပေးအပ်သည်။

ရိက္ခာလေးမျိုးထောက်ပံ့ပေးအပ်ပွဲကို တပ်နယ်မှူး ဗိုလ်မှူးကြီး သက်ထွန်း၊ ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်မောင်၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေအောင်နှင့် ရဲဝန်ထမ်းဟောင်းအသင်းဥက္ကဋ္ဌ) ဦးအောင်ကျော်ဦး (အငြိမ်းစားရဲမှူးကြီး)၊ ခရိုင်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲမှုထမ်းဟောင်း ၇၃ ဦးအနက် ၂၈ ဦးတက်ရောက်ပြီး ၄၅ ဦး မတက်ရောက်နိုင်၍ အဆိုပါ ၄၅ ဦးထံသို့ ခရိုင်ရဲတပ်ဖွဲ့အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများက ကိုယ်တိုင်သွားရောက် ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်မောင်က ပြောသည်။

**မိုးသောက်(ရွှေဘို)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃၅ စီး၊ သွင်းကုန် ၂၀၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၉၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၂၂၅ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သည့် အိတ်မျိုးစုံ (အသုံးပြုပြီး) (1 x15 kg) (10 Pkgs) ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

ပန်းဆိုးတန်း-ဒလ ခရီးသည်သွားလာမှုနှင့် ခရီးစဉ်ပြေးဆွဲမှု အခြေအနေနှင့် ပတ်သက်ပြီး ဒလသင်္ဘောဆိပ်ကမ်း လက်မှတ်ရုံ မန်နေဂျာ ဒေါ်ဇင်မျိုးဟန်က " ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေတဲ့ကာလမှာ မိမိနေအိမ်မှာနေထိုင်ကြဖို့ ညွှန်ကြား ထားတဲ့အချိန်က ခရီးသည်သွားလာမှုနည်းပါးခဲ့တယ်။ သီတင်းကျွတ်ရုံးပိတ် ရက်တွေ ကုန်ဆုံးသွားပြီဖြစ်တဲ့အတွက်ကြောင့် အစိုးရဝန်ထမ်းတွေ၊ ပုဂ္ဂလိက ဝန်ထမ်းတွေနဲ့ အထွေထွေလုပ်သားတွေ ပြန်လည်ပြီးတော့ အလုပ်တာဝန်တွေ ထမ်းဆောင်ကြတဲ့အတွက် ခရီးသည်သွားလာမှုက ပြန်ပြီးများလာတာပါ။ သင်္ဘော ခရီးစဉ်အနေနဲ့ ကိုဗစ်ကာလမှာ ခရီးသည်သွားလာမှုနည်းတဲ့အတွက်ကြောင့် ခရီးစဉ် ၁၆ ခေါက်နဲ့ ပြေးဆွဲပေးပါတယ်။ သီတင်းကျွတ်မတိုင်မီအချိန်မှာ ခရီး သည် သွားလာမှုများလာတဲ့အတွက်ကြောင့် ၁၈ ခေါက်နဲ့ တိုးပြီး ပြေးဆွဲခဲ့တယ်။ နိုဝင်ဘာ ၅ ရက်ကစပြီး ခရီးသည်တွေ အဆင်ပြေစေဖို့အတွက် သင်္ဘောခရီးစဉ် ကို အသွား ၂၂ ခေါက်၊ အပြန် ၂၂ ခေါက်နှုန်းနဲ့ ပြေးဆွဲခဲ့ပါတယ်" ဟု ပြောသည်။

သီတင်းကျွတ်ပိတ်ရက်မတိုင်မီ အောက်တိုဘာ ၂၆ ရက်မှစတင်ပြီး ယနေ့ အချိန်ထိ အထွေထွေလုပ်သားပြည်သူများ၊ အစိုးရဝန်ထမ်းများနှင့် ပုဂ္ဂလိက ဝန်ထမ်း တဖြည်းဖြည်း သွားလာမှုများလာခြင်းကြောင့် လက်ရှိအချိန်၌ သင်္ဘော ခရီးစဉ်များကို ခေါက်ရေတိုးချဲ့ပြေးဆွဲခြင်းဖြစ်ပြီး ခရီးသည်သွားလာမှု အခြေအနေ ပေါ်မူတည်၍ အဆင်ပြေစေရေးအတွက် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်္ဘောဆိပ်ကမ်း၌ ခရီးသည်သွားလာမှုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ခရီးသည်သွားလာမှုမှာ အသွား ၇၀၀၊ အပြန် ၇၀၀ ဝန်းကျင်သာရှိပြီး အောက်တိုဘာ ၂၆ ရက်မှစ၍ သီတင်းကျွတ်ရုံးပိတ်ရက်များ ကုန်ဆုံးပြီးနောက် ခရီးသည်သွားလာမှုများပြား လာခဲ့ရာ ဒလဘက်ကမ်းမှ နေ့စဉ် ခရီးသည် ၃၀၀၀ ခန့်နှင့် ရန်ကုန် (ပန်းဆိုးတန်း) ဆိပ်ကမ်းမှ နေ့စဉ် ခရီးသည် ၃၀၀၀ ခန့်၊ အသွားအပြန် ခရီးသည် စုစုပေါင်း ၆၀၀၀ ကျော်ခန့် သွားလာကြကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီကာလများက အဆိုပါ ဆိပ်ကမ်း၌ ချယ်ရီ ရေယာဉ် သင်္ဘောသုံးစင်းဖြင့် အသွား ၄၆ ခေါက်၊ အပြန် ၄၆ ခေါက်နှုန်းဖြင့် နေ့စဉ် ခရီးသည် ၃၀၀၀၀ နီးပါးခန့်ကို ကူးတို့ပို့ဆောင်ပေးလျက်ရှိသော ဆိပ်ကမ်း တစ်ခုပင်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကျော်(ဒလ)**

# နိုင်ငံအတွက်အရေးကြီးတဲ့ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ဖို့ မဲပေးခွင့်ရှိသူအားလုံး မဲလာရောက်ပေးကြပါလို့ ပြောချင်ပါတယ်

ဦးကျော်မိုးကြည်

**ရန်ကုန် နိုဝင်ဘာ ၆**

နိုဝင်ဘာ ၈ ရက်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးတွင် မဲရုံပေါင်း ၅၈၀၉ ရုံ ပြင်ဆင်ဆောင်ရွက်ထားပြီး မဲရုံများတွင် မဲရုံမှူး၊ ဒုမဲရုံမှူးအပါအဝင် အဖွဲ့ဝင် တစ်သောင်းကျော် တာဝန်ထမ်းဆောင်ကြမည် ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၆၁ သိန်းကျော်ရှိပြီး ကိုယ်စားလှယ်လောင်းများအနေဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ၂၄၈ ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ၅၇ ဦး၊ တိုင်းဒေသကြီးမဲဆန္ဒနယ်(၁)လွှတ်တော် ကိုယ်စားလှယ်လောင်း ၂၅၂ ဦး၊ တိုင်းဒေသကြီး မဲဆန္ဒနယ် (၂) လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၃၃ ဦး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာ လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ဦး၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးဦးနှင့် တစ်သီးပုဂ္ဂလက လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားမှုများကို ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်မိုးကြည်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။

**မေး ။ ။ ရွေးကောက်ပွဲနေ့မှာ မဲဆန္ဒရှင်ပြည်သူတွေ ကိုဗစ်-၁၉ ရောဂါကူးစက်မှု မရှိစေဖို့အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေကို သိပါရစေ။**

**ဖြေ ။ ။** အခုဆိုရင် ရွေးကောက်ပွဲကျင်းပဖို့ နှစ်ရက်ပဲ လိုပါတော့တယ်။ ရွေးကောက်ပွဲနေ့မှာ မဲလာပေးကြမယ့် မဲဆန္ဒရှင်တွေ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မရှိစေဖို့အတွက် မဲရုံမှာတာဝန်ထမ်းဆောင်မယ့် မဲရုံမှူး၊ ဒုမဲရုံမှူးနဲ့ အဖွဲ့ဝင်တွေကို သင်တန်းပေးစဉ်ကတည်းက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနဲ့ပတ်သက်ပြီး ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကို လက်တွေ့ရော၊ စာတွေ့ရော ကိုဗစ်-၁၉ ကာကွယ်နည်းတွေကို ပို့ချခဲ့တာဖြစ်ပါတယ်။

မြေပြင်မှာ မဲလာပေးတဲ့နေ့မှာလည်း မဲဆန္ဒရှင်တွေကို မဲရုံထဲဝင်တာနဲ့ ကိုယ်အပူချိန်တိုင်းပါမယ်၊ လက်သန့်ဆေးရည်တွေနဲ့ လက်ကို သန့်စင်စေပါမယ်၊ Mask 95 တွေ အခမဲ့ပေးပြီး တပ်ဆင်စေပါမယ်၊ မဲရုံထဲရောက်တာနဲ့ သက်သေခံလက်မှတ်တွေကို တိုက်ဆိုင်စစ်ဆေးပြီးတော့ မဲလက်မှတ်တွေ ထုတ်ပေးမှာဖြစ်ပါတယ်။ မဲဆန္ဒပြုပြီး ပြန်ထွက်လာရင် လက်သန်း မင်တို့ခါနီးရင်လည်း လက်ကို ရေမလိုလက်သန့်ဆေးရည်နဲ့ သန့်စင်ပြီး လက်သန်းမင်တို့ပြီးမှ မဲရုံက ထွက်ခွာရမှာဖြစ်ပါတယ်။ မဲရုံအတွင်းမှာရော၊ မဲရုံပြင်ပမှာရော တစ်ဦးနဲ့တစ်ဦး ခြောက်ပေအကွာနဲ့ တန်းစီပြီးတော့ဆောင်ရွက်ဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။ ဒါတွေကတော့ ရွေးကောက်ပွဲနေ့မှာ ကိုဗစ်-၁၉ ရောဂါ မကူးစက်အောင် ပြင်ဆင်ထားတာဖြစ်ပါတယ်။

**မေး ။ ။ မဲသွားပေးကြမယ့် မဲဆန္ဒရှင်တွေအနေနဲ့ နေအိမ်ကနေ မထွက်ခွာခင် ဘာတွေပြင်ဆင်ဆောင်ရွက်သွားသင့်သလဲဆိုတာ ပြောပြပေးစေလိုပါတယ်။**

**ဖြေ ။ ။** မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ မဲရုံကို မဲသွားပေးကြတော့မယ်ဆိုရင် မှတ်ပုံတင် သက်သေခံကတ်ပြားကို မဖြစ်မနေ ယူဆောင်သွားရမယ်။ ကိုယ်မဲသွားပေးရမယ့် မဲရုံကို သိဖို့လိုတယ်။ မဲရုံဘယ်နေရာမှာ ရှိတယ်ဆိုတာလည်း သိဖို့လိုပါတယ်။ ကိုယ့်ရဲ့ မဲစာရင်း အမှတ်စဉ်မသိရင် ဟိုရောက်ရင် ရှာရမယ်။ မဲစာရင်းအမှတ်စဉ်သိပြီးလို့ မဲရုံထဲရောက်သွားရင် မဲစာရင်းစစ်ဆေးသူကို သက်သေခံကတ်ပြားလည်း ပြလိုက်မယ်၊ မဲစာရင်းအမှတ်ကိုလည်း ပြောလိုက်ရင် မဲလက်မှတ် မြန်မြန်ဆန်ဆန်ရရှိမှာဖြစ်ပါတယ်။ ဆန္ဒပြုတဲ့အခါမှာလည်း မဲလက်မှတ်တွေကို သေသေချာချာစိစစ်ပါ။ မဲလက်မှတ်မှာ အစွန်းအထင်းရှိသလား၊ မဲလက်မှတ်စုတ်ပြဲနေသလား ဆိုတာစိစစ်ပြီး မဲလက်မှတ်မှာ တစ်ခုခု ဖြစ်နေရင် အချိန်မီ ပြန်လဲခိုင်းလို့ရပါတယ်။ အဲဒီနေရာမှာ သတိထားရမှာက ကိုယ်က အမှန်ခြစ်ပြီး တံဆိပ်တုံးထုပြီးရင် ပြန်လဲခွင့် မရှိတော့ဘူး။ ဥပမာ ကိုယ်က A ပါတီပေးချင်တယ်။ မှားပြီး B ပါတီထုပြီးရင် ဆန္ဒပြုပြီးတာဖြစ်တဲ့အတွက် ပြန်လဲခွင့်မရှိပါဘူး။ ငါတို့ဘယ်ဟာလုပ်လိုက်ရင်၊ ပယ်မဲဖြစ်မယ်ဆိုတာ ရှောင်လိုက်ရင် ခိုင်လုံမဲဖြစ်သွားပြီ။ ခိုင်လုံမဲ၊ ပယ်မဲနှစ်ခုလုံး မှတ်စရာမလိုဘူး။ ပယ်မဲ ဘယ်လိုဖြစ်တယ်ဆိုတာ မှတ်သားရှောင်ကြဉ်ရင် အဆင်ပြေမှာဖြစ်ပါတယ်။ ကိုယ်ဆန္ဒပြုထားတဲ့ မဲလက်မှတ်တွေကိုလည်း ပုံးထဲကို သေသေချာချာ စိစစ်ပြီးထည့်ပေးပါ၊ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ မဲပေးတဲ့လုပ်ငန်းစဉ်တွေ မြန်မြန်ဆန်ဆန်လေး လုပ်ပေးကြပါလို့ ပြောချင်ပါတယ်။ ဒါမှ တခြားသူတွေလည်း အချိန်မီမဲပေးနိုင်မှာ ဖြစ်ပါတယ်။

**မေး ။ ။ မဲရုံတွေ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်း သိချင်ပါတယ်။**

**ဖြေ ။ ။** မဲရုံတွေကို အကျယ်အဝန်းနေရာရတဲ့ စာသင်ကျောင်းတွေမှာ ပြင်ဆင်ဆောင်ရွက်ထားပါတယ်။ ကိုဗစ်-၁၉ ရောဂါကြောင့် စာသင်ကျောင်းတွေကို Quarantine Centre အဖြစ် အသုံးပြုခဲ့တာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ မြေပြင်မှာ ဆင်းစစ်ပြီးတော့ မဲပေးရမယ့်ရက်ကလည်း နီးလာတော့ Quarantine Centre အဖြစ် အသုံးပြုခဲ့တဲ့ စာသင်ကျောင်းတွေက မဲရုံအဖြစ် အသုံးပြုလို့ မရတော့ဘူး။ မရတော့တဲ့အတွက် ယာယီမဲရုံတွေ တည်ဆောက်ခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်မှာ ယာယီမဲရုံ ၂၃၀ ကျော် တည်ဆောက်ခဲ့ပါတယ်။ ယာယီမဲရုံတွေကိုလည်း လေဝင်လေထွက်ကောင်းတဲ့နေရာတွေမှာ တည်ဆောက်ထားတာ ဖြစ်ပါတယ်။

**မေး ။ ။ မဲရုံတွေမှာ မဲရုံစောင့်ကြည့်ရေးအဖွဲ့တွေကို ဘယ်နှဖွဲ့လောက် ခွင့်ပြုထားသလဲဆိုတာ သိချင်ပါတယ်။**

**ဖြေ ။ ။** ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုထားတာလည်း ရှိတယ်၊ တိုင်းဒေသကြီး၊ ခရိုင်တွေမှာ လျှောက်ထားတာလည်း ရှိပါတယ်။ စောင့်ကြည့်အဖွဲ့တွေကို သတ်မှတ်ထားတဲ့ လည်ဆွဲတွေပါရင် ခွင့်ပြုသွားမှာဖြစ်ပါတယ်။ တချို့ဆိုလည်း မြို့နယ်တစ်မြို့နယ်ထဲ စောင့်ကြည့်ဖို့ လျှောက်ထားတာရှိတယ်။ စောင့်ကြည့်အဖွဲ့တွေမှာ လိုက်နာရမယ့် စည်းကမ်းတွေရှိတယ်။ စောင့်ကြည့်အဖွဲ့တွေအနေနဲ့ မဲရုံမှူးက စီစဉ်သတ်မှတ်တဲ့နေရာကနေ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**မေး ။ ။ မဲဆန္ဒရှင် ပြည်သူတွေအနေနဲ့ ဘယ်အချိန်ကနေစပြီး မဲပေးလို့ရပါသလဲခင်ဗျာ။**

**ဖြေ ။ ။** မဲပေးတာနဲ့ပတ်သက်လို့ နံနက် ၆ နာရီထိုးပြီဆိုတာနဲ့ မဲရုံးမှူးက မဲပေးလို့ရပြီဆိုတာ ကြေညာမယ်။ မဲရုံမှူးကြေညာပြီဆိုတာနဲ့ ကျန်တဲ့ ဒုမဲရုံမှူးနဲ့ အဖွဲ့ဝင်တွေကလည်း မြန်မာစံတော်ချိန်နဲ့ နာရီကို အချိန်ကိုက်ဖြစ်အောင် လုပ်ထားရမှာ ဖြစ်ပါတယ်။ ညနေ ၄ နာရီထိုးလို့ မဲရုံပိတ်ရင် အချိန်မတူမှာစိုးလို့ အချိန်ကိုက်ဖြစ်အောင် လုပ်ထားရမှာ ဖြစ်ပါတယ်။ မဲဆန္ဒရှင်တွေအနေနဲ့ ညနေ ၄ နာရီ ထိုးသွားရင်လည်း သတ်မှတ်ထားတဲ့ မဲရုံပရဝဏ်ထဲမှာရှိနေရင် မဲပေးလို့ရပါတယ်။ သတိထားရမှာက မဲရုံထဲမှာ လူတွေအများကြီး ကိုယ့်အလှည့်မရောက်တော့ဘူးဆိုပြီး မထင်လိုက်ပါနဲ့။ မဲရုံပရဝဏ်ထဲ ဝင်ရောက်ထားရင် မဲပေးလို့ရပါတယ်။

**မေး ။ ။ အောက်တိုဘာ ၂၉ ရက်ကနေ နိုဝင်ဘာ ၅ ရက်အထိ အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ် ကြီးရင့်သူတွေကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ကြိုတင်ဆန္ဒမဲ ကောက်ယူထားရှိမှုကိုလည်း သိချင်ပါတယ်။**

**ဖြေ ။ ။** ရန်ကုန်တိုင်းဒေသကြီးမှာ အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူဦးရေ ရှစ်သိန်းခန့်ရှိပါတယ်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေဖို့အတွက် ကြိုတင်ဆန္ဒမဲ အိမ်တိုင်ရာရောက် ကောက်ယူတာ ဆန္ဒမဲပေးသူဦးရေ ခုနစ်သိန်းကျော် ရှိပါတယ်။

**မေး ။ ။ ဖြည့်စွက်ပြောကြားစရာ ရှိရင် ပြောကြားပေးပါ။**

**ဖြေ ။ ။** ဒီအချိန်မှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှာကြောက်ပြီး မဲလာမပေးရဲတဲ့သူတွေလည်း ရှိပါတယ်။ သို့သော်ငြားလည်း နိုင်ငံအတွက်အရေးကြီးတဲ့ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ဖို့ မဲပေးခွင့်ရှိသူအားလုံး မဲလာရောက်ပေးကြပါလို့ ပြောချင်ပါတယ်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မရှိအောင်လည်း အစွမ်းကုန်ကြိုးစားဆောင်ရွက်ထားပါတယ်။

ယခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-ရဲထွဋ်**



ဦးကျော်မိုးကြည်

## ပခုက္ကူတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ရုံးဝင်းအတွင်း ပေါက်ကွဲမှုဖြစ်ပွား

**ပခုက္ကူ နိုဝင်ဘာ ၆**

ပခုက္ကူမြို့ ဥဿာမြို့သစ် အမှတ်(င)ရပ်ကွက် အုန်းတောလမ်းရှိ ပခုက္ကူတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ရုံး အောက်ထပ်ရှိ မျက်နှာစာဘေး နံရံအနီး၌ ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ခန့်က ပေါက်ကွဲမှုဖြစ်ပွားရာ အဆိုပါရုံးအောက်ဘက်ရှိ ပြတင်းပေါက်မှန်တစ်ချပ် ပျက်စီးသွားပြီး ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း သိရသည်။

ယခုလက်ရှိတွင် ပခုက္ကူတိုင်းဒေသကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် နယ်မြေခံတပ်ဖွဲ့ဝင်များ၊ ပခုက္ကူတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း **(ယာပုံ)** ပခုက္ကူခရိုင်ကော်မရှင် အတွင်းရေးမှူး ဦးမင်းသက်နောင်ထံမှ သိရသည်။ **ဟိန်းထက်(ပခုက္ကူ)**



## စမ်းချောင်းမြို့နယ်တွင် ဆရာဝန်ကိုသတ်သည့်အမှုမှ ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စမ်း/မြောက်ရပ်ကွက် မင်္ဂလာလမ်းနေ ဒေါက်တာစောခိုင်သည် နိုဝင်ဘာ ၃ ရက် နံနက် ၇ နာရီ ၂၅ မိနစ်ခန့်တွင် ဆေးခန်းသွားရန် နေအိမ်ရှေ့ လမ်းမပေါ်၌ ရပ်ထားသော ၎င်းပိုင်ယာဉ်ကို တံခါးဖွင့်စဉ် အမျိုးသားတစ်ဦးက ဓားဖြင့်ထိုး၍ ထွက်ပြေးသွားသဖြင့် ဒေါက်တာ စောခိုင်၏ လည်ပင်း၊ ရင်ဘတ်၊ နောက်ကျော၊ ဝဲဘက်လက်မောင်းတို့တွင် ထိုးသွင်းဓားဒဏ်ရာများဖြင့် နေရာတွင် လဲကျသေဆုံးသွားသောကြောင့် ဒေါက်တာစောခိုင်၏ ဇနီး ဒေါ်----က တရားလိုပြုလုပ်တိုင်တန်းချက်အရ စမ်းချောင်းမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။

အဆိုပါအမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက ပြစ်မှုကျူးလွန်သူ အမြန်စုံစမ်းဖော်ထုတ်သွားရန် ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် စမ်းချောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရပ်ပတ်ဝန်းကျင်နှင့် မျက်မြင်သက်သေများအား စစ်မေးခြင်းနှင့် ပြစ်မှုကျူးလွန်သူ၏ ပုံပန်းသဏ္ဌာန်ကို ရေးဆွဲဖော်ထုတ်ရှာဖွေခြင်း၊ စီစီတီဗွီမှတ်တမ်းများ ကြည့်ရှုစစ်ဆေးရာ ပြစ်မှုကျူးလွန်သူ တိုးဝေဝင်း (ခ) နေသူရိန် (ခ) မြသိန်းကို ၎င်းပုန်းအောင်းနေသည့် မရမ်းကုန်းမြို့နယ် မုဒိတာအိမ်ရာ၌ နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီခွဲခန့်တွင် ဖမ်းဆီးရမိခဲ့ပြီး အခင်းဖြစ်ပွားစဉ် ယူဆောင်လာသော လက်ဆွဲအိတ်၊ သက်သေခံဓား၊ အဝတ်အစားတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူ တိုးဝေဝင်း (ခ) နေသူရိန် (ခ) မြသိန်းအား ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

❒ *ကျော့ဖုံးမှ*

မန်ယူအသင်းခေါင်းဆောင် ဟယ်ရီမက်ဂွိုင်းယားသည် ပြီးခဲ့သည့်လက ဒိန်းမတ်အသင်းနှင့်ပွဲစဉ်တွင် ထုတ်ပယ်ခံခဲ့ရသောကြောင့် နိုဝင်ဘာ ၁၅ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဘယ်လ်ဂျီယံအသင်းနှင့် အဝေးကွင်းပွဲစဉ်ကို ပါဝင်ကစားခွင့်ရရှိမည်မဟုတ်ကြောင်း သိရသည်။ အင်္ဂလန်အသင်း၏ ၂၉ ယောက်ကစားသမားစာရင်းတွင် ဖိုဒင်၏ ကလပ်အသင်းဖော် ရာဟင်စတားလင်း ပါဝင်လာခဲ့ပြီး လက်စတာတောင်ပံကစားသမား ဘားနက်စ်ပါဝင်လာခဲ့ခြင်း မရှိချေ။ အသက် ၂၀ အရွယ်ရှိ ဖိုဒင်သည် မန်စီးတီးအသင်းအတွက် ပြိုင်ပွဲစုံ ၈၃ ပွဲပါဝင်ကစားထားပြီး ၁၈ ဂိုးအထိ သွင်းယူပေးထားနိုင်သူဖြစ်သည်။ ၎င်းသည် ယခုနှစ်ရာသီ မန်စီးတီးအသင်းတွင် လက်ရှိအချိန်အထိ ပြိုင်ပွဲအရပ်ရပ် ကိုးပွဲကစားထားပြီး သုံးဂိုး သွင်းယူပေးထားနိုင်သူဖြစ်သည်။

ယခုလအတွင်း ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များအတွက် အင်္ဂလန်အသင်း ရွေးချယ်ထားသော ကစားသမားစာရင်းတွင် **ဂိုးသမား** - ပစ်ဖို့ဒ် (အဲဗာတန်)၊ နစ်ပုတ် (ဘန်လေ)၊ ဟန်ဒါဆန် (မန်ယူ)၊ **ခံစစ်** - အလက်ဇန်ဒြား အားနိုး (လီဗာပူး)၊ ဘင်ချီဝဲလ် (ချယ်ဆီး)၊ ကုတ်ဒီ (ဝုဖ်)၊ ဒီယာ (စပါး)၊ ဂိုမက်ဇ် (လီဗာပူး)၊ ရေစီဂျိမ်းစ် (ချယ်ဆီး)၊ မိုက်ကယ်ကိန်း (အဲဗာတန်)၊ မက်ဂွိုင်းယား (မန်ယူ)၊ အိန်စလေ မိတ်လန်းနီးလ်စ် (အာဆင်နယ်)၊ မင့်စ် (ဗီလာ)၊ ဆာကာ (အာဆင်နယ်)၊ ထရစ်ပီယာ (အေတီမက်)၊ ဝေါကာ (မန်စီးတီး)၊ **ကွင်းလယ်**- ဖီးလ်ဖိုဒင် (မန်စီးတီး)၊ ဂျော်ဒန် ဟန်ဒါဆန် (လီဗာပူး)၊ ဂရီရှယ်လစ် (ဗီလာ)၊ မေဆွန်မောင့် (ချယ်ဆီး)၊ ဒက္ကလန်ရိုက်စ် (ဝက်စ်ဟမ်း)၊ ဝက်ပရောက်စ် (ဆောက်သမ်တန်)၊ ဝင့်စ် (စပါး) နှင့် **တိုက်စစ်** - အေဗရာဟမ် (ချယ်ဆီး)၊ ကားဗက် လီဝင် (အဲဗာတန်)၊ ကိန်း (စပါး)၊ ရက်ဖို့ဒ် (မန်ယူ)၊ ဆန်ချို (ဒေါ့မွန်) နှင့် စတားလင်း (မန်စီးတီး) တို့ ပါဝင်သည်။

အင်္ဂလန်အသင်းသည် နိုဝင်ဘာ ၁၃ ရက်တွင် ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် အိုင်ယာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ၁၆ ရက်တွင် နေးရှင်းလိဂ်ပြိုင်ပွဲအဖြစ် ဘယ်လ်ဂျီယံ၊ ၁၉ ရက်တွင် အိုက်စလန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အင်္ဂလန်အသင်းသည် နေးရှင်းလိဂ်ပြိုင်ပွဲ၌ လိဂ် (A) ၏ အုပ်စု (၂) တွင် ဘယ်လ်ဂျီယံ၊ ဒိန်းမတ်၊ အိုက်စလန်အသင်းတို့နှင့်အတူ ကျရောက်နေပြီး နေးရှင်းလိဂ် လေးပွဲကစားပြီးချိန်တွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲ ရှုံး ရမှတ် ခုနစ်မှတ်ဖြင့် အဆင့် (၃) နေရာတွင် ရပ်တည်နေသည့် အသင်းဖြစ်သည်။ **အောင်ဇော်**

# အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ၉ ဒသမ ၅ သန်းရှိသွားပြီဖြစ်

**ဝါရှင်တန် နိုဝင်ဘာ ၆**

အမေရိကန်ပြည်ထောင်စု တစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသည့် အတည်ပြုလူနာအရေအတွက်မှာ နိုဝင်ဘာ ၅ ရက်တွင် ၉ ဒသမ ၅ သန်းအထိ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်မှ ဖော်ပြသည့် ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။

တစ်နိုင်ငံလုံး ရောဂါကူးစက်ဖြစ်ပွားသူအရေအတွက် စုစုပေါင်း ၉၅၁၆၇၉၀ အထိ ရှိလာခဲ့ပြီး သေဆုံးသူအရေအတွက် စုစုပေါင်း ၂၃၄၀၁၁ အထိရှိလာခဲ့ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ် သိပ္ပံနှင့်နည်းပညာစင်တာက ဖော်ပြသည်။ တက္ကဆက်ပြည်နယ်တွင် မကြာသေးမီက ရောဂါကူးစက်ဖြစ်ပွားသူအရေအတွက် ၉၆၀၅၃၈ ဦး ရှိလာပြီး ကယ်လီဖိုးနီးယားပြည်နယ်ရှိ ရောဂါကူးစက်ဖြစ်ပွားသူအရေအတွက်ကို ကျော်လွန်သွားခဲ့သည်။ ကယ်လီဖိုးနီးယားတွင် ရောဂါကူးစက်ဖြစ်ပွားသူအရေအတွက် စုစုပေါင်းမှာ ၉၅၁၉၈၉ ဦးဖြစ်ကာ ဖလော်ရီဒါပြည်နယ်တွင် ၈၂၁၂၃ ဦးဖြစ်ကြောင်း သိရသည်။ နယူးယောက်ပြည်နယ်၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်စုစုပေါင်း ၅၁၅၈၁၅ ဦး ရှိသည်။

ရောဂါကူးစက် ဖြစ်ပွားသူအရေအတွက် ၂၁၀၀၀၀ ကျော် ရှိသည့် ပြည်နယ်များမှာ အီလီနွိုက်ပြည်နယ်၊ ဂျော်ဂျီယာပြည်နယ်၊ မြောက်ကာရိုလိုင်းနားပြည်နယ်၊ တင်နက်ဆီပြည်နယ်၊ အရီဇိုးနားပြည်နယ်၊ နယူးဂျာစီပြည်နယ်၊ ဝင်စကွန်ဆင်ပြည်နယ်၊ အိုဟိုင်းယိုးပြည်နယ်၊ ပင်ဆီဗေးနီးယားပြည်နယ်နှင့် မီချီဂန်ပြည်နယ်များဖြစ်ကြကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်မှဖော်ပြသည့် အချက်အလက်များအရ သိရသည်။ **ဆင်ဟွာ**




အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီ၌ နှာခေါင်းစည်းတပ်ဆင်သွားလာနေကြသည့် လမ်းသွားလမ်းလာများကို တွေ့ရစဉ်။

# အယ်လ်ဂျီးရီးယားနိုင်ငံက ကိုဗစ်-၁၉ ကာကွယ်ဆေး၏ ကုန်ကျစရိတ်မည်မျှဖြစ်ပါစေ ဝယ်ယူမည်

**အယ်လ်ဂျီးယားစ် နိုဝင်ဘာ ၆**

ကိုဗစ်-၁၉ ကာကွယ်ဆေး ဈေးနှုန်းမည်မျှရှိသည်ဖြစ်စေ အယ်လ်ဂျီးရီးယားနိုင်ငံက ပြည်သူများအတွက် ကာကွယ်ဆေး အလုံအလောက်ဝယ်ယူရန် ဆုံးဖြတ်ထားပြီးပြီဖြစ်ကြောင်း အယ်လ်ဂျီးရီးယားကျန်းမာရေးဝန်ကြီး အဗ္ဗဒီရာမာနီ ဘန်ဘူဇစ်က နိုဝင်ဘာ ၅ ရက်တွင် ပြောကြားလိုက်ကြောင်း သိရသည်။

မြို့တော်အယ်လ်ဂျီးယားစ်၌ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့မှုအတွင်း ကျန်းမာရေးဝန်ကြီး ဘန်ဘူဇစ်က ထိုသို့ပြောကြားခဲ့မှုကို အေပီအက်စ်သတင်းအေဂျင်စီကဖော်ပြခဲ့သည်။ အယ်လ်ဂျီးရီးယားနိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေးကို နိုင်ငံအများအပြားက ၎င်းတို့နိုင်ငံသားများ ရရှိစေရေး အာမခံနိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားသည့် Covax အဖွဲ့တွင် ပါဝင်ထားသည်။

ကာကွယ်ဆေးကို ဈေးကွက်တင်သည်နှင့်တစ်ပြိုင်နက် အယ်လ်ဂျီးရီးယားနိုင်ငံသားများကို ကာကွယ်ရန်အတွက် ကုန်ကျစရိတ်မည်မျှရှိသည်ဖြစ်စေ ဝယ်ယူမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ဒုတိယအကျော့ကို အယ်လ်ဂျီးရီးယားနိုင်ငံက ရင်ဆိုင်နေရပြီး ယခုထပ်မံကူးစက်ဖြစ်ပွားမှုသည် ပထမတစ်ကြိမ်ကူးစက်မှုထက် ပိုမိုပြင်းထန်ပြီး အန္တရာယ်ပိုများကြောင်း ၎င်းက ပြောကြားခဲ့သည်။

ရောဂါကူးစက်မှုမှကာကွယ်ရန် ချမှတ်ထားသည့် စည်းကမ်းလမ်းညွှန်ချက်များကို တိတိကျကျလိုက်နာဆောင်ရွက်ခြင်းမရှိလျှင် ရောဂါကူးစက်မှု အခြေအနေပိုဆိုးလာနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးက ပြည်သူများအားသတိပေးခဲ့သည်။

**ဆင်ဟွာ**

# အပူပိုင်းမုန်တိုင်း အီတာကြောင့် ဂွါတီမာလာ၌ လူ ၅၀ ကျော် သေဆုံး

**တီဂူစီဂယ်လ်ပါ နိုဝင်ဘာ ၆**

ဂွါတီမာလာနိုင်ငံ၌ အပူပိုင်းမုန်တိုင်း အီတာဝင်ရောက်မှုကြောင့် ဖြစ်ပွားသည့် မြေပြိုမှုများကြောင့် လူ ၅၀ ကျော်သေဆုံးခဲ့ကြောင်း ဂွါတီမာလာ သမ္မတ အလီဂျန်ဒရို ဂီရာမက်တီက နိုဝင်ဘာ ၅ ရက်တွင်ပြောကြားခဲ့သည်။

ဟွီဟွီတီနန်ဂိုရေးယား၌ ဖြစ်ပွားသည့် မြေပြိုမှုကြောင့် လူသေဆုံးမှုများရှိခဲ့ရာ ယခုအခါသေဆုံးသူ ၅၀ ကျော် အထိဖြစ်လာကြောင်း သမ္မတ ဂီရာမက်တီက သတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်။

ဆန်ခရစ်တိုဘယ်လ် ဗီရာပက်ဇ်ရှိ ကွီဂျာကျေးရွာတစ်ခုတည်း၌ပင် မြေပြိုမှုများကြောင့် ၂၅ ဦး သေဆုံးခဲ့ကြောင်း သမ္မတက ပြောသည်။

မြေပြိုမှုကြောင့် နေအိမ်ပေါင်းများစွာ ထိခိုက်ပျက်စီးခဲ့ရသည်။ သဘာဝဘေးအန္တရာယ် လျှော့ချရေး အမျိုးသားပူးပေါင်း ဆောင်ရွက်မှုအဖွဲ့၏ ဖော်ပြချက်အရ အပူပိုင်းမုန်တိုင်း အီတာဝင်ရောက်မှုကြောင့် နိုဝင်ဘာ ၅ ရက်တွင် ပြည်သူ ၃၃၂၈၂ ဦး မုန်တိုင်းဒဏ်ခံခဲ့ရပြီး ၁၈၀၁ ဦးမှာ နေအိမ်မှ စွန့်ခွာခဲ့ရပြီး ၄၀၈ ဦးမှာ နိုင်ငံမြောက်ပိုင်း အယ်လ်တာဗီရာပက်ဇ်၊ အဇ္ဇဘယ်နှင့် ကွီချီရှိ မုန်တိုင်းဒဏ်ခံ အဆောက်အအုံလေးခုတို့တွင် ခိုလှုံလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



ဂွါတီမာလာ၌ မုန်တိုင်းကြောင့် ရေကြီးမှုဖြစ်ပွားခဲ့သည့်နေရာမှ ဒေသခံပြည်သူများကို ကယ်ဆယ်ရွှေ့ပြောင်းပေးနေစဉ်။

# ကိုဗစ် - ၁၉ ကြောင့် ကမ္ဘာ့ဘဏ်နှင့် အိုင်အမ်အက်ဖ် နှစ်ပတ်လည်အစည်းအဝေး ရွှေ့ဆိုင်း

**ဝါရှင်တန် နိုဝင်ဘာ ၆**

ကမ္ဘာ့ဘဏ်အုပ်စုနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့၏ နှစ်ပတ်လည်အစည်းအဝေးကို ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် မော်ရိုကိုနိုင်ငံ၌ ကျင်းပရန် ရက်သတ်မှတ်ထားသော်လည်း ကိုဗစ် -၁၉ ကြောင့် အချိန် ၁၂လ ရွှေ့ဆိုင်းလိုက်ကြောင်း နိုဝင်ဘာ ၅ ရက်က ကြေညာခဲ့သည်။

ကမ္ဘာ့ဘဏ်အုပ်စုနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့၏ နှစ်ပတ်လည်အစည်းအဝေးကို ဝါရှင်တန်တွင် နှစ်နှစ်ဆက်တိုက်ကျင်းပပြီး တတိယနှစ်အတွက် အစည်းအဝေးကိုမူ အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် ကျင်းပလေ့ရှိသည်ဟု ပူးတွဲကြေညာချက်တွင်ပါရှိသည်။

နှစ်ပတ်လည်အစည်းအဝေး သို့ အစိုးရအရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဂျာနယ်လစ်များသည် ကမ္ဘာ့ပြဿနာများကိုဖြေရှင်းရန် ကမ္ဘာအရပ်ရပ်မှ ကိုယ်စားလှယ်များအပါအဝင် လူထောင်ပေါင်းများစွာ တက်ရောက်ကြသည်။ ဧပြီလအတွင်းကမူ အဖွဲ့အစည်းနှစ်ခုစလုံးမှ ခေါင်းဆောင်များသည် ၂၀၂၀ ပြည့်နှစ်အတွက် နွေဦးရာသီအစည်းအဝေးကို အွန်လိုင်းကတစ်ဆင့် ကျင်းပခဲ့ကြပြီး အောက်တိုဘာလတွင်လည်း နှစ်ပတ်လည်အစည်းအဝေးကို အွန်လိုင်းကပင် ကျင်းပခဲ့ကြသည်။

နောက်တစ်ကြိမ် အစည်းဝေးအတွက် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မော်ရိုကိုနိုင်ငံတွင် ကိုဗစ် -၁၉ ဖြစ်ပွားသူ ၂၃၅၃၁၀ ရှိပြီး သေဆုံးသူ ၃၉၈၂ ဦးရှိကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ဖော်ပြချက်အရ သိရသည်။

**ဆင်ဟွာ**

# လစ်ဗျားနိုင်ငံမှ ကလေးများ ကာကွယ်ဆေးပြတ်တောက်မည့်အရေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ယူနီဆက်ဖ်တို့ စိုးရိမ်လျက်ရှိ

**ထရီပိုလီ နိုဝင်ဘာ ၆**

ကုလသမဂ္ဂ ကလေးများရန်ပုံငွေ အဖွဲ့ (ယူနီဆက်ဖ်) နှင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးတို့သည် လစ်ဗျားနိုင်ငံရှိ ကလေးများ ကာကွယ်ဆေးပြတ်တောက်မည့် ဘေးအန္တရာယ်အတွက် စိုးရိမ်လျက်ရှိကြောင်း နိုဝင်ဘာ ၅ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ကြသည်။

လစ်ဗျားနိုင်ငံရှိ ကလေးများအတွက် အမှန်တကယ် အရေးပေါ်လိုအပ်သည့် ကာကွယ်ဆေးပြတ်တောက်မှုဖြစ်ပေါ်မည်ကို ယူနီဆက်ဖ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးတို့က စိုးရိမ်လျက်ရှိကြသည်။ ကာကွယ်ဆေး ပြတ်တောက်မှုကြောင့် ကလေးငယ်များ၏ ကျန်းမာရေးအပေါ် ခြိမ်းခြောက်မှုများရှိလာမည်ဖြစ်သည်။ ပြီးခဲ့သည့် ခုနစ်လတာကာလအတွင်း မမျှော်လင့်ဘဲ ကာကွယ်ဆေးပြတ်တောက်မှုကြောင့် ရောဂါဖြစ်ပွားမှုနှင့် လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်ဟု ပူးတွဲသတင်းထုတ်ပြန်ချက်တွင် ပါဝင်သည်။

လစ်ဗျားနိုင်ငံတွင် ကိုဗစ် - ၁၉ ဖြစ်ပွားမှုကြောင့်လည်း ကလေးငယ်များ ကာကွယ်ဆေးလက်လှမ်းမီနိုင်မှုနှုန်းမှာ လျော့ကျလျက်ရှိသည်။ နိုင်ငံတကာ နယ်စပ်များပိတ်ထားခြင်း၊ အသွားအလာကန့်သတ်မှုများ ပြုလုပ်ခြင်းနှင့် ကာကွယ်ဆေးဖြန့်ဖြူးရာတွင် နှောင့်နှေးရခြင်းတို့ကြောင့် ကာကွယ်ဆေး ထိုးနှံပေးနိုင်သည့် ကလေးအရေအတွက်မှာ လျော့ကျလျက်ရှိသည်။ လစ်ဗျားနိုင်ငံအတွက် လိုအပ်လျက်ရှိသည့် ကာကွယ်ဆေးများ ဖြည့်တင်းပေးနိုင်ရေးအတွက် အာဏာပိုင်အဖွဲ့အစည်းများက ရန်ပုံငွေများထည့်ဝင်ပေးကြရန် ယူနီဆက်ဖ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးတို့က တိုက်တွန်းလျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ယူနီဆက်ဖ်တို့သည် လစ်ဗျားနိုင်ငံနှင့် တစ်ကမ္ဘာလုံးမှ ကလေးငယ်များ၏အသက်များကို ကယ်တင်နိုင်ရေးအတွက်လိုအပ်သည့် ကာကွယ်ဆေးများရရှိနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်မည်ဟု ကြေညာချက်ထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ**




၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၅ ရက်က ဝက်သက်ကာကွယ်ဆေးများ လစ်ဗျားနိုင်ငံ ထရီပိုလီမြို့ အီတီဂါလေဆိပ်သို့ ရောက်ရှိလာစဉ်။

# အမေရိကန်ရွေးကောက်ပွဲတွင် သမ္မတဖြစ်ရန် ဘိုင်ဒင် အားသာလာသောကြောင့် လျှို့ဝှက်ကာကွယ်ရေးအဖွဲ့များ တိုးမြှင့်ချထား

**ဝါရှင်တန် နိုဝင်ဘာ ၆**

မဲရုံများပိတ်သွားပြီးနောက်ပိုင်း အမေရိကန်ပြည်သူများသည် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် တရားဝင်အောင်နိုင်သူ မည်သူဖြစ်လာမည်ဆိုသည်ကို စိုးရိမ်တကြီး စောင့်မျှော်လျက်ရှိသည်။

အမေရိကန်သမ္မတ ရွေးကောက်ပွဲ ပြီးဆုံးရန် ပြည်နယ်လက်တစ်ဆုပ်စာရလဒ်သာ ကြေညာရန် ရှိတော့သည်။ လက်ရှိ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ရွေးကောက်ပွဲရလဒ်များကို စိန်ခေါ်လျက်ရှိသော်လည်း ရွေးကောက်ပွဲအောင်နိုင်ရန် အခွင့်အလမ်းအနေဖြင့် ဒီမိုကရက်တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင်က အားသာလျက်ရှိသည်။

အိမ်ဖြူတော်ကိုလွှမ်းမိုးရန် မည်သည့်သမ္မတကိုယ်စားလှယ်လောင်းမဆို သမ္မတရွေးချယ်ရေးအဖွဲ့ မဲ ၂၇၀ လိုအပ်သည်။ အမေရိကန် အောဘီစီသတင်းအေဂျင်စီက ဒီမိုကရက်တစ်သမ္မတလောင်း ဘိုင်ဒင်သည် နောက်ထပ် မဲ ၁၇ ခုသာ လိုတော့ကြောင်း ဖော်ပြသည်။ အကယ်၍ အရီဇိုးနားနှင့် နီဗားဒါးကိုသာ ဦးဆောင်နိုင်ခဲ့မည်ဆိုပါက သမ္မတဖြစ်ဖို့ လုံလောက်သွားပြီဟု ပြောကြားသည်။

အကယ်၍ ပြည်နယ်နှစ်ခုအနက် ပြည်နယ်တစ်ခုကို ဆုံးရှုံးခဲ့မည်ဆိုလျှင်လည်း ၎င်းအနေဖြင့် ပင်ဆယ်ဗေးနီးယားတွင် မဲ ၂၀ သာ ရရှိခဲ့မည်ဆိုပါက သမ္မတဖြစ်လာရန် ကျိန်းသေသလောက်ဖြစ်နေကြောင်း သိရသည်။

အမေရိကန်သမ္မတထရမ့်အတွက် ပင်ဆယ်ဗေးနီးယားပြည်နယ်သည် ကျိန်းသေအနိုင်ရမည့်ပြည်နယ်တစ်ခု ဖြစ်သည်။ ၎င်းအနေဖြင့် ရွေးကောက်ပွဲအောင်မြင်ရန် အလားအလာရှိဆုံး ပြည်နယ်များမှာ မြောက်ကာရိုလိုင်းနားနှင့် ဂျော်ဂျီယာ ပြည်နယ်တို့ဖြစ်ပြီး အရီဇိုးနားသို့မဟုတ် နီဗားဒါးပြည်နယ်တစ်ခုခုကိုသာ ရရှိမည်ဆိုပါက ဘိုင်ဒင်ကို သာလွန်သွားနိုင်သည်။

သို့သော်လည်း ဂျိုးဘိုင်ဒင်သည် အမေရိကန်သမ္မတဖြစ်လာမည့် အခွင့်အလမ်း ပိုများလာသောကြောင့် လျှို့ဝှက် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့များ တိုးမြှင့်ချထားလိုက်ကြောင်း သည်ဝါရှင်တန်ပို့စ်သတင်းစာတွင် နိုဝင်ဘာ ၆ ရက်က ဖော်ပြလိုက်သည်။

နိုဝင်ဘာ ၆ ရက်ထက်နောက်မကျဘဲ လက်ရှိအမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို အောင်ပွဲရမည့် အလားအလာ ပိုများလာသောကြောင့် လျှို့ဝှက်ကာကွယ်ရေးတပ်ဖွဲ့များကို ဘိုင်ဒင်ရွေးကောက်ပွဲဌာနချုပ်ရှိရာ ဒယ်လာဝဲပြည်နယ် ဝယ်မင်တန်မြို့သို့ စေလွှတ်လိုက်ကြောင်း အဆိုပါသတင်းစာတွင် ဆက်လက်ဖော်ပြထားသည်။

ပြည်ထဲရေးဌာနလက်အောက်ရှိ အဆိုပါ အစိုးရအေဂျင်စီသည် အိမ်ဖြူတော်နှင့် အဆင့်မြင့် အစိုးရအရာရှိများ၊ အလည်အပတ်ရောက်ရှိလာသော အဆင့်မြင့်အရာရှိများနှင့် တခြားသူများကို ကာကွယ်ရန် အဓိကတာဝန်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ၊ အင်န်အိတ်ချ်ကေ**




အမေရိကန် ဒီမိုကရက်တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင်

# အမေရိကန်ပြည်ထောင်စုတွင် ပထမဆုံးအနေဖြင့် တစ်နေ့တည်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု တစ်သိန်းကျော်အထိ ရောက်ရှိ

**ဝါရှင်တန် နိုဝင်ဘာ ၆**

အမေရိကန်ပြည်ထောင်စုတွင် ပထမဆုံးအနေဖြင့် တစ်နေ့တည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ၁၀၀၀၀၀ ကျော်အထိ ရောက်ရှိလာကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ဂျွန်ဟော့ကင်းတက္ကသိုလ်က နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်သူအရေအတွက်သည် နိုဝင်ဘာ ၄ ရက်က ၁၀၂၈၃၁ ဦးအထိ ရှိလာခဲ့ကြောင်း ပြောကြားလိုက်သည်။ လေ့လာမှုဖော်ပြချက်အရ ကိုဗစ်-၁၉ ရောဂါ လူနာ ၅၂၀၀၀ ကျော်ကို ဆေးရုံများတွင် ကုသပေးလျက်ရှိကြောင်းနှင့် ၎င်းတို့ထဲတွင် အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှု ခံယူလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ပြင်းထန်လူနာ ၁၀၀၀၀ ကျော်လည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါ အရေအတွက်မှာ ဆက်လက်တိုးလာနိုင်ကြောင်း၊ ဧပြီလနှင့် ဇူလိုင်လက ကူးစက်ခဲ့သော ကိုဗစ်လူနာအရေအတွက်နှင့် တူညီသည့် အရေအတွက်အထိ တိုးလာပြီဖြစ်ကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါ လူနာများတိုးလာခြင်းသည် တချို့ဒေသများ၏ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများအပေါ် ဝန်ပိစေသည်။ အမေရိကန်မီဒီယာများက မီနီပိုလစ်နှင့် မင်နီဆိုးတားပြည်နယ်များ၏ အထူးကြပ်မတ်ကုသဆောင်များတွင် ပြည့်လုနီးပါး ဖြစ်နေကြောင်း ဖော်ပြသည်။ ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများက လူနာများကို မြို့ပြင်ဆေးရုံများသို့ စတင်ပို့ဆောင်လျက်ရှိသည်။

ထို့အပြင် ယာယီဆေးရုံများကိုလည်း တောင်ဒါကိုတာတွင် တည်ဆောက်ထားပြီး ကိုဗစ်လူနာများကို ကုသပေးလျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ လူနာများ တိုးလာသောကြောင့် ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် သင့်တော်သော ကုသမှုများ မပေးနိုင်သည့်အတွက် ကိုဗစ်-၁၉ ရောဂါ လူနာများသေဆုံးမည့်အရေးကို စိုးရိမ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် အပြင်သို့ ပိုမိုထွက်လေ့ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ ထပ်မံဖြစ်ပွားလာနိုင်ကြောင်း ကျွမ်းကျင်သူများက သတိပေးထားသည်။

**အင်န်အိတ်ချ်ကေ**



ဆေးဝန်ထမ်းများက ဟူစတန်ရှိ ယူနိုက်တက် မမ်မိုရီယယ် ဆေးကုသစင်တာ အထူးကြပ်မတ်ကုသဆောင်တွင် ကိုဗစ်-၁၉ ရောဂါ လူနာတစ်ဦးကို ကုသမှုပေးနေစဉ်။

# အိန္ဒိယမြို့တော် နယူးဒေလီတွင် ကိုဗစ်ကူးစက်မှုများတိုးလာပြီး လေထုအရည်အသွေးကျဆင်း

**နယူးဒေလီ နိုဝင်ဘာ ၆**

အိန္ဒိယနိုင်ငံ မြို့တော် နယူးဒေလီတွင် နိုဝင်ဘာ ၅ ရက်က ကိုဗစ်-၁၉ ရောဂါ အသစ်ထပ်မံ ကူးစက်ခံရသူ ၆၈၄၂ ဦး ရှိကြောင်း သိရပြီး ယင်းမှာ တစ်နေ့တည်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

ပွဲတော်များအတွင်း လူစုလူဝေးများပြုလုပ်ခြင်း၊ လေထုအရည်အသွေး ပျက်စီးယိုယွင်းလာခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကစဉ့်ကလျားဖြစ်မှုများ တိုးလာခြင်းက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုတိုးလာခြင်း၏ အကြောင်းရင်းများ ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ တိုးလာသည့်အပေါ် ဒေလီဝန်ကြီးချုပ်က တတိယအကျော့ဟု ပြောကြားလိုက်သည်။ အစိုးရသည် ဆေးဘက်ဆိုင်ရာ အခြေခံအဆောက်အအုံများကို အားချင်းအကောင်အထည်ဖော်လျက်ရှိပြီး သေဆုံးမှုနှုန်း တိုးမလာရေးအတွက် အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအပြင် မြို့တော်ဒေလီတွင် လေထုညစ်ညမ်းခြင်း ဖြစ်ပေါ်မှုကို ဆန့်ကျင်မှုများ ပြုလုပ်လျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့နေစဉ်အတွင်း လေထုညစ်ညမ်းခြင်းသည် ဒေသခံများအတွက် ကျန်းမာရေးပြဿနာရပ်တစ်ခု ဖြစ်လာသည်။

မိုးလေဝသဆိုင်ရာ အချက်အလက်များက ဒေလီ၏လေထုအရည်အသွေးသည် သတိထားရမည့်အဆင့်ကို ရောက်နေကြောင်း ဖော်ပြလိုက်သည်။ မြို့တော်ဒေလီနှင့် အနီးဝန်းကျင်ဒေသများတွင် လာမည့် ၂၄ နာရီအတွင်း လေထုအရည်အသွေးညွှန်းကိန်းသည် နောက်ထပ် ပိုမိုဆိုးရွားလာဖွယ်ရှိကြောင်း၊ ပိုမိုဆိုးသည့်အဆင့်သို့ ရောက်ရှိလာနိုင်ကြောင်း ထပ်မံဖော်ပြထားသည်။

လွန်ခဲ့သော သီတင်းပတ်က ဒေလီ၏ လေထုအရည်အသွေး ညွှန်းကိန်းသည် ၂၀၁၈ခုနှစ်နှင့် ၂၀၁၉ ခုနှစ် အလားတူကာလများထက် ပိုမိုဆိုးရွားလာကြောင်း သိရသည်။ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများမှာလည်း လေးဆမှ ငါးဆအထိ မြင့်တက်လာခဲ့သည်။ ဆရာဝန်များက ပြည်သူများကို နေအိမ်အတွင်း၌သာ နေထိုင်ရန် တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**



အိန္ဒိယနိုင်ငံ မြို့တော် ဒေလီ၏ မြင်ကွင်းတစ်ခုကို တွေ့ရစဉ်။

# ဂရီတာသွန်းဘာ့ဂ်ျက ထရမ့်အား သရော်

**စတော့ဟုမ်း နိုဝင်ဘာ ၆**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လူအများစိတ်ဝင်စားသော ပြိုင်ဆိုင်မှုပြင်းထန်သည့် သမ္မတရွေးကောက်ပွဲတွင် မဲရေတွက်ခြင်းကို ရပ်တန့်ရန် တိုက်တွန်းပြောကြားလိုက်သည့်အပေါ် ဆွီဒင်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူ ဂရီတာ သွန်းဘာ့ဂ်ျက သရော်လိုက်သည်။

သွန်းဘာ့ဂ်ျက နိုဝင်ဘာ ၅ ရက်က တွစ်တာတွင် အဆိုပါကိစ္စသည် အလွန်ရယ်စရာကောင်းကြောင်း၊ ဒေါ်နယ်သည် သူ၏ ဒေါသထွက်မှု စီမံခန့်ခွဲရေးပြဿနာရပ်များအတိုင်း လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရုပ်ရှင်ကားဟောင်းတစ်ကားကို သူငယ်ချင်းနှင့်အတူ သွားကြည့်လိုက်ဟု ပြောကြားလိုက်သည်။ ဂရီတာသွန်းဘာ့ဂ်ျ၏ အဆိုပါဖော်ပြမှုသည် လွန်ခဲ့သောနှစ်က ထရမ့်က သူ့အပေါ် ရေးသားထားသည့် မှတ်ချက်များထဲမှ တစ်ခုကို ပြန်လည်ကူးယူဖော်ပြလိုက်ခြင်းဖြစ်သည်။

ထို့အပြင် သမ္မတထရမ့်သည် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပါရီသဘောတူညီချက်မှ အမေရိကန်အား နုတ်ထွက်လိုက်သည်။ သမ္မတထရမ့်နှင့် သွန်းဘာ့ဂ်ျတို့သည် တစ်ဦးနှင့် တစ်ဦး အပြန်အလှန် စကားလုံးများဖြင့် တိုက်ခိုက်နေကြောင်း သိရသည်။ အကယ်၍သမ္မတအဖြစ် ရွေးချယ်ခံရမည်ဆိုပါက ပါရီသဘောတူညီချက်ကို ပြန်လည်ဝင်ရောက်မည်ဟု ကတိပြုလိုက်သော ထရမ့်၏ပြိုင်ဘက် ဂျိုးဘိုင်ဒင်ကို သွန်းဘာ့ဂ်ျက ထောက်ခံလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ဘိုင်ဒင်သမ္မတဖြစ်ဖို့ နီးကပ်လာပြီ

**ထွန်းသစ်စ**

ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပြည်နယ်တွေမှာ မဲတွေရေတွက်ရင်း ဒီမိုကရက်တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင်ဟာ တဖြည်းဖြည်းနဲ့ ၄၆ ယောက်မြောက် အမေရိကန်သမ္မတဖြစ်ဖို့ နီးကပ်လာချိန်မှာ အမေရိကန်ရွေးကောက်ပွဲအောင်နိုင်မှုကို မတရားသဖြင့် တားဆီးနေတယ်ဆိုတဲ့ စွပ်စွဲချက်တွေအပေါ် လက်ရှိ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တစ်ယောက် ပေါက်ကွဲနေပါတယ်။

### ရွေးကောက်ပွဲအောင်မြင်မှုကို ခိုးယူဖို့ ကြိုးစား

မဲရုံများပိတ်လိုက်ပြီးနှစ်ရက်အကြာမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က "သူတို့ဟာ ရွေးကောက်ပွဲအောင်မြင်မှုကို ခိုးယူဖို့ကြိုးစားနေတယ်"လို့ ပြောကြားလိုက်ပါတယ်။ အဲဒီလိုပြောကြားလိုက်တာနဲ့ ပတ်သက်ပြီး သက်သေပြစရာမရှိသလို သတင်းထောက်တွေရဲ့ မေးမြန်းမှုတွေကိုလည်း ပြန်လည်ဖြေကြားခြင်း မရှိခဲ့ပါဘူး။ ထရမ့်ရဲ့အဆိုအရ ဒီမိုကရက်တွေဟာ "ကျွန်တော့်ဆီက ရွေးကောက်ပွဲအောင်မြင်မှုကို ခိုးယူဖို့"အတွက် "တရားမဝင်မဲတွေ"ကို အသုံးပြုနေကြတယ်''လို့ ဆိုပါတယ်။

### ကျွန်တော်နိုင်ပါတယ်


အကယ်၍သာ တရားဝင်မဲတွေကို ရေတွက်မယ်ဆိုရင် "ကျွန်တော် အလွယ်တကူ နိုင်ပါတယ်"လို့ ထရမ့်က ပြောကြားလိုက်ပါတယ်။ "သူတို့တွေဟာ ရွေးကောက်ပွဲကို အကြံအဖန်လုပ်ဖို့ ကြိုးစားနေတယ်။ ဒီလိုမျိုးဖြစ်လာမှာကို ခွင့်မပြုနိုင်ဘူး"ဟု ထရမ့်က ပြောပါတယ်။

အဲဒီလိုမျိုး လေလုံးထုတ်ပြီးနောက်မှာ ရွေးကောက်ပွဲနေ့မှာ လူကိုယ်တိုင်မဲလာရောက်ပေးခြင်းထက်စာရင် စာတိုက်မဲအရေအတွက်ရဲ့ မှန်ကန်မှုအပေါ် ထရမ့်ရဲ့ မကျေမနပ်တိုင်ကြားမှုတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

### စာတိုက်မဲပေး

ဒီနှစ်အမေရိကန်ရွေးကောက်ပွဲမှာ စာတိုက်မဲပေးခြင်းတွေဟာ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ ကိုဗစ်-၁၉ ထိတွေ့မှုအန္တရာယ်ကို ရှောင်ရှားလိုခြင်းရဲ့ အကြောင်းရင်းဖြစ်သလို အခုဆိုရင် အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက်ဟာလည်း ၂၃၅၀၀၀ ရောက်ရှိလာပြီဖြစ်ပါတယ်။

ဒါပေမယ့် ကိုဗစ်-၁၉ ရောဂါရဲ့ ကြောက်စရာကောင်းမှုကို ထရမ့်ကတော့ ငြင်းဆန်ထားပြီး သူ့ရဲ့ထောက်ခံသူတွေကို စာတိုက်မဲ မပေးကြဖို့ပြောကြားထားပါတယ်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် ဒီမိုကရက်တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင်တို့ကို တွေ့ရစဉ်။

### အန္တရာယ်များပြီး မှားယွင်းနေတယ်

ရွေးကောက်ပွဲကိုယ်စားလှယ် ဝယ်ဟာ့ဒ်က ထရမ့်ရဲ့ မဲရေတွက်ခြင်းကို ရပ်တန့်ရန် ပြောကြားမှုအပေါ် "အန္တရာယ်များပြီး မှားယွင်းတယ်"လို့ ပြောကြားလိုက်သလို "နိုင်ငံရဲ့ ဒီမိုကရေစီအုတ်မြစ်ကို လျှော့တွက်နေတယ်"လို့ ပြောကြားလိုက်ပါတယ်။

နယူးယောက်ပို့စ်ကတော့ ထရမ့်ရဲ့ မဲလိမ်လည်တယ်ဆိုတဲ့ စွပ်စွဲမှုတွေဟာ အခြေအမြစ် မရှိကြောင်း ဖော်ပြခဲ့ပြီး ဖောက်စ်နယူးစ်ကတော့ ထရမ့်ရဲ့ ဒေါသတကြီးပြောဆိုမှုတွေအပေါ် ငြင်းပယ်ခဲ့ပါတယ်။

> **"ရီပတ်ဘလစ်ကန်တွေကြီးစိုးတဲ့ ဂျော်ဂျီယာပြည်နယ်မှာ ထရမ့်က မဲအနည်းငယ်အသာဖြင့် ဦးဆောင်လျက်ရှိပြီး အရီဇိုးနားနဲ့ နီဗားဒါးမှာ ဘိုင်ဒင်က ကပ်သီလေး ဦးဆောင်လျက်ရှိပါတယ်။ တကယ်လို့သာ ဘိုင်ဒင်သာ အပြတ်အသတ် နိုင်ခဲ့မယ်ဆိုရင် သူဟာ သမ္မတ ရွေးကောက်ပွဲကို အောင်နိုင်ဖို့ ကျိန်းသေနေပါပြီ"**

### ပြည်နယ်တချို့ရဲ့ ထောက်ခံမှု လိုအပ်

အသက် ၇၇ နှစ်ရှိဘိုင်ဒင်ဟာ အိမ်ဖြူတော်ကိုအရောက်လှမ်းဖို့ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပြည်နယ်အချို့ရဲ့ ထောက်ခံမှုကို လိုအပ်နေချိန်မှာ အသက် ၇၄ နှစ်ရှိ ထရမ့်ကတော့ ပြည်နယ်အတော်များများမှာ ဆက်တိုက်အောင်မြင်မှုရဖို့ လိုအပ်နေပါတယ်။

ထရမ့် သမ္မတသက်တမ်းလေးနှစ်တာအတွင်းမှာ ဒဏ်ရာဗရပွနဲ့ဖြစ်နေတဲ့ နိုင်ငံကို ကုစားမယ်လို့ ဘိုင်ဒင်က ကတိပေးခဲ့သလို ပြည်သူတွေကို အေးအေးဆေးဆေး နေကြဖို့လည်း တောင်းဆိုလိုက်ပါတယ်။

### မကြာမီအဖြေထွက်တော့မယ်

"မဲတွေအားလုံးရေတွက်ပြီးချိန်မှာ လွှတ်တော်အမတ် ကာမလာ ဟားရစ်နဲ့ ကျွန်တော် အောင်မြင်သူတွေအဖြစ် ကြေညာလိမ့်မယ်ဆိုတာ သံသယဖြစ်စရာမလိုပါဘူး"ဟု ဘိုင်ဒင်က သူ့ရဲ့ဇာတိမြို့ဖြစ်တဲ့ ဝယ်လ်မင်တန်ကနေ သတင်းထောက်များကို ပြောကြားလိုက်ပါတယ်။

"ရွေးကောက်ပွဲလုပ်ငန်းစဉ်က ဆက်လက်လုပ်ဆောင်နေတုန်းပဲရှိပါသေးတယ်"ဟု ဘိုင်ဒင်က ဆက်လက်ပြောကြားလိုက်ပါတယ်။

"မဲရေတွက်မှုတွေ ပြီးတော့မှာပါ။" "မကြာမီအဖြေထွက်ပေါ်လာတော့မှာပါ"လို့ သူကဆက်လက်ပြောကြားလိုက်ပါတယ်။

### သမ္မတရွေးကောက်ပွဲနိုင်ဖို့ ကျိန်းသေ

ရီပတ်ဘလစ်ကန်တွေကြီးစိုးတဲ့ ဂျော်ဂျီယာပြည်နယ်မှာ ထရမ့်က မဲအနည်းငယ်အသာဖြင့် ဦးဆောင်လျက်ရှိပြီး အရီဇိုးနားနဲ့ နီဗားဒါးမှာ ဘိုင်ဒင်က ကပ်သီလေး ဦးဆောင်လျက်ရှိပါတယ်။ တကယ်လို့သာ ဘိုင်ဒင်သာ အပြတ်အသတ်နိုင်ခဲ့မယ်ဆိုရင် သူဟာ သမ္မတရွေးကောက်ပွဲကို အောင်နိုင်ဖို့ ကျိန်းသေနေပါပြီ။

ဒါပေမယ့်လည်း ပင်ဆယ်ဗေးနီးယားကတော့ ပဟေဠိအဖြစ် ဆက်လက်ကျန်ရှိနေပါသေးတယ်။ အဲဒီနေရာတွေမှာ ထရမ့်ရဲ့ အရင်ကဦးဆောင်နေမှုဟာ အခုတော့လည်း တဖြည်းဖြည်း မှေးမှိန်လာပါပြီ။ ဘိုင်ဒင်ရဲ့ ထောက်ခံသူတွေကတော့ စာတိုက်မဲပိုပြီး အပေးများကြပါတယ်။

### သမ္မတဖြစ်လာတော့မယ်

ပြည်နယ်ပေါင်း ၅၀ မှာ ဒီမိုကရက်တစ်သမ္မတလောင်း ဘိုင်ဒင်ဟာ သမ္မတရွေးချယ်ရေးအဖွဲ့ မဲ ၂၅၃ မဲ ရရှိနေပါပြီ။ သူ့ကို ထောက်ခံမှုပိုများမယ့် အရီဇိုးနားကိုပါထည့်ပေါင်းလိုက်ရင် သူဟာ ၂၆၄ မဲရရှိမှာဖြစ်ပါတယ်။ အကယ်၍ ပင်ဆယ်ဗေးနီးယားကိုသာ ဘိုင်ဒင်ယူနိုင်ခဲ့မယ်ဆိုရင် နောက်ထပ် မဲ ၂၀ ထပ်မံရရှိနိုင်မှာ ဖြစ်ပါတယ်။ အဲလိုသာဆို အမေရိကန်သမ္မတဖြစ်ဖို့ လိုအပ်တဲ့ သမ္မတရွေးချယ်ရေးအဖွဲ့ မဲ ၂၇၀ ရရှိသွားမှာဖြစ်ပြီး အမေရိကန်သမ္မတဖြစ်လာမှာ ဖြစ်ပါတယ်။

### ဆန္ဒပြမှုတွေဖြစ်ပေါ်

ထရမ့် ရွေးကောက်ပွဲလှုပ်ရှားမှုအဖွဲ့ကတော့ ကျိန်းသေတဲ့ ရီပတ်ဘလစ်ကန်ထောက်ခံမဲတွေကို မရေတွက်ရသေးတဲ့အတွက် သမ္မတထရမ့်သာ နိုင်ဖို့ရှိနေကြောင်း အခိုင်အမာပြောကြားလိုက်ပါတယ်။

ထရမ့်ဟာ ဗုဒ္ဓဟူးနေ့က မဲအောင်နိုင်သူအဖြစ် ကြိုတင်ကြေညာလိုက်ပြီး တရားရုံးချုပ်ကို မဲရေတွက်ခြင်းကို ရပ်တန့်ပေးရန် တောင်းဆိုလိုက်ပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အမေရိကန်နိုင်ငံတစ်ဝန်း မဲတွေကို ပြီးဆုံးတဲ့အထိရေတွက်ဖို့ ဆန္ဒပြမှုတွေဖြစ်ပွားခဲ့ပါတယ်။

နောက်ဆုံးမှာတော့ ဘယ်သူသမ္မတဖြစ်လာမလဲဆိုတဲ့အဖြေက ထွက်လာမှာပဲဖြစ်ပါတယ်။ အခုဆိုရင် မဲရေတွက်တဲ့လုပ်ငန်းစဉ်ဟာလည်း ပြီးဆုံးတော့မှာဖြစ်ပါတယ်။ အဲဒီအချိန်မှာ ဘယ်သူသမ္မတဖြစ်လာမလဲဆိုတာကို တစ်ကမ္ဘာလုံးက စိတ်ဝင်တစားစောင့်ကြည့်နေပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**

## နိုင်ငံတကာသတင်းတိုထွာ

### ဘရူနိုင်းနိုင်ငံတွင် ၁၅ရက်ဆက်တိုက် ကိုဗစ်-၁၉ ကူးစက်မှုမရှိကြောင်း သိရ

**ဘန်ဒါဆီရီ ဘီဂါဝန် နိုဝင်ဘာ ၆**

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၄၈ ဦးဖြင့် ရပ်တန့်နေသော ဘရူနိုင်းနိုင်ငံတွင် အောက်တိုဘာ ၂၂ ရက်မှစတင်ကာ ကိုဗစ်-၁၉ ကူးစက်မှုမရှိသည်မှာ ၁၅ ရက်ဆက်တိုက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ကိုဗစ်-၁၉ မှပြန်လည်ကောင်းမွန်လာသူ ၁၄၄ ဦးရှိသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် အမျိုးသားသီးသန့်ခွဲခြားစောင့်ကြည့်မှုဌာနတွင် ကုသမှုခံယူနေသူတစ်ဦးရှိသည်။

ထို့အပြင် နိုင်ငံခြားမှပြန်လည်ရောက်ရှိလာသူ ၃၂၆ ဦးလည်း အစိုးရသတ်မှတ်ထားသောနေရာများတွင် ခွဲခြားစောင့်ကြည့်မှုခံယူနေကြောင်း သိရသည်။

ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ သုံးဦးရှိကြောင်း သိရသည်။

ဆင်ဟွာ

### တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၇၁၉၅ ဦးရှိ

**ဆိုးလ် နိုဝင်ဘာ ၆**

နိုဝင်ဘာ ၆ ရက်အထိ တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၄၅ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၇၁၉၅ ဦးရှိလာကြောင်း သိရသည်။

ဆိုးလ်နှင့်ပတ်ဝန်းကျင်ဒေသများတွင် ကိုဗစ်-၁၉ ကူးစက်မှုအစုလိုက်တွေ့ရှိမှုကြောင့် ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက် သုံးရက်ဆက်တိုက် ၁၀၀ အထက် ရောက်ရှိခဲ့သည်။

အသစ်ကူးစက်ဖြစ်ပွားသူ ကိုဗစ်-၁၉ လူနာ ၃၈ ဦးမှာ ဆိုးလ်မှဖြစ်ပြီး ကျန် ၃၄ ဦးမှာ အနီးဝန်းကျင်ဒေသမှဖြစ်သည်။ ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ တစ်ဦးရှိကြောင်း ထပ်မံဖော်ပြမှုနှင့်အတူ စုစုပေါင်း သေဆုံးသူဦးရေမှာ ၄၇၆ ဦး အထိ ရောက်ရှိလာခဲ့သည်။ နေပြန်ကောင်းလာသူစုစုပေါင်းမှာ ၂၄၈၂၁ ဦးဖြစ်သည်။ စုစုပေါင်းနေပြန်ကောင်းလာ သည့်နှုန်းမှာ ၉၁ ဒသမ ၂၇ ရာခိုင်နှုန်းရှိသည်။

ဇန်နဝါရီ ၃ ရက်မှစကာ ကိုရီးယားနိုင်ငံသည် ကိုဗစ်-၁၉ စစ်ဆေးမှုပေါင်း ၂ ဒသမ ၆၈ သန်းစမ်းသပ်ခဲ့ပြီးဖြစ်သည်။ ၎င်းတို့အနက် လူပေါင်း ၂၆၃၃၄၉၀ ကိုဗစ်-၁၉ ကင်းစင်ကြောင်း သိရပြီး ၂၅၆၂၉ ဦးကို စစ်ဆေးလျက်ရှိသည်။

ဆင်ဟွာ

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၁ ရက်သာ**

**လိုတော့သည်။**

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးနှိုးဆော်ခြင်း

(၆ – ၁၁ – ၂၀၂၀)

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူမဲဆန္ဒရှင်အားလုံး ဆန္ဒမဲပေးနိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၂။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် COVID-19 ရောဂါနှင့်စပ်လျဉ်းသည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များအရ နေရပ်သို့ပြန်လည်၍ မဲမပေးနိုင်သူများ မိမိရောက်ရှိနေသော မြို့နယ်တွင် ပုံစံ (၁၅) များဖြင့်လျှောက်ထား၍ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အထူးကိစ္စတစ်ရပ်အနေဖြင့် စီမံဆောင်ရွက်ပေးခဲ့ပါသည်။

၃။ အဆိုပါ ပုံစံ (၁၅) ဖြင့် လျှောက်ထားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသော မြို့နယ်များတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ခြင်းမရှိသော မဲဆန္ဒရှင် ပြည်သူများအနေဖြင့် မိမိနေရပ် မဲဆန္ဒနယ်သို့ သွားရောက်မဲပေးလိုပါက ပုံစံ (၁၅) ဖြင့် လျှောက်ထားခဲ့သည့်မြို့နယ်တွင် ကြိုတင်မဲမပေးရသေးကြောင်း အဆိုပါ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ထောက်ခံချက်ကိုရယူ၍ မိမိနေရပ် မဲဆန္ဒနယ်ရှိ မဲရုံမှူးထံ တင်ပြနိုင်လျှင် မဲပေးခွင့်ရှိပါသည်။

၄။ ထို့အပြင် အစိုးရခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များအနေဖြင့် သက်ဆိုင်ရာ သံရုံး/အမြဲတမ်းကိုယ်စားလှယ်ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများတွင် ပုံစံ (၁၅) ဖြင့်လျှောက်ထားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကြိုတင်ဆန္ဒမဲမပေးဖြစ်ဘဲ မိမိနေရပ်မဲဆန္ဒနယ်သို့ ပြန်လည်ရောက်ရှိနေပါက ထိုသို့ ကြိုတင်ဆန္ဒမဲမပေးရသေးကြောင်းကို သက်ဆိုင်ရာ သံရုံး/အမြဲတမ်းကိုယ်စားလှယ်ရုံး/ကောင်စစ်ဝန်ချုပ်ရုံး အကြီးအမှူးများ၏ ထောက်ခံချက်ကို မဲရုံမှူးထံတင်ပြနိုင်လျှင် မဲပေးခွင့်ရှိပါသည်။

၅။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများမှအပ ကျန်မဲဆန္ဒရှင်များသည် မိမိတို့မဲစာရင်းပါရှိရာ မဲရုံတွင် ရွေးကောက်ပွဲကျင်းပသည့်နေ့၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မဲဆန္ဒရှင်ပြည်သူများသို့ ထပ်မံအသိပေးနှိုးဆော်ခြင်း

(၆ – ၁၁ – ၂၀၂၀)

၁။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲရုံများသို့လာရောက်၍ ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်ပြည်သူများနှင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၄၈ ပါပြဋ္ဌာန်းချက်အရ မဲရုံအတွင်းသို့ ဝင်ရောက်ခွင့်ရှိကြသူများသည် အောက်ပါတို့ကိုလိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်–

(က) မဲဆန္ဒရှင်တစ်ဦးချင်းစီ၏ လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို မထိခိုက်စေရေးအတွက် မဲရုံပရိဝုဏ်နှင့် မဲရုံအတွင်းတွင် ဗီဒီယိုကင်မရာ၊ ကင်မရာ၊ လက်ကိုင်တယ်လီဖုန်း ကင်မရာ စသည်တို့ဖြင့် မှတ်တမ်းတင်ရိုက်ကူးခြင်း၊ အသံဖမ်းယူခြင်းတို့ကို မပြုလုပ်ကြရန်၊

(ခ) သက်ဆိုင်ရာပါတီရင်ထိုးတံဆိပ်/ တစ်သီးပုဂ္ဂလရင်ထိုးတံဆိပ် (ရှိခဲ့လျှင်) တို့ တပ်ဆင်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များမှအပ ကျန်ပုဂ္ဂိုလ်များသည် ပါတီအမှတ်အသားပါသည့် သို့မဟုတ် မဲဆွယ်စည်းရုံးရာရောက်သည့် မည်သည့်ဝတ်စားဆင်ယင်မှုနှင့် အသုံးအဆောင်ပစ္စည်းများကိုမျှ ဝတ်ဆင်ခြင်း/ အသုံးပြုခြင်းများကို မပြုလုပ်ကြရန်၊

(ဂ) မဲရုံ၌ တည်ငြိမ်အေးချမ်းမှုရှိစေရန်၊ ရွေးကောက်ပွဲကို တရားမျှတစွာဖြစ်စေရန်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲရုံအတွင်းသို့ စည်းကမ်းတကျဝင်ရောက်နိုင်ရေးနှင့် စနစ်တကျမဲပေးနိုင်ရေးတို့အတွက် မဲရုံတွင် တာဝန်ထမ်းဆောင်ကြသည့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်နှင့် မဲရုံမှူး/ မဲရုံအဖွဲ့ဝင် တစ်ဦးဦးတို့က တာဝန်အရ ညွှန်ကြားခြင်းကို လိုက်နာဆောင်ရွက်ရန်။

၂။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ လွတ်လပ်တရားမျှတ၍ တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြပါရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၃၉ ( ဆ ) အရ ရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများမှအပ ဆန္ဒမဲပေးမည့်သူများသည် မဲရုံကို ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲပေးရမည်။ ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲပေးခြင်း မပြုရ။

## ဟိုပန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မဲရုံပြင်ဆင်ဆောင်ရွက်ထားရှိမှုစစ်ဆေး


ဟိုပန် နိုဝင်ဘာ ၆

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့၌ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာ မဲပေးနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းကစတင်ပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ဟိုပန်မြို့နယ် မဲဆန္ဒနယ်(၂)ရှိ မဲရုံ(၂၁)ကို လည်းကောင်း၊ ဟိုပန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များက မဲဆန္ဒနယ်(၁)ရှိ မဲရုံ (၂၂) ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့စစ်ဆေးရာတွင် မဲရုံများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိ မရှိ၊ အမိုးအကာများ လုံခြုံမှု ရှိ မရှိနှင့် လျှပ်စစ်မီးရရှိမှုအခြေအနေများကို စစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားသည်။

အဆိုပါမဲရုံများစစ်ဆေးခြင်းကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်များတွင် စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**





၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ရန်ကုန်မြို့၌ မဲရုံများ တည်ဆောက်လျက်ရှိရာ မဲပေးခြင်းအဆင့်ဆင့်နှင့် ခိုင်လုံမဲနမူနာတို့ကို ဆန္ဒမဲပေးသူအများပြည်သူများ တွေ့မြင်သိရှိနိုင်ရန် ပိုစတာများဖြင့် ကြေညာထားသည်ကို တွေ့ရစဉ်။

သန့်ဇင်ဝင်း

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချီခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( စ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဓ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## သီပေါမြို့နယ်၌ ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

**သီပေါ နိုဝင်ဘာ ၆**

သီပေါမြို့နယ်၌ ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ဝဲပုံ)**



ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးက ဆန္ဒမဲလက်မှတ်များနှင့် မဲရုံသုံးပစ္စည်းများသယ်ယူနေစဉ်ကာလအတွင်း လုံခြုံရေးဆိုင်ရာလုပ်ငန်းများ၊ ရွေးကောက်ပွဲကျင်းပနေစဉ်ကာလအတွင်း လုံခြုံရေးဆိုင်ရာလုပ်ငန်းများနှင့် ဆန္ဒမဲလက်မှတ်များ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးသို့ သယ်ဆောင်လာစဉ် လုံခြုံရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရမည့် အစီအမံများကို ဆွေးနွေးသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က သီပေါမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှု အခြေအနေ၊ ဆန္ဒမဲလက်မှတ်များ သယ်ဆောင်လာစဉ်ကြုံတွေ့လာနိုင်သည့် အခြေအနေနှင့် ဆက်သွယ်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

သီပေါမြို့နယ်တွင် မဲရုံပေါင်း ၁၁၁ ရုံ လျာထားဖွင့်လှစ်သွားမည်ဖြစ်ပြီး မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင်ပေါင်း ၁၇၂၄ ဦးကို တာဝန်ပေးအပ်ထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## ဟားခါးမြို့ပေါ် မဲရုံကြိုတင်ပြင်ဆင်မှုများ ကွင်းဆင်းကြည့်ရှု

**ဟားခါး နိုဝင်ဘာ ၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသက်ထွန်း (ချင်းပြည်နယ်တာဝန်ခံ)နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၃ နာရီက ဟားခါးမြို့ပေါ်ရပ်ကွက်များရှိ မဲရုံအခင်းအကျင်း ကြိုတင်ပြင်ဆင်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသက်ထွန်း (ချင်းပြည်နယ်တာဝန်ခံ) နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များသည် ဟားခါးမြို့ပေါ်ရပ်ကွက်များရှိ ဆန္ဒမဲပေးရမည့် မဲရုံနေရာများသို့ ရောက်ရှိ၍ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်နေရာများ၊ မဲရုံကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲလေ့လာသူနေရာများ၊ မဲရုံပြင်ပတွင် တာဝန်ထမ်းဆောင်မည့် မဲရုံအဖွဲ့ဝင်နေရာများအပါအဝင် မဲရုံအခင်းအကျင်း ကြိုတင်ပြင်ဆင်မှုအခြေအနေများကို လိုက်လံကြည့်ရှုကြပြီး ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအုပ်နောလ်နှင့် အတွင်းရေးမှူး ဦးလင်းကျော်တို့က မဲရုံအခင်းအကျင်းကြိုတင်ပြင်ဆင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသက်ထွန်း (ချင်းပြည်နယ်တာဝန်ခံ)က အကြံပြု မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ခွီရှိန်း(ပြန်/ဆက်)**

## ချမ်းအေးသာစံမြို့နယ်၌ မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများ သိသင့်သိထိုက်သည့်အချက်များ ရှင်းလင်းပြောကြား

**မန္တလေး နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ သိသင့်သိထိုက်သည့်အချက်များ ရှင်းလင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်( ၁၄ ) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ကြွယ်က အမှာစကားပြောကြားပြီး ချမ်းအေးသာစံမြို့နယ် တာဝန်ခံ ဒေါ်သင်းနွဲ့နွဲ့ဖေက မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများ၊ သိသင့်သိထိုက်သော အချက်အလက်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမြတ်သစ်က မဲရုံအတွက် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**



## ရိုခေါ်ဒါရ်မြို့၌ မဲရုံများ ပြင်ဆင်ထားရှိမှုအခြေအနေ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရိုခေါ်ဒါရ် နိုဝင်ဘာ ၆**

ချင်းပြည်နယ် ရိုခေါ်ဒါရ်မြို့၌ မဲရုံများ ပြင်ဆင်ထားရှိမှုအခြေအနေများကို ရိုခေါ်ဒါရ်မြို့အုပ်ချုပ်ရေးမှူး ဦးကျင်လမ်းခိုင်နှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရိုခေါ်ဒါရ်မြို့၌ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရိုခေါ်ဒါရ်မြို့ ရပ်ကွက်နှစ်ခုအတွင်းရှိ မဲရုံလေးရုံ၌ မဲရုံတာဝန်ကျသူများနှင့် ဆန္ဒမဲပေးမည့်သူများ အဆင်ပြေစေရေးအတွက် ညွှန်ကြားချက်နှင့်အညီ ပြင်ဆင်ထားရှိမှုအခြေအနေ၊ မဲရုံများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ထားရှိမှု အခြေအနေ၊ မဲရုံပြင်ဆင်ရာတွင် အထောက်အကူပစ္စည်းများ လုံလောက်မှု ရှိ မရှိစစ်ဆေးခြင်းနှင့် မဲရုံများတွင် လျှပ်စစ်မီးရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မဲရုံများ၌ တာဝန်ထမ်းဆောင်မည့်သူများအား မှားယွင်းဆောင်ရွက်မှုမရှိစေရေးအတွက် အစမ်းလေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း၊ မဲရုံများတွင် တာဝန်ထမ်းရွက်မည့်သူများ၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆွေးနွေး၍ လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ရိုခေါ်ဒါရ်မြို့သည် ရပ်ကွက်နှစ်ခုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အမှတ်(၁) ရပ်ကွက်၌ မဲရုံတစ်ရုံနှင့် မဲဆန္ဒရှင်ဦးရေ ၈၈၅ ဦးနှင့် အမှတ်(၂) ရပ်ကွက်၌ မဲရုံသုံးရုံနှင့် မဲဆန္ဒရှင် ၂၈၈၀ ရှိပြီး မြို့ပေါ်ရပ်ကွက်နှစ်ခု၌ မဲရုံ လေးရုံနှင့် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ၃၇၆၅ ဦး ရှိကြောင်း သိရသည်။

**လာလ်ပက်လောမ် (ပက်ကာ)**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၃၄၂ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၆-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၅-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၁၁-၂၀၂၀)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၄,၄၄၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၃၄၂)ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၆-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၆၀၅) ခု | (၃၀၉) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၉၀၁) ခု | (၈၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၈၀၈) ခု | (၆၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၇၁) ခု | (၁၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၄၃၃) ခု | (၈) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၈၆) ခု | (၄၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၁) ခု | - |
| စစ်တွေမြို့ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၈၈) ခု | (၃၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၅၉) ခု | (၃၄၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၆၄၈) ခု | (၄၅၁) ဦး |
| **စုစုပေါင်း** | **(၁၄,၄၄၉) ခု** | **(၁,၃၄၂) ဦး** |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

**မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**

**(၆-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၄,၄၄၉) ဦး | (၇၆၅,၃၉၉) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၃၄၂) ဦး | (၅၉,၂၇၇) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၀၉၉) ဦး | (၄၃,၂၇၇) ဦး |
| သေဆုံးလူနာ | (၂၄) ဦး | (၁,၃၇၆) ဦး |

- ယနေ့ သေဆုံးသူ (၂၄) ဦးအနက် ရောဂါအခံရှိသူ (၂၀) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၀၉၉) ဦးတွင်-
  - o ပြည်သူ့ဆေးရုံများ – (၂၅၃) ဦး
  - o COVID-19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) – (၈၄၆) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၀၅၃)ဦးတွင်-
  - o Hotel Quarantine – (၁၇၄) ဦး
  - o Facility Quarantine – (၁၃၈) ဦး
  - o Community Based Facility Quarantine – (၆၇၄) ဦး
  - o Anosmia Center – (၆၇) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၆-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၅-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ ၉၉၅ ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာအောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | သန်လျင် | ၇၃ |
| | | မင်္ဂလာဒုံ | ၇၀ |
| | | မြောက်ဥက္ကလာပ | ၅၉ |
| | | ကြည့်မြင်တိုင် | ၅၈ |
| | | အင်းစိန် | ၄၈ |
| | | တောင်ဥက္ကလာပ | ၄၁ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၄၀ |
| | | လှိုင်သာယာ | ၃၄ |
| | | တာမွေ | ၃၂ |
| | | ရွှေပြည်သာ | ၂၉ |
| | | သင်္ဃန်းကျွန်း | ၂၆ |
| | | ဒေါပုံ | ၂၂ |
| | | စမ်းချောင်း | ၂၂ |
| | | ဗဟန်း | ၂၁ |
| | | မရမ်းကုန်း | ၁၈ |
| | | မှော်ဘီ | ၁၈ |
| | | ရန်ကင်း | ၁၆ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၅ |
| | | လှိုင် | ၁၄ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၄ |
| | | ထန်းတပင် | ၁၄ |
| | | ကမာရွတ် | ၁၁ |
| | | သာကေတ | ၉ |
| | | ဒလ | ၈ |
| | | ကျောက်တန်း | ၇ |
| | | ဗိုလ်တထောင် | ၆ |
| | | ဒဂုံဆိပ်ကမ်း | ၆ |
| | | အလုံ | ၆ |
| | | လသာ | ၆ |
| | | ပန်းဘဲတန်း | ၆ |
| | | မင်္ဂလာတောင်ညွန့် | ၅ |
| | | ဒဂုံ | ၅ |
| | | လှည်းကူး | ၅ |
| | | တွံ့တေး | ၅ |
| | | ကော့မှူး | ၄ |
| | | ဆိပ်ကြီးခနောင်တို | ၄ |
| | | သုံးခွ | ၃ |
| | | ပုဗ္ဗန်တောင် | ၂ |
| | | ကျောက်တံတား | ၂ |
| | | တိုက်ကြီး | ၁ |
| | | ခရမ်း | ၁ |
| | | စုစုပေါင်း | ၇၈၆ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | အမရပူရ | ၂၃ |
| | | မဟာအောင်မြေ | ၁၃ |
| | | ချမ်းအေးသာစံ | ၅ |
| | | ကျောက်ဆည် | ၅ |
| | | စဥ့်ကိုင် | ၄ |
| | | အောင်မြေသာဇံ | ၃ |
| | | မြင်းခြံ | ၂ |
| | | ပြည်ကြီးတံခွန် | ၁ |
| | | ချမ်းမြသာစည် | ၁ |
| | | ပုသိမ်ကြီး | ၁ |
| | | မလှိုင် | ၁ |
| | | ပျော်ဘွယ် | ၁ |
| | | သာစည် | ၁ |
| | | မိုးကုတ် | ၁ |
| | | မိတ္ထီလာ | ၁ |
| | | စုစုပေါင်း | ၆၃ |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၁၈ |
| | | မော်လမြိုင်ကျွန်း | ၈ |
| | | ညောင်တုန်း | ၄ |
| | | ကျိုက်လတ် | ၃ |
| | | ကျုံပျော် | ၃ |
| | | မအူပင် | ၃ |
| | | ဖျာပုံ | ၂ |
| | | ဝါးခယ်မ | ၂ |
| | | လပွတ္တာ | ၁ |
| | | စုစုပေါင်း | ၄၄ |
| ၄။ | ရခိုင်ပြည်နယ် | ဘူးသီးတောင် | ၉ |
| | | တောင်ကုတ် | ၇ |
| | | မြောက်ဦး | ၆ |
| | | မြေပုံ | ၅ |
| | | စစ်တွေ | ၂ |
| | | အမ်း | ၂ |
| | | ကျောက်တော် | ၂ |
| | | မောင်တော | ၁ |
| | | ကျောက်ဖြူ | ၁ |
| | | စုစုပေါင်း | ၃၅ |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ဖြူး | ၆ |
| | | ပဲခူး | ၅ |
| | | တောင်ငူ | ၅ |
| | | မင်းလှ | ၂ |
| | | ကျောက်တံခါး | ၁ |
| | | ပြည် | ၁ |
| | | ဒိုက်ဦး | ၁ |
| | | ကြို့ပင်ကောက် | ၁ |
| | | ဇီးကုန်း | ၁ |
| | | စုစုပေါင်း | ၂၃ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ချောင်းဦး | ၅ |
| | | ပုလဲ | ၃ |
| | | တမူး | ၃ |
| | | ဘုတလင် | ၂ |
| | | စစ်ကိုင်း | ၁ |
| | | စုစုပေါင်း | ၁၄ |
| ၇။ | မွန်ပြည်နယ် | ရေး | ၅ |
| | | ပေါင် | ၄ |
| | | ကျိုက်ထို | ၃ |
| | | မော်လမြိုင် | ၁ |
| | | စုစုပေါင်း | ၁၃ |
| ၈။ | မကွေးတိုင်းဒေသကြီး | ဆင်ပေါင်ဝဲ | ၂ |
| | | မကွေး | ၁ |
| | | စလင်း | ၁ |
| | | အောင်လံ | ၁ |
| | | ရေနံချောင်း | ၁ |
| | | ပေါက် | ၁ |
| | | စုစုပေါင်း | ၇ |
| ၉။ | ရှမ်းပြည်နယ် | နမ့်ခမ်း | ၂ |
| | | တောင်ကြီး | ၁ |
| | | မူဆယ် | ၁ |
| | | မိုင်းတုံ | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၀။ | ကရင်ပြည်နယ် | မြဝတီ | ၃ |
| | | စုစုပေါင်း | ၃ |
| ၁၁။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၂ |
| | | စုစုပေါင်း | ၂ |
| (၅-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၉၉၅) ဦး |

မှတ်ချက်။ (၅-၁၁-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ ၉၉၅ ဦးတွင် အနံ့မရရှိသူ ၂၅၅ ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ခဲ့



စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၁ ဦးအား စင်ကာပူမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် (၂၅) ကြိမ်မြောက်မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ထို့ပြင် စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၂၇ ဦးအား မြန်မာသံရုံး၊ စင်ကာပူမြို့နှင့် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများ အဖွဲ့ချုပ်တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၁၁ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ၆-၁၁-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၂၆၆၃၇ | ၆၃၄၁၆၀၄ | ၂၄၁၀၂၆ |
| ၂။ | အိန္ဒိယ | ၈၄၁၁၇၂၄ | ၇၇၆၅၉၆၆ | ၁၂၅၀၂၉ |
| ၃။ | ဘရာဇီး | ၅၆၁၄၂၅၈ | ၅၀၆၄၃၄၄ | ၁၆၁၇၇၉ |
| ၄။ | ရုရှား | ၁၇၃၃၄၄၀ | ၁၂၉၆၁၂၄ | ၂၉၈၈၇ |
| ၅။ | ပြင်သစ် | ၁၆၀၁၃၆၇ | ၁၂၄၂၇၈ | ၃၉၀၃၇ |
| ၆။ | စပိန် | ၁၃၆၅၈၉၅ | စိစစ်ဆဲ | ၃၈၄၈၆ |
| ၇။ | အာဂျင်တီးနား | ၁၂၁၇၀၂၈ | ၁၀၃၀၁၃၇ | ၃၂၇၆၆ |
| ၈။ | ဗြိတိန် | ၁၁၂၃၁၉၇ | စိစစ်ဆဲ | ၄၈၁၂၀ |
| ၉။ | ကိုလံဘီယာ | ၁၁၁၇၉၇၇ | ၁၀၁၁၁၆၆ | ၃၂၂၀၉ |
| ၁၀။ | မက္ကဆီကို | ၉၄၉၁၉၇ | ၇၀၁၈၃၇ | ၉၃၇၇၂ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၆– ၁၁ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၉၅၇၄ | ၃၆၀၇၀၅ | ၁၄၄၄၂ |
| ဖိလစ်ပိုင် | ၃၉၁၈၀၉ | ၃၄၉၉၇၄ | ၇၄၆၁ |
| မြန်မာ | ၅၉၂၇၇ | ၄၃၂၇၇ | ၁၃၇၆ |
| စင်ကာပူ | ၅၈၀၄၇ | ၅၇၉၄၉ | ၂၈ |
| မလေးရှား | ၃၈၁၈၉ | ၂၆၃၈၀ | ၂၇၉ |
| ထိုင်း | ၃၈၁၈ | ၃၆၃၉ | ၆၀ |
| ဗီယက်နမ် | ၁၂၁၂ | ၁၀၇၀ | ၃၅ |
| ကမ္ဘောဒီးယား | ၂၉၂ | ၂၈၆ | ၀ |
| ဘရူနိုင်း | ၁၄၈ | ၁၄၄ | ၃ |
| လာအို | ၂၄ | ၂၃ | ၀ |

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမေရိကန်ဒေါ်လာ ၆၀၀၀၀၀ ကျော် တန်ဖိုးရှိ အားကစားပစ္စည်းများလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနသို့ အမေရိကန်ဒေါ်လာ ၆၀၀၀၀၀ ကျော်တန်ဖိုးရှိ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံဝင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ အဆိုပါလှူဒါန်းပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးဆိုင်ရာသံမှူး Mr.Tan Shu Fu နှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယ ပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးကျော်စိုးမိုး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ဒုတိယကျောင်းအုပ်ကြီး ဦးဗလေကျော်သူနှင့်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးကိုယ်စား၊ စီးပွားရေးဆိုင်ရာသံမှူး Mr. Tan Shu Fu ကလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး အမေရိကန်ဒေါ်လာ ၃၅၂ ဒသမ ၉၆၈ တန်ဖိုးရှိ ကျွမ်းဘားအားကစားပစ္စည်းငါးမျိုးဖြစ်သည့် Floor Exercid လေးမျိုး၊ Spring Board (TQ1010) ၁၀ စုံ၊ Spring Board (TQ1011) ၁၀ စုံ၊ Hand guard for rings ၅၀စုံ၊ Hand guard for horizontal bar ၅၀ စုံ၊ လှေလှော်အားကစားပစ္စည်းရှစ်မျိုးဖြစ်သည့် Single Scull ၊Duble Scull ၊Coxless Eight,Coxed Eight နှစ်ခုစီ၊ Sculling Oars ၁၀ စုံ၊ Sweep Oar ၂၄ ချောင်း၊ Dragon Boat (10Paddles) ၁၀ စီး၊ Traditional Paddle ချောင်း ၅၀ ပေးအပ်လှူဒါန်းရာ အားကစားနှင့်ကာယပညာ သိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ဦးကျော်စိုးမိုးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**တင်စိုး(မြန်မာ့အလင်း)**

# ခေါင်လန်ဖူးမြို့နယ်၌ အထွေထွေရွေးကောက်ပွဲတွင် ကိုဗစ် - ၁၉ ရောဂါကူးစက်မှုအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် အသုံးပြုရန်ပစ္စည်းများ တပ်မတော်ရဟတ်ယာဉ်ဖြင့်ပို့ဆောင်



**ခေါင်လန်ဖူး နိုဝင်ဘာ ၆**

ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ မဲရုံများတွင်အသုံးပြုရန် ကိုဗစ် – ၁၉ ရောဂါကူးစက်မှုအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် အသုံးပြုရန်ပစ္စည်းများကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက ပူတာအိုမြို့မှ ခေါင်လန်ဖူးမြို့သို့ တပ်မတော်ရဟတ်ယာဉ်အသုံးပြုကာ ပို့ဆောင်ပေးသည်။


ခေါင်လန်ဖူးမြို့နယ်တွင် ရပ်ကွက်လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၂၃ အုပ်စု၊ မဲရုံပေါင်း ၃၆ ရုံနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း ၈၉၀၉ ဦးတို့ ကိုဗစ် – ၁၉ ရောဂါ အန္တရာယ်မှ ကာကွယ်နိုင်ရေး အချိန်မီဖြန့်ဝေပေးနိုင်ရန်အတွက် ကိုဗစ် – ၁၉ ရောဂါ အကာအကွယ်ပစ္စည်းများဖြစ်သည့် kN–95 Mask ၇၈၅၆၊ PPE Cover All ၁၈၀၊ Goggle ၁၈၀၊ Face Mask များ၊ Boot ၁၈၀၊ Surgical Gloves ၁၈၀ တို့ကို ပို့ဆောင်ပေးခဲ့ကြောင်း သိရသည် ။

**ငြိမ်းအိအိဖြိုး (ပြန်/ဆက်)**

# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**ရန်ကုန် နိုဝင်ဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ) ပထမဆုရရှိသည့် စာရေးဆရာကိုတူး (သာယာမြိုင်) "ပိုးဇာပုံနှိပ်လုပ်ငန်း အသက်မွေးဝမ်းကျောင်း အတတ်ပညာ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။




ယင်းစာအုပ်တွင် အဝတ်အထည်များပေါ်တွင် တံဆိပ်ရိုက်သည့် ပုံနှိပ်လုပ်ငန်း အခြေခံမှစ၍ လက်တွေ့ဆောင်ရွက်ပုံအဆင့်ဆင့်ကို စာဖတ်ပရိသတ်များ နားလည်လွယ်အောင် ရေးသားတင်ပြထားပြီး ဒီဇိုင်းမှစ၍ အရောင်ရွေးချယ်မှုများအထိ လမ်းညွှန်အကြံပေးထားသည့်အတွက် တစ်နိုင်တစ်ပိုင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်နေသူများအတွက်လည်း လက်တွေ့အသုံးချနိုင်မည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေးကျပ် ၁၄၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**


# ရွှေသွေးဂျာနယ်ထွက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

နိုဝင်ဘာ ၇ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် အသားဟင်းပါမှ ထမင်းစားမည်ဆိုသော ရွှေပိုးအကြောင်းကို ရေးဖွဲ့ထားသည့် "မေမေချက်တဲ့ ဟင်း" မျက်နှာဖုံးကာတွန်း၊ ဝါးပင်ပေါက်နိုင်သော မြေအမျိုးအစားအကြောင်းနှင့် ဝါးပင်နှင့် အသုံးဝင်ပုံအကြောင်း ဗဟုသုတဖြစ်ဖွယ်တင်ဆက်ထားသည့် "မြန်မာ့ဝါး" သုတဆောင်းပါး၊ ကလေးတို့အနေဖြင့် ဗုဒ္ဓဘုရားရှင်၏ ဘဝဇာတ်ကြောင်းကို သရုပ်ဖော်ပုံများနှင့်တကွ ဖတ်ရှုမှတ်သားနိုင်မည့် စာအုပ်ကောင်းတစ်အုပ်ကို ရည်ညွှန်းဖော်ပြထားသည့် "ရွှေသွေးတို့စာဖတ်စို့" ကဏ္ဍ၊ ကျားဆိုးကြီးကို နှိမ်နင်းပေးမည်ဆိုသော ဉာဏ်ကြီးရှင် အာတူးအကြောင်းကို ရေးဖွဲ့ထားသည့် "အာတူး၏ နောက်တစ်သိန်းက" မျက်နှာဖုံးကာတွန်း၊ ဖခင်၏ ဉာဏ်အမြော်အမြင်ရှိမှုအကြောင်း ကျောင်းသင်ခန်းစာများကို သင်ကြားလေ့လာခွင့်ရသော မောင်နှမနှစ်ဦးအကြောင်းကို ရေးဖွဲ့ထားသည့် "ညီမနှင့် အရုပ်လေး" ကလေးဝတ္ထု၊ တချို့သောကိစ္စများတွင် အကြံဉာဏ်ကောင်းတစ်ခုကို ပေးရမည်မှာ လွယ်ကူသော်လည်း တကယ်လက်တွေ့ အကောင်အထည်ဖော်ဆောင်ရာတွင် အခက်အခဲရှိကြောင်းကို တင်ဆက်ထားသည့် "ကြောင်ကို ဘယ်သူ ချူဆွဲပေးမလဲ" ပုံပြင်ကဏ္ဍတို့အပါအဝင် ရွှေသွေးအင်္ဂလိပ်သဒ္ဒါကဏ္ဍ ကလေးကာတွန်း၊ ရွှေသွေးတို့ စာဖတ်စို့ကဏ္ဍ၊ ကဗျာကဏ္ဍစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**







## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot - line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၁၁ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၈၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၀၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၄၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၅၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၆၅/၄၉၅ | ကျပ် | ၅၂၅/၅၃၅ | ကျပ် |
| အောက်တိန်း ၉၅ | ၅၉၅/၆၁၀ | ကျပ် | ၆၅၀/၆၇၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၈၇ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၅၅ . ၀၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၉၁ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၄၄ . ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၃၅ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၄ . ၄၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၃၆၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၈၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၁ . ၁၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၁၁၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၁၀၀၀၀ | ၅၃၈ | ၅၃၃၈၀၀၀ |
| MTSH | ၃၇၀၀ | ၃၆၅၀ | ၄၈၇၃ | ၁၇၉၇၉၈၅၀ |
| MCB | ၈၃၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၁၇၀ | ၃၇၄၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂၉၃ | ၇၉၁၁၀၀ |
| EFR | ၄၃၀၀ | ၄၂၀၀ | ၄၉ | ၂၀၇၆၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီဆွေ၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



# မြန်မာစာနှင့် ပါဠိ(၁၂)

## မောင်ခင်မင် (ဓနုဖြူ)

"ဗုဒ္ဓဘာသာကိုအကြောင်းပြုပြီး တို့မြန်မာနိုင်ငံမှာ ပါဠိဘာသာရဲ့ ဩဇာအရှိန်အဝါ ပျံ့နှံ့တဲ့အကြောင်း တော်တော်ပြောပြီးကြပြီနော်။ အရင်အပတ်က ပြောခဲ့တဲ့အတိုင်း ရပ်ထဲရွာထဲက လူတော်တော်များများက ပါဠိဆိုရင် ဘုရားစာလို့ပဲ ယူဆတတ်ကြတယ်ကွဲ့"

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော်လဲ ကြုံဖူးပါတယ်"

"ဒီတော့ တရားဟောရင်လဲ ပါဠိများများပါမှ လေးနက်တယ်လို့ ထင်ကြတာပေါ့ကွယ်။ ဒီနေရာမှာ ဆရာကြီးပီမိုးနင်းရဲ့ အဆိုအမိန့်တစ်ခုကို သတိရတယ်။ တော်တော် မှတ်သားဖို့ကောင်းတယ်"

"ဟုတ်ကဲ့ပါ"

"ဆရာကြီးက ပါဠိဆိုတာ ဘာသာစကားတစ်ခုပဲ၊ ဒါကြောင့် အဲဒီဘာသာစကားနဲ့ အကောင်းလဲပြောလို့ရတယ်။ အဆိုးလဲပြောလို့ရတယ်ဆိုတာကို သဘာဝကျကျ မိန့်ဆိုထားတာလေ။ 'သုခချမ်းသာ စိတ်ပညာ'ဆိုတဲ့ စာအုပ်မှာ ပါတယ်။ ဆရာဖတ်ပြမယ်"

"ဟုတ်ကဲ့ ဆရာ"

"ထိုစကားနှင့်ပင် အကောင်းကိုပြောကြ၏။ ထိုစကားနှင့်ပင် ဆိုးယုတ်စွာ ဆဲရေးကြသည်။ ထိုစကားနှင့်ပင် ကာလသားသမီးများ ချစ်ကြိုက်ကြလေရာ ပါဠိဘာသာကို အသုံးပြုမှ ဖြစ်သည်ဟု စွဲမှတ်ရန်အကြောင်းမရှိ။ သဘောအဓိပ္ပာယ်ကိုသိသော၊ စူးစိုက်သောစိတ်သာ ပဓာန ဖြစ်လေသည်...တဲ့"

"မှတ်သားထားပါ့မယ် ဆရာ။ ပါဠိလို ရေးထားတိုင်း ဘုရားစာမဟုတ်ဘူး။ ဆဲတဲ့စာလဲ ပါဠိလိုရေးနိုင်တယ်။ သမီးရည်းစားစာလဲ ပါဠိလို ရေးနိုင်တယ်ပေါ့နော် ဆရာ"

"အေး...အေး၊ အဲဒီလို ပြောရမှာပေါ့ကွယ်။ နောက်အဆိုအမိန့်တစ်ခုက ပါဠိပါမောက္ခပညာရှင်ကြီးရဲ့ အဆိုအမိန့်ပဲကွဲ့"

"ဘယ်သူပါလဲ ဆရာ"

"ဆရာကြီး ဦးဖေမောင်တင်ပါ။ မင်းသိတဲ့အတိုင်း ဆရာကြီးဦးဖေမောင်တင်ဟာ ပါဠိပါမောက္ခ၊ ပါဠိဘာသာစာပေနှံ့စပ်တဲ့ ပညာရှင်ကြီးလေ။ ပါဠိဘာသာကို အင်မတန်လေးစားတဲ့ ပုဂ္ဂိုလ်ကြီးပေါ့။ ဆရာကြီးက ဘာပြောသလဲဆိုရင် ရှေးက ပါဠိစာပေတွေကို မြန်မာဘာသာပြန်တဲ့အခါ မြန်မာလိုသက်သက်မပြန်ဘဲ ပါဠိတစ်ပိုဒ်၊ မြန်မာတစ်ပိုဒ် နိဿယပြန်ခဲ့တဲ့အတွက် မြန်မာစကားပြေ အရေးအသားဟာ ချောချောမွေ့မွေ့ မဖြစ်ဘဲ နှစ် ၅၀၀ လောက် အချိန်တွေပုပ်သွားတယ်... တဲ့"

"ဩော်"

"ပါဠိ မြန်မာနိဿယတွေ လွှမ်းမိုးနေလို့ မြန်မာစကားပြေကောင်းတွေ ပေါ်ပေါက်တာ နှစ် ၅၀၀ လောက် နောက်ကျသွားတယ်လို့ ဆိုလိုတာပေါ့ကွယ်"

"နားလည်ပါပြီ ဆရာ"

"သာမန်ပုဂ္ဂိုလ်တစ်ယောက်က ပြောတာဆိုရင်တော့ ပါဠိကိုထိခိုက်ပြီး ပြောတယ်လို့ ထင်စရာပေါ့။ ခုတော့ ပြောတဲ့ ပုဂ္ဂိုလ်ဟာ ပါဠိပညာရှင်ကြီး ကိုယ်တိုင်ဖြစ်နေတာမို့ အလေးအနက်သဘောထားရမှာပေါ့ကွယ်"

"မှန်ပါတယ် ဆရာ"

"အဲ...နောက် အဆိုအမိန့်တစ်ခု ပြောချင်သေးတယ်။ ဆရာကြီး သခင်ဘသောင်းရဲ့ အဆိုအမိန့်ပါ။ သခင်ဘသောင်းဟာလဲ မြန်မာစာရော၊ ပါဠိရော၊ အင်္ဂလိပ်ရော ကျွမ်းကျင်တဲ့စာရေးဆရာကြီးမဟုတ်လား။ ဆရာကြီးက ဘာသာပြန်အကြောင်း ဟောပြောရာမှာ ထည့်ပြောတာလေ"

"ပြောပြပါ ဆရာ"

"တို့မြန်မာတွေဟာ ပါဠိကို မြန်မာပြန်တဲ့အခါ မြန်မာလိုသန့်သန့် မပြန်ဘဲ ပါဠိစကားလုံးတွေကပဲ အသက်ထည့်ပြီး ပါဠိပျက်စကားလုံးတွေအဖြစ် ပြန်ခဲ့ကြတယ်...တဲ့။ မြန်မာလို သန့်သန့်ပြန်တာကို ပါဠ်လျောက်ပြန်နည်းလို့ခေါ်တယ်။ ပါဠိပျက်တွေနဲ့ ပြန်နည်းကိုတော့ နာမသတ်ပြန်နည်းလို့ ခေါ်တာပေါ့"

"ဟုတ်ကဲ့ပါ"

"ဆရာကြီးက ဘာကို သာဓကပြသလဲဆိုတော့ 'မဂ်'ဆိုတဲ့ ပါဠိပျက်စကားလုံးကို ပြတယ်။ 'မဂ်'ဆိုတာ 'မဂ္ဂ'ဆိုတဲ့ ပါဠိစကားကို မြန်မာမှုပြုလိုက်တာ မဟုတ်လား။ မဂ္ဂမှာ ဂ– တစ်လုံးကိုဖြုတ်ပြီး တစ်လုံးကို အသတ်ထည့်လိုက်တာလေ"

> "ဆရာကြီးက ပါဠိဆိုတာ ဘာသာစကားတစ်ခုပဲ၊ ဒါကြောင့် အဲဒီဘာသာစကားနဲ့ အကောင်းလဲပြောလို့ရတယ်။ အဆိုးလဲပြောလို့ရတယ်ဆိုတာကို သဘာဝကျကျ မိန့်ဆိုထားတာလေ။ 'သုခချမ်းသာ စိတ်ပညာ'ဆိုတဲ့ စာအုပ်မှာ ပါတယ်။ ဆရာဖတ်ပြမယ်" "ဟုတ်ကဲ့ ဆရာ" "ထိုစကားနှင့်ပင် အကောင်းကိုပြောကြ၏။ ထိုစကားနှင့်ပင် ဆိုးယုတ်စွာ ဆဲရေးကြသည်။ ထိုစကားနှင့်ပင် ကာလသားသမီးများ ချစ်ကြ ကြိုက်ကြလေရာ ပါဠိဘာသာကို အသုံးပြုမှ ဖြစ်သည်ဟု စွဲမှတ်ရန်အကြောင်းမရှိ။ သဘော အဓိပ္ပာယ်ကိုသိသော၊ စူးစိုက်သောစိတ်သာ ပဓာန ဖြစ်လေသည်...တဲ့"

"ဟုတ်ပါတယ် ဆရာ"

"'မဂ္ဂ'ရဲ့ အဓိပ္ပာယ်က 'လမ်း'ပဲ။ 'အဋ္ဌင်္ဂိကော မဂ္ဂေါ'ဆိုတဲ့ ပါဠိစကားကို မြန်မာပြန်တဲ့အခါ လမ်းရှစ်သွယ်၊ လမ်းရှစ်ခုလို့ပြန်ရင် အဓိပ္ပာယ်ရှင်းတာပေါ့။ အင်္ဂါရှစ်ပါးရှိသော လမ်းပေါ့။ 'လမ်း'ဆိုတာ သွားရတဲ့နေရာလို့ အဓိပ္ပာယ်ရှိတာမို့ နိဗ္ဗာန်ကို သွားတဲ့လမ်းဆိုတာ နားလည်နိုင်တာပေါ့။ ဆရာကြီးက အဲဒါတွေရှင်းပြပြီး အင်္ဂလိပ်လို ဘာသာပြန်တဲ့အခါမှာလဲ မဂ္ဂကို 'way','path' လို့ပြန်တော့ နားလည်တယ်တဲ့။ ဒါပေမဲ့ တို့မြန်မာတွေက 'မဂ္ဂ'ကို လမ်းလို့မပြန်ဘဲ 'မဂ်'လို့ ပြန်လိုက်တော့ အဓိပ္ပာယ်နားမလည်တဲ့အတွက်ပဲ မြန်မာတွေ 'လမ်းပျောက်'သွားတယ်လို့ ဆရာကြီးက ထောက်ပြထားတယ်လေ"

"မဂ္ဂကို 'လမ်း'လို့ ရှင်းရှင်းလင်းလင်း ဘာသာမပြန်လို့ မြန်မာတွေ လမ်းပျောက်သွားတယ်ဆိုတဲ့ စကားဟာ တော်တော် ထိမိတာပဲနော် ဆရာ"

"အေး...ဒါတွေကတော့ ပါဠိအရှိန်အဝါကြောင့် ဖြစ်လာရတဲ့ ဘဝင်မကျစရာ သက်ရောက်မှု တချို့ပေါ့ကွယ်။ အဲ...တစ်ဖက်ကကြည့်ရင်တော့ ပါဠိစကားနဲ့ဖန်တီးလိုက်တဲ့ မြန်မာဝေါဟာရသစ်တွေ တိုးပွားလာတာဟာလဲ သက်ရောက်လာမှုတွေပါပဲ။ ဒါတွေကတော့ ကြိုဆိုအပ်တဲ့ သက်ရောက်မှုတွေပေါ့ကွယ်"

"ပြောပြပါ ဆရာ"

"ဝေးဝေးလံလံမကြည့်နဲ့ 'ဒီနေ့'တို့ တွင်တွင်ကျယ်ကျယ်သုံးနေတဲ့ 'သုတေသန'ဆိုတဲ့ စကားပဲကြည့်လေ"

"ဟုတ်ကဲ့"

"'သုတေသန'ဆိုတဲ့ ဝေါဟာရဟာ ပါဠိမှာ မူလကရှိတဲ့ ဝေါဟာရမဟုတ်ဘူး။ သုတ (အကြားအမြင်)နဲ့ ဩသန (ရှာမှီးခြင်း)ဆိုတဲ့ ပါဠိစကားနှစ်လုံးကို ပေါင်းစပ်ဖန်တီးထားတာလေ။ ပါဠိတတ်ကျွမ်းတဲ့ မြန်မာပညာရှင်တွေရဲ့ ဖန်တီးချက်ပေါ့။ အင်္ဂလိပ်စကား research နဲ့ သဘောချင်းတူတာပေါ့။ အခုတော့ အင်မတန်အသုံးဝင်တဲ့ ဝေါဟာရဖြစ်နေပြီလေ"

"ဟုတ်ကဲ့ပါ"

"ဒီနေ့ တွင်ကျယ်နေတဲ့ 'တက္ကသိုလ်၊ ဝိဇ္ဇာ၊ သိပ္ပံ၊ ပါမောက္ခ၊ ကထိက'ဆိုတဲ့ စကားလုံးတွေလဲ ကိုလိုနီ ခေတ်မှာ ဆရာကြီးဦးဖေမောင်တင်နဲ့ မြန်မာ ပညာရှင်တွေ ညှိနှိုင်းတိုင်ပင်ပြီး သတ်မှတ်ခဲ့ကြတဲ့ စကားလုံးတွေပဲ။ စောစောတုန်းကတော့ အင်္ဂလိပ် အခေါ်တွေပဲရှိတယ်လေ"

"ဟုတ်ကဲ့"

"ဆရာကြီး ဦးဖေမောင်တင်က အဲဒီအကြောင်း တစ်ခါက ဟောပြောဖူးတယ်။ university ဆိုတဲ့ ဝေါဟာရကို ဘာသာပြန်ဖို့ စဉ်းစားတော့ ရှေးအိန္ဒိယပြည်မှာရှိတဲ့ Taxila တက်ကဆီလာဆိုတဲ့ မြို့နာမည်ကို 'တက္ကသိုလ်' လို့ ရှေးကတည်းက မြန်မာမှုပြုခဲ့ကြတာမို့ တက္ကသိုလ်လို့ခေါ်ဖို့ ဆုံးဖြတ်ခဲ့ကြတာတဲ့။ ပညာနဲ့ပတ်သက်ပြီး နာမည်ထင်ရှား တဲ့ မြို့ပေါ့။ အဲဒီမြို့ကလေးက ရှေးက အနယ်နယ်အရပ်ရပ်က မင်းညီမင်းသားတွေ ပညာလာသင်တဲ့ 'တက္ကသီလာ' တက္ကသိုလ်ပြည်လို့ စာပေကျမ်းဂန်တွေမှာ ပါတဲ့ မြို့ပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ဟိုတုန်းက lecturerကို 'စာပို့ဆရာ'၊ professor ကို 'စာပို့ဆရာကြီး'လို့ ခေါ်ကြဖူးတယ်တဲ့။ 'စာပို့' ဆိုတာ စာပေ ပို့ချသင်ကြားတဲ့ အဓိပ္ပာယ်ပေါ့ကွယ်။ ဒါပေမဲ့ post office ပေါ်လာတဲ့အခါ 'စာပို့တိုက်'လို့ ခေါ်တော့ ရောကုန်တာပေါ့။ ဒါကြောင့် 'ကထိက၊ ပါမောက္ခ'ဆိုတဲ့ ပါဠိစကားလုံးတွေကို ဆရာကြီး တို့တိုင်ပင်ပြီး သုံးခဲ့ကြတာလေ။ ခုအထိ အသုံးတွင်ကျယ်နေတယ် မဟုတ်လား။ ဒါတွေကတော့ လိုလားအပ်တဲ့ ဩဇာသက်ရောက်မှုလို့ခေါ်ရမှာပေါ့ကွယ်"။ ။

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### ကိုယ်ဝန်ရှိနေပြီဟူသော ကောလာဟလများကို ဟေးလီဘီဘာ ငြင်းဆို

အဆိုတော် ဂျက်စတင်ဘီဘာရဲ့ဇနီးသည်ဖြစ်သူ ဟေးလီဘီဘာကတော့ သူ့မှာ ကိုယ်ဝန်ရှိနေပြီဆိုတဲ့သတင်းကို အတိအကျပဲ ငြင်းဆိုလိုက်ပါတယ်။

မော်ဒယ်တစ်ဦးဖြစ်သူ ဟေးလီဘီဘာမှာ ကိုယ်ဝန်ဆောင်ထားတယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်ပေမယ့် ဒီသတင်းဟာ အမှန်မဟုတ်ဘူးလို့ ယူအက်စ် ဝိခ်ကလီးမှာ ဖော်ပြထားပါတယ်။ ဒါကြောင့်မို့ သတင်းအရင်းအမြစ်အတုတွေဆီက သတင်းအမှားတွေအကြောင်း ရေးသားတာကို ရပ်တန့်ပြီး ရွေးကောက်ပွဲကိုပဲ အာရုံစိုက်ကြပါလို့ ဟေးလီက ပြောပါတယ်။

လက်ရှိ အချိန်မှာတော့ ဟေးလီမှာ ကိုယ်ဝန်မရှိသေးပေမယ့် အနာဂတ်မှာတော့ ကလေးယူဖို့ အစီအစဉ်ရှိပါတယ်။ ဟေးလီနဲ့ ဂျက်စတင်ဘီဘာတို့ စတင်လက်ထပ်စဉ် လွန်ခဲ့တဲ့နှစ်နှစ်ကတည်းက ကလေးယူမယ့်အကြောင်းကို သူတို့နှစ်ဦးစလုံးဆွေးနွေးပြီးသားပါ။

ဂျက်စတင်ဘီဘာကိုယ်တိုင်ကလည်း အချိန်တန်ရင် မိသားစုဘဝ တည်ထောင်ဖို့ စိတ်ကူးရှိပြီး အဲဒီမတိုင်ခင် ပြင်ဆင်စရာတွေရှိသေးတယ်လို့ အင်တာဗျူးမှာ ဖြေကြားခဲ့ဖူးပါတယ်။ ဟေးလီကတော့ ကလေးယူခဲ့ရင် သမီးလေး လိုချင်တယ်။ ဒါမှ သူ့ရဲ့ဆွယ်တာ အင်္ကျီတွေ လက်ဆင့်ကမ်းပေးလို့ ရမှာလို့ ဖြေကြားခဲ့ပါတယ်။

**စကိုင်းနယူးစ်**




ဂျက်စတင်ဘီဘာနှင့် ဟေးလီဘီဘာ

### လီယံဟမ်းစ်ဝါ့သ်နဲ့ ကွာရှင်းခဲ့တဲ့အတွက် အချိန်အကြာကြီး ဝမ်းနည်းမနေဘူးလို့ မိုင်လီပြော

အဆိုတော်မိုင်လီဆိုင်းရပ်စ်က သူ့ဘဝမှာ အတိတ်ကဖြစ်ရပ်တွေအတွက် အချိန်အကြာကြီး ဝမ်းနည်းပူဆွေးမနေဘူးလို့ ပြောပါတယ်။

ခင်ပွန်းဟောင်းဖြစ်သူ လီယံဟမ်းစ်ဝါ့သ်နဲ့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ အပြီးသတ် ကွာရှင်းပြီးတဲ့နောက် စိတ်ဒဏ်ရာတွေကို ဘယ်လိုကျော်လွှားခဲ့သလဲဆိုတာ ကိုမိုင်လီဆိုင်းရပ်စ်က ပြောပြခဲ့ပါတယ်။ နိုဝင်ဘာ ၂ ရက်က ပြုလုပ်ခဲ့တဲ့ ရုပ်သံအစီအစဉ်မှာ အသည်းကွဲတာကို ကုစားနိုင်တဲ့သူ့ရဲ့ လျှို့ဝှက်နည်းလမ်းကိုပြောပြခဲ့တာပါ။

ပြီးခဲ့တဲ့နှစ်နှစ်တာကာလအတွင်းမှာ စိတ်ဒုက္ခရောက်စရာတွေနဲ့ကြုံတွေ့ခဲ့ရပါတယ်။ မာလီဘူးမှာရှိတဲ့ နေအိမ်မီးလောင်သွားသလို ခင်ပွန်းသည်နဲ့လည်း ကွာရှင်းခဲ့တယ်။ အချစ်ရဆုံးအဘွားကိုလည်း ဆုံးရှုံးခဲ့ရတယ်လို့ မိုင်လီက ပြောပါတယ်။ အဲဒီအတွက် အချိန်အကြာကြီး ဝမ်းနည်းကြေကွဲမနေဘူး။ ဝမ်းနည်းမှုတွေကြားထဲမှာ ချောင်ပိတ်မိနေမှာထက် တက်တက်ကြွကြွနဲ့ ဘဝကို ပြန်စနိုင်အောင် ကြိုးစားခဲ့တယ်။ ခရီးတွေထွက်တယ်။ အပေါင်းအသင်းအသစ်တွေနဲ့ တွေ့တယ်။ လူတစ်ယောက် ကိုယ့်ဘဝထဲက ထွက်သွားရင် နောက်တစ်ယောက်က ကိုယ့်ဘဝထဲကို ဝင်လာမှာပဲ ။ဒီလိုနည်းလမ်းနဲ့ပဲ ဝမ်းနည်းမှုတွေကို ကျော်ဖြတ်ခဲ့တယ်လို့ မိုင်လီဆိုင်းရပ်စ်က ဖြေကြားခဲ့ပါတယ်။ **စကိုင်းနယူးစ်**



# Stay at home အစီအစဉ်တွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ

*ယမန်နေ့မှအဆက်*

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန အမည် | အလုပ်သမားဦးရေ | ထောက်ပံ့ငွေ(ကျပ်) |
|---|---|---|---|---|
| ၈၃၆ | 13003.311.4.2.15 | MYSARCO | ၁၈၁ | ၁၂,၅၂၉,၈၀၀.၀၀ |
| ၈၃၇ | 13003.311.4.2.26 | ကေသီဦးဖိနပ်လုပ်ငန်း | ၃၄ | ၁,၉၅၈,၄၀၀.၀၀ |
| ၈၃၈ | 13003.311.5.2.13 | Max Winner Co.,Ltd | ၈၃၅ | ၄၈,၄၀၈,၀၀၀.၀၀ |
| ၈၃၉ | 13003.311.5.2.21 | Tiger Asia Plastic Factory | ၁၈ | ၁,၀၃၉,၂၀၀.၀၀ |
| ၈၄၀ | 13003.311.5.2.30 | DaHua | ၉၆ | ၅,၉၃၄,၄၀၀.၀၀ |
| ၈၄၁ | 13003.311.5.2.34 | EVER BRIGHT(MYANMAR)TEXTILE CO.,LTD | ၇ | ၄၆၅,၆၀၀.၀၀ |
| ၈၄၂ | 13003.311.6.2.21 | Top Choice Plastic | ၂၀ | ၁,၁၅၆,၈၀၀.၀၀ |
| ၈၄၃ | 13003.311.6.2.26 | Global Paper Holdins | ၈၃ | ၄,၈၀၀,၄၀၀.၀၀ |
| ၈၄၄ | 13003.311.7.2.15 | Sanyaun Oversea(Myanmar) Apparel Manufacturing Co,.Ltd | ၁,၀၀၃ | ၅၆,၈၆၅,၆၀၀.၀၀ |
| ၈၄၅ | 13003.311.7.2.35 | Yi Mei Footwear Products Factory Co., Ltd. | ၄၇ | ၂,၈၉၉,၂၀၀.၀၀ |
| ၈၄၆ | 13003.311.7.2.39 | Able Better Garment Co.,Ltd | ၈၃၆ | ၃၆,၈၇၇,၃၇၀.၀၀ |
| ၈၄၇ | 13003.311.8.2.16 | ပရိဘောဂ ချစ်သူ | ၉ | ၅၈၈,၀၀၀.၀၀ |
| ၈၄၈ | 13003.311.8.2.17 | TKS &Troding Co,.Ltd | ၂ | ၁၉၄,၄၀၀.၀၀ |
| ၈၄၉ | 13007.312.1.2.16 | Shining Access | ၅၈၇ | ၃၃,၇၈၁,၄၄၀.၀၀ |
| ၈၅၀ | 13007.312.2.2.165 | Myanmar Pou Chen | ၅,၈၇၅ | ၃၇၆,၀၁၉,၄၆၀.၀၀ |
| ၈၅၁ | 13007.312.1.2.72 | ထူးသစ်အခြေခံစက်ရုံ | ၁၀၁ | ၈,၇၀၃,၈၈၀.၀၀ |
| ၈၅၂ | 13007.312.1.2.104 | Costec International | ၉၈၅ | ၅၁,၂၉၈,၈၀၀.၀၀ |
| ၈၅၃ | 13007.312.1.2.237 | Myantex Industrial Co.,Ltd | ၇၇၂ | ၃၈,၅၆၆,၀၈၀.၀၀ |
| ၈၅၄ | 13007.312.1.2.277 | Lighthouse Enterprise | ၁၅၁ | ၈,၅၉၆,၈၀၀.၀၀ |
| ၈၅၅ | 13007.312.1.2.318 | အောင်-ကြွေပြား | ၁၅၅ | ၈,၉၂၈,၀၀၀.၀၀ |
| ၈၅၆ | 13007.312.2.2.141 | B&N Factory | ၇၃၉ | ၄၂,၄၂၇,၀၈၀.၀၀ |
| ၈၅၇ | 13007.312.2.2.185 | PEACH GARDEN | ၇၂၀ | ၄၁,၅၉၆,၈၀၀.၀၀ |
| ၈၅၈ | 13007.312.3.2.105 | Best Hubo | ၉၅၆ | ၅၅,၃၃၃,၆၀၀.၀၀ |
| ၈၅၉ | 13007.312.3.2.14 | JOC Myanmar Garment | ၈၆၉ | ၄၈,၃၁၁,၀၄၀.၀၀ |
| ၈၆၀ | 13007.312.4.2.35 | ETERNAL EASE | ၆၂၆ | ၃၅,၇၅၂,၅၆၀.၀၀ |
| ၈၆၁ | 13007.312.4.2.51 | Jiangsu Holly Myanmar | ၁,၁၄၆ | ၆၉,၃၇၀,၈၀၀.၀၀ |
| ၈၆၂ | 13007.312.5.2.59 | GTIG Huasheng(Myanmar) Co.,Ltd | ၁,၅၄၀ | ၈၇,၃၈၃,၈၄၀.၀၀ |
| ၈၆၃ | 13007.312.6.2.27 | Myanmar Xiang Rui | ၅၄၅ | ၃၀,၀၁၄,၈၈၀.၀၀ |
| ၈၆၄ | 13007.312.6.2.33 | Hesheng Myanmar Leather | ၈၃၅ | ၄၁,၀၃၇,၆၀၀.၀၀ |
| ၈၆၅ | 13007.312.7.2.10 | Xing Le Leather Goods | ၁၇၀ | ၁၀,၆၆၅,၆၀၀.၀၀ |
| ၈၆၆ | 13007.312.7.2.36 | Da Wai Co;Ltd | ၁၀၂ | ၆,၁၄၅,၉၂၀.၀၀ |
| ၈၆၇ | 13007.312.7.2.38 | ZYZ Apparel | ၆၀၂ | ၃၃,၃၂၉,၆၀၀.၀၀ |
| ၈၆၈ | 13007.312.7.2.52 | RAIN BOW TEX MYANMAR | ၇၆၆ | ၃၇,၀၅၆,၄၈၀.၀၀ |
| ၈၆၉ | 13007.312.7.2.79 | Twinkle Myanmar Co;Ltd | ၁၄၂ | ၉,၄၃၈,၄၀၀.၀၀ |
| ၈၇၀ | 13007.312.8.2.23 | Kamara Manufacturing (Myanmar) | ၆၄၂ | ၃၇,၁၈၂,၇၂၀.၀၀ |
| ၈၇၁ | 13007.312.8.2.47 | Newtek(Myanmar)Co.,Ltd | ၁၃၇ | ၆,၈၈၂,၇၂၀.၀၀ |
| ၈၇၂ | 13008.313.1.2.57 | Htun International Manufacturing Co.,Ltd | ၂၇၄ | ၁၅,၈၉၀,၈၈၀.၀၀ |
| ၈၇၃ | 13008.313.1.2.98 | La Min Paper Mill | ၁၃၂ | ၆,၃၇၉,၂၀၀.၀၀ |
| ၈၇၄ | 13008.313.1.2.124 | Myanmar Yes (Box) | ၁၄၆ | ၁၀,၇၆၉,၇၇၂.၈၀ |
| ၈၇၅ | 13008.313.1.2.153 | ရွှေနယားလေမှုတ်စက် | ၇ | ၄၀၃,၂၀၀.၀၀ |
| ၈၇၆ | 13008.313.1.2.171 | Kakado Myanmar Garment Factory | ၃၉၀ | ၂၂,၄၆၄,၀၀၀.၀၀ |
| ၈၇၇ | 13008.313.1.2.180 | Myanmar PaDa Laundry | ၁၁၅ | ၆,၆၂၉,၇၆၀.၀၀ |
| ၈၇၈ | 13008.313.1.2.237 | လင်းလင်းသာစက်ရုံ | ၁၄၃ | ၈,၅၅၂,၀၀၀.၀၀ |
| ၈၇၉ | 13008.313.1.2.354 | HARMONY MYANMAR | ၉၆၃ | ၆၁,၃၈၄,၂၁၉.၆၁ |
| ၈၈၀ | 13008.313.1.2.442 | Sunny Shoes | ၁,၂၀၀ | ၇၅,၂၈၆,၈၀၀.၀၀ |
| ၈၈၁ | 13008.313.1.2.478 | Myanmar Region | ၁၄၂ | ၈,၂၇၄,၉၆၀.၀၀ |
| ၈၈၂ | 13008.313.2.2.109 | SDI Mfg | ၅၄၆ | ၃၁,၀၈၉,၆၀၀.၀၀ |
| ၈၈၃ | 13008.313.2.2.129 | Kaung Htet Win | ၂၄၂ | ၁၀,၂၂၄,၀၀၀.၀၀ |
| ၈၈၄ | 13008.313.4.2.70 | YUAN HONG GARMENT CO.,LTD | ၁၆၆ | ၉,၂၉၁,၆၀၀.၀၀ |
| ၈၈၅ | 13008.313.5.2.4 | Cobes Industries Myanmar Co.,Ltd | ၂၈၅ | ၁၆,၅၄၀,၈၀၀.၀၀ |
| ၈၈၆ | 13008.313.6.2.8 | လယ်ယာသုံးပစ္စည်းသိုလှောင်ရုံ | ၄ | ၁၇၆,၀၀၀.၀၀ |
| ၈၈၇ | 13008.313.6.2.37 | စိန်ဂေဟာ(လှိုင်သာယာ) | ၂၀ | ၁,၁၅၂,၀၀၀.၀၀ |
| ၈၈၈ | 13008.313.8.2.37 | SU ZHONG CLOTHING LIMITED | ၁၆၁ | ၇,၇၀၈,၇၀၄.၀၀ |
| ၈၈၉ | 13009.34.1.2.34 | Benzai Beer Pub | ၅ | ၁၂၀,၀၀၀.၀၀ |
| ၈၉၀ | 13009.34.1.2.270 | ရွှေဒါး ဆပ်ပြာ | ၄ | ၁၈၄,၀၀၀.၀၀ |
| ၈၉၁ | 13009.34.1.2.271 | တက်နေ Co.,ltd | ၅ | ၂၆၄,၀၀၀.၀၀ |
| ၈၉၂ | 13009.34.1.2.338 | ကျွန်းရွှေဝါ အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းလီမိတက် | ၁၂ | ၂၅၂,၀၀၀.၀၀ |
| ၈၉၃ | 13009.34.3.2.121 | Myanmar Mahar Htun Co., Ltd. | ၈ | ၆၂၀,၀၀၀.၀၀ |
| ၈၉၄ | 13009.34.4.2.106 | Maha Land Development Co.,Ltd | ၆ | ၇၂၀,၀၀၀.၀၀ |
| ၈၉၅ | 13009.34.4.2.146 | Soe Aung Brother | ၁၄ | ၁,၀၀၀,၀၀၀.၀၀ |
| ၈၉၆ | 13009.34.5.2.79 | ရွှေတောင်ပေါ် Group | ၂ | ၁၂၄,၀၀၀.၀၀ |
| ၈၉၇ | 13009.34.5.2.82 | Viettle Contruction Myanmar | ၃၉ | ၄,၀၂၁,၈၀၀.၀၀ |
| ၈၉၈ | 13009.34.6.2.14 | Euphoria Auto Services | ၁၇ | ၁,၀၈၀,၀၀၀.၀၀ |
| ၈၉၉ | 13009.34.6.2.46 | တိုင်းရင်းသားစားတော်ဆက် | ၁၅ | ၁,၃၂၈,၀၀၀.၀၀ |
| ၉၀၀ | 13009.34.6.2.65 | Four Rivers Inya Office Co.Ltd | ၄ | ၄၄၄,၀၆၀.၀၀ |
| ၉၀၁ | 13009.34.7.2.45 | KIA ကားဆားဗစ်စင်တာ | ၁၄၈ | ၁၄,၉၈၉,၅၉၂.၀၀ |
| ၉၀၂ | 13009.34.7.2.103 | Champion Oversea Trading Co., Ltd | ၆ | ၄၁၃,၂၀၀.၀၀ |
| ၉၀၃ | 13009.34.8.2.6 | CLOUDNET CO.,LTD | ၆ | ၇၀၀,၀၀၀.၀၀ |
| ၉၀၄ | 13009.34.8.2.7 | GLOBESO Co.,Ltd | ၆ | ၆၈၀,၀၀၀.၀၀ |
| ၉၀၅ | 13009.34.8.2.51 | Constructive Engineers Ltd | ၁၉၆ | ၁၉,၉၆၃,၆၀၀.၀၀ |
| ၉၀၆ | 13018.31.1.2.27 | KME Engineering | ၁၂ | ၆၉၁,၂၀၀.၀၀ |
| ၉၀၇ | 13018.31.1.2.32 | Diamond River Industry | ၆ | ၁၆၈,၀၀၀.၀၀ |
| ၉၀၈ | 13018.31.1.2.97 | Silver Light ပုံနှိပ် | ၉ | ၂၈၈,၀၀၀.၀၀ |
| ၉၀၉ | 13018.31.1.2.176 | ပင်မစက်ပြင်အလုပ်ရုံ(Asia World) | ၇၉ | ၅,၄၇၆,၀၀၀.၀၀ |
| ၉၁၀ | 13018.31.1.2.244 | Q & D ပရိဘောဂ | ၆ | ၁၆၈,၀၀၀.၀၀ |
| ၉၁၁ | 13018.31.1.2.245 | Steel Master Co,Ltd | ၃ | ၇၂,၀၀၀.၀၀ |
| ၉၁၂ | 13018.31.1.2.381 | Steel Master Showroom | ၅ | ၁၄၀,၀၀၀.၀၀ |
| ၉၁၃ | 13018.31.1.2.405 | ရွှေတံခွန်ဦးအုန်းရွှေ စက်မှု | ၃ | ၇၂,၀၀၀.၀၀ |
| ၉၁၄ | 13018.31.1.2.425 | Tefel Packaging | ၃၀၁ | ၂၀,၀၆၄,၅၄၄.၂၆ |
| ၉၁၅ | 13018.31.1.2.458 | အောင်စိန်လင်းသစ်အချောထည် | ၆ | ၃၄၅,၆၀၀.၀၀ |
| ၉၁၆ | 13018.31.1.2.471 | Real Star အထည်ချုပ် | ၅၀၃ | ၂၈,၉၇၂,၈၀၀.၀၀ |
| ၉၁၇ | 13018.31.2.2.123 | ဦးမြင့်ကျော် အထည်ချုပ် | ၆ | ၁၉၂,၀၀၀.၀၀ |
| ၉၁၈ | 13018.31.3.2.147 | Eagle PVC Door | ၂၁ | ၁,၂၀၉,၆၀၀.၀၀ |
| ၉၁၉ | 13018.31.6.2.49 | Esung Myanmar Co.,Ltd | ၁၁၆ | ၆,၇၃၇,၅၄၀.၄၀ |
| ၉၂၀ | 13018.31.7.2.35 | Myanmar Sun Way Shoes Ltd | ၅၃၃ | ၃၀,၈၄၈,၀၀၀.၀၀ |
| ၉၂၁ | 13018.31.7.2.73 | Longheng Myanmar Manufacturing | ၁၉၀ | ၁၁,၀၀၆,၄၀၀.၈၀ |
| ၉၂၂ | 13019.32.1.2.4 | New Super Plastic | ၃၃၀ | ၂၆,၃၂၄,၂၀၀.၀၀ |
| ၉၂၃ | 13019.32.1.2.131 | Talent Art Co., | ၁၂ | ၇၁၄,၂၄၀.၀၀ |
| ၉၂၄ | 13019.32.1.2.179 | ဦးမြင့်အောင်ပလပ်စတစ် | ၁၁ | ၆၃၃,၆၀၀.၀၀ |
| ၉၂၅ | 13019.32.4.2.41 | Viet Myanmar | ၃၆ | ၃,၀၁၂,၀၀၀.၀၀ |
| ၉၂၆ | 13019.32.4.2.50 | Phu Pwint San Co.,Ltd | ၁၀၀ | ၆,၉၄၀,၀၀၀.၀၀ |
| ၉၂၇ | 13019.32.5.2.29 | Golden Enchant Co.,Ltd | ၁၅ | ၁,၅၀၄,၀၀၀.၀၀ |
| ၉၂၈ | 13019.32.6.2.49 | NOKL 119 | ၉ | ၅၄၀,၈၀၀.၀၀ |
| ၉၂၉ | 13019.32.6.2.50 | Royal True Star Enginnering | ၂၃ | ၂,၀၉၂,၀၀၀.၀၀ |
| ၉၃၀ | 13019.32.6.2.119 | အေးချမ်းငြိမ်းကျော် | ၃၃ | ၃,၀၅၆,၀၀၀.၀၀ |
| ၉၃၁ | 13019.32.6.2.120 | သမီးတော်စွမ်းအားရုံခွဲ ၂ | ၆၂ | ၂,၆၇၈,၄၀၀.၀၀ |
| ၉၃၂ | 13019.32.7.2.6 | First Fortune International co.,Ltd | ၈၁ | ၆,၈၇၇,၀၀၀.၀၀ |
| ၉၃၃ | 13019.32.7.2.41 | Royal Cupid Co.,Ltd | ၆ | ၅၂၄,၀၀၀.၀၀ |
| ၉၃၄ | 13019.32.7.2.114 | Belink (Myanmar) Technology Co.,ltd | ၁၂၁ | ၆,၉၆၆,၄၀၀.၀၀ |
| ၉၃၅ | 13019.32.8.2.30 | MSP Rental Limited | ၁၈ | ၂,၁၆၀,၀၀၀.၀၀ |
| ၉၃၆ | 13033.35.1.2.269 | သင်းပုံနှိပ်တိုက်လုပ်ငန်း | ၆ | ၂၄၀,၀၀၀.၀၀ |
| ၉၃၇ | 13033.35.2.2.133 | YURI MEIKO စတိုး | ၁၄ | ၈၀၆,၄၀၀.၀၀ |
| ၉၃၈ | 13033.35.2.2.193 | Nay Lin Aung စာရင်းကိုင်သင်တန်းကျောင်း | ၄ | ၂၀၀,၀၀၀.၀၀ |
| ၉၃၉ | 13033.36.1.2.57 | Escort Co.,Ltd | ၅ | ၂၈၈,၀၀၀.၀၀ |
| ၉၄၀ | 13033.36.1.2.263 | Shine Laundry Service | ၈၃ | ၈,၆၅၄,၀၀၀.၀၀ |
| ၉၄၁ | 13033.36.1.2.431 | DFDL Myanmar Ltd | ၂၂ | ၂,၅၄၆,၅၀၀.၀၀ |
| ၉၄၂ | 13033.36.1.2.936 | Myanmar Hotels & Cruises Ltd. | ၈ | ၉၆၀,၀၀၀.၀၀ |
| ၉၄၃ | 13033.36.2.2.159 | Natural World | ၃၁၉ | ၁၉,၁၀၃,၂၀၀.၀၀ |
| ၉၄၄ | 13033.36.2.2.364 | KAS E & C Myanmar Co.,Ltd | ၄၄ | ၅,၁၂၄,၀၀၀.၀၀ |
| ၉၄၅ | 13033.36.3.2.19 | Myanmar Environment Institute | ၃ | ၃၆၀,၀၀၀.၀၀ |
| ၉၄၆ | 13033.36.3.2.131 | UTW (Myanmar) Ltd | ၂၀၄ | ၂၄,၄၄၀,၀၀၀.၀၀ |
| ၉၄၇ | 13033.36.3.2.190 | VAC Yangon | ၈ | ၉၆၀,၀၀၀.၀၀ |
| ၉၄၈ | 13033.36.3.2.208 | Imago Global | ၃ | ၂၈၄,၀၀၀.၀၀ |
| ၉၄၉ | 13033.36.4.2.114 | Rent 2 Own | ၄၄၂ | ၃၈,၂၄၆,၀၀၀.၀၀ |
| ၉၅၀ | 13033.36.5.2.148 | Elite Tech Development | ၁၀ | ၁,၁၃၂,၀၀၀.၀၀ |
| ၉၅၁ | 13033.36.6.2.17 | Escort | ၄ | ၂၃၂,၈၀၀.၀၀ |
| ၉၅၂ | 13033.36.7.2.112 | Kglobal | ၂၉ | ၁,၇၉၇,၂၀၀.၀၀ |
| ၉၅၃ | 13033.310.4.2.103 | STIMO International Co.,Ltd | ၁ | ၁၂၀,၀၀၀.၀၀ |
| ၉၅၄ | 13033.310.4.2.155 | Grand Imperial Co.,Ltd | ၃၄ | ၂,၂၃၂,၀၀၀.၀၀ |
| ၉၅၅ | 13033.310.5.2.48 | Eindra Store | ၅ | ၃၀၇,၂၀၀.၀၀ |
| ၉၅၆ | 13033.310.8.2.11 | CSCEC (Myanmar) Company Limited | ၁၀ | ၁,၂၀၀,၀၀၀.၀၀ |
| ၉၅၇ | 13033.310.8.2.35 | Sea Sweller Co., Ltd. | ၁၂ | ၇၉၇,၆၀၀.၀၀ |
| ၉၅၈ | 13037.39.6.2.23 | Escort (St. John) | ၅ | ၂၈၈,၀၀၀.၀၀ |
| ၉၅၉ | 13037.39.6.2.66 | Techno-Hill Engineering Co.,Ltd | ၄၈ | ၄,၆၃၂,၀၀၀.၀၀ |
| ၉၆၀ | 13037.39.7.2.52 | Khant Shwe Pyi | ၂၁ | ၁,၇၆၀,၀၀၀.၀၀ |
| ၉၆၁ | 13037.39.7.2.98 | Energy-B Co.,Ltd | ၃၅ | ၃,၆၅၂,၀၀၀.၀၀ |
| ၉၆၂ | 13037.39.8.2.10 | Synergy Force Group Limited | ၉ | ၇၄၈,၈၀၀.၀၀ |
| ၉၆၃ | 13037.39.8.2.11 | Forward Steems Company Ltd | ၆ | ၇၂၀,၀၀၀.၀၀ |
| ၉၆၄ | 13037.39.8.2.13 | Thuwunna Wadi Co.,ltd | ၇ | ၈၀၀,၀၀၀.၀၀ |
| ၉၆၅ | 13037.39.8.2.19 | Centuri Living Company Limited | ၄ | ၂၉၂,၈၀၀.၀၀ |
| ၉၆၆ | 13037.39.8.2.38 | Asia Mega Link Co., Ltd | ၁၄၆ | ၁၃,၀၄၈,၄၈၀.၀၀ |
| ၉၆၇ | 13037.39.8.2.48 | UPG Paint & Coating Co., Ltd. | ၉၄ | ၇,၉၇၄,၄၀၀.၀၀ |
| ၉၆၈ | 13037.39.8.2.49 | Popular Plastic Group | ၂၁၄ | ၂၁,၂၀၁,၂၀၀.၀၀ |
| ၉၆၉ | 13037.39.8.2.62 | Yadanar Taung Tann Gems Co.,Ltd | ၅ | ၃၈၀,၀၀၀.၀၀ |
| ၉၇၀ | 13041.33.1.2.439 | မြန်မာရွှေသရဖူဆောက်လုပ်ရေး ကုမ္ပဏီ | ၄၇ | ၃,၄၈၂,၀၀၀.၀၀ |
| ၉၇၁ | 13041.38.1.2.553 | Zeya &Associates Co.,Ltd | ၉၀ | ၇,၉၂၅,၄၈၀.၀၀ |
| ၉၇၂ | 13007.312.4.2.48 | Prettex Myanmar | ၇၀၂ | ၃၆,၉၄၁,၇၆၀.၀၀ |
| ၉၇၃ | 13041.38.2.2.156 | Premiun Marketing | ၅ | ၃၄၀,၀၀၀.၀၀ |
| ၉၇၄ | 13041.38.4.2.51 | Gold Petrol Joint Operating Compamy | ၂၅ | ၃,၀၀၀,၀၀၀.၀၀ |
| ၉၇၅ | 13041.38.5.2.37 | Mery Mesh Network | ၁၁ | ၁,၁၇၄,၀၀၀.၀၀ |
| ၉၇၆ | 13041.38.6.2.64 | GBS (Chemical) | ၁၉ | ၁,၈၃၆,၀၀၀.၀၀ |
| ၉၇၇ | 13007.312.5.2.7 | Hundred Garment (Myanmar) | ၇၁၂ | ၄၁,၃၀၅,၆၀၀.၀၀ |
| ၉၇၈ | 13041.38.7.2.1 | Sagwa Development Contancy | ၂၂ | ၂,၂၇၃,၆၀၀.၀၀ |
| ၉၇၉ | 13041.38.7.2.29 | 24 Hour General Service Company Limited | ၃ | ၃၆၀,၀၀၀.၀၀ |
| ၉၈၀ | 13041.38.7.2.37 | New Ever Best Trading Co.,Ltd | ၅ | ၂၈၈,၀၀၀.၀၀ |
| ၉၈၁ | 13041.38.8.2.8 | UTRACON-MYANMAR CO.,LTD | ၁၅ | ၁,၈၀၀,၀၀၀.၀၀ |
| ၉၈၂ | 11001.31.5.2.29 | Unlimit Channel | ၁၀ | ၆၆၀,၀၀၀.၀၀ |
| ၉၈၃ | 11001.31.7.2.34 | New Ever Best Trading Co,Ltd (Escort-mlm) | ၆ | ၃၄၅,၆၀၀.၀၀ |
| ၉၈၄ | 10002.32.1.2.81 | မြန်မာသီဟဝန်ဆောင်မှုကုမ္ပဏီ | ၉ | ၇၆၀,၀၀၀.၀၀ |
| ၉၈၅ | 10002.32.1.2.1267 | အောင်သိန်းသန်းကုမ္ပဏီ | ၆ | ၃၇၄,၀၀၀.၀၀ |
| ၉၈၆ | 10002.32.2.2.547 | Live Life Co,Ltd | ၄ | ၃၀၀,၀၀၀.၀၀ |
| ၉၈၇ | 10002.32.4.2.145 | IEM Co,Ltd | ၂၇ | ၂,၁၄၇,၂၀၀.၀၀ |
| ၉၈၈ | 10002.32.5.2.25 | STRONG Co.,Ltd | ၅ | ၃၀၄,၀၀၀.၀၀ |
| ၉၈၉ | 10002.32.5.2.37 | Beauty Treasure | ၁၀ | ၈၃၂,၀၀၀.၀၀ |
| ၉၉၀ | 10002.32.7.2.46 | Sanctuary Retreats Myanmar Limited | ၁၅ | ၁,၈၀၀,၀၀၀.၀၀ |
| ၉၉၁ | 10002.32.6.2.20 | AA Marketing Ltd; | ၉ | ၁,၀၁၀,၄၀၀.၀၀ |
| ၉၉၂ | 7001.39.1.2.38 | ယန်စီကျန်အထည်ချုပ်စက်ရုံ | ၁,၆၇၉ | ၁၀၀,၀၁၃,၉၉၂.၀၀ |
| ၉၉၃ | 7001.39.2.2.11 | Melody Global Co., Ltd. | ၆၄၃ | ၃၇,၀၉၄,၄၀၀.၀၀ |
| ၉၉၄ | 7001.39.6.2.13 | High Tech | ၁၉ | ၁,၀၈၈,၆၄၀.၀၀ |
| ၉၉၅ | 13007.312.1.2.9 | ဝေတုအင်ဂျင်နီယာကုန်ထုတ်သမဝါယမအသင်း | ၉၆ | ၆,၇၉၆,၇၂၀.၀၀ |

(ဆက်လက်ဖော်ပြပါမည်)

# ခိုင်ကမ်းဆင်စခန်း ယာယီပိတ်ထားစဉ် ဆင်များအတွက် အွန်လိုင်းမှတစ်ဆင့် ဆင်စာဘူဖေးလှူဒါန်းနိုင်

**ခိုင်ကမ်း နိုဝင်ဘာ ၆**

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားနေမှုကြောင့် မြန်မာနိုင်ငံတစ်ဝန်း ဆင်စခန်းများ ယာယီပိတ်ထားစဉ် ကာလအတွင်း မြန်မာနိုင်ငံအရပ်ရပ်ရှိ ဆင်ချစ်သူများအနေဖြင့် ချင်းပြည်နယ် တီးတိန်မြို့နယ် ဆီးယင်းကြိုးဝိုင်း အကွက်အမှတ်(၁၃၈) အပေါ်တွင် ဖွင့်လှစ်ထားရှိသည့် ခိုင်ကမ်းဆင်စခန်းရှိ ဆင်များအတွက် အွန်လိုင်းမှတစ်ဆင့် ဆင်စာဘူဖေး လှူဒါန်းကျွေးမွေးနိုင်ကြောင်း ချင်းပြည်နယ် သစ်ထုတ်လုပ်ရေးခိုင်ကမ်းဆင်စခန်းမှ သိရသည်။

"အရင်ကဆင်စခန်းကို ညှော့သည်တွေလာချိန် ဆင်ခုနစ်ကောင်အတွက်စားစရာတွေ ကျွေးကြတာနဲ့အဆင်ပြေတယ်။ ကိုဗစ်-၁၉ ရောဂါကာလ ခရီးသွားလုပ်ငန်းတွေ၊ အပန်းဖြေစခန်းတွေ လချီ ရပ်နားထားရတဲ့အတွက်ဆင်တွေစားဖို့ အစားအစာအခက်အခဲရှိလာပါတယ်။ အခုလို ဆင်စခန်း ပိတ်ထားနေချိန် ဆင်စာအတွက် အွန်လိုင်းကနေ ဖြစ်ဖြစ်၊ အလှူရှင်ကိုယ်တိုင်ပဲဖြစ်ဖြစ် လှူဒါန်းနိုင်ပါတယ်။ ကျွန်တော်တို့က ဆင်စာတွေဝယ်ပေးပြီး ပြင်ဆင်ပေးမယ်။ ဆင်စာလှူဒါန်းကျွေးမွေးသူတွေကို ဂုဏ်ပြုမှတ်တမ်းတွေ ပေးမယ်။ ဆင်စာဘူဖေးကျွေးမွေးချိန်မှာ အလှူရှင် လာရောက်နိုင်ပါတယ်"ဟု ချင်းပြည်နယ် သစ်ထုတ်လုပ်ရေး ခိုင်ကမ်းဆင်စခန်းတာဝန်ခံ(သစ်အုပ်ကြီး) ဦးတိုးချစ်မှူးပိုင်က ပြောသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ဆင်စခန်း ၂၂ ခု အထိဖွင့်လှစ်ထားပြီး ခိုင်ကမ်းဆင်ထိန်းသိမ်း စောင့်ရှောက်ရေးစခန်းကို ၂၀၁၉ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်က ဖွင့်လှစ်ထားခြင်းဖြစ်ရာ စတင်ဖွင့်လှစ်သည့်အချိန်မှစ၍ ယနေ့ထိ ပြည်ပခရီးသွားဧည့်သည် ၁၇၉ ဦးနှင့်ပြည်တွင်းခရီးသွားဧည့်သည်ဦးရေ ၃၇၀၀၀ ဝန်းကျင်ဝင်ရောက်လည်ပတ်ကြကြောင်း၊ ဆင်စာအဖြစ် ကြံ၊ နေပီယာမြက်၊ငှက်ပျောသီး၊ နာနတ်သီး၊ ကျောက်ဖရုံသီး၊ ဖရဲသီး၊ သခွားသီး၊ သရက်သီး၊ အုန်းသီး၊ ပြောင်းဖူး တို့ကို အဓိကကျွေးမွေးကြောင်း၊ ဆင်စာဘူဖေးလှူဒါန်းပါက ဆင်ခုနစ်ကောင်စာအတွက် ငွေကျပ် ၅၀၀၀၀မှအထက်လှူဒါန်းနိုင်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့်ကာလများတွင် The Nature Con- servancy(TNC) အဖွဲ့အစည်းက ဆင်စာဘူဖေးပုံမှန်ကျွေးမွေးလှူဒါန်းပေးခဲ့ပြီးနောက် ယခုအခါ ပြည်တွင်း ရပ်နီးရပ်ဝေးရှိ စေတနာရှင် မိဘပြည်သူများထံမှ လှူဒါန်းကျွေးမွေးမှုအနည်းငယ်ရှိလာပြီဖြစ်ကြောင်း ခိုင်ကမ်းဆင်စခန်းမှသိရသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ခိုင်ကမ်းဆင်စခန်း ယာယီပိတ်ထားစဉ်ကာလအတွင်း ဆင်များ အစားအစာအခက်အခဲ မရှိစေရန်အတွက် မြန်မာနိုင်ငံအရပ်ရပ်ရှိ ဆင်ချစ်သူ မိဘပြည်သူများအနေဖြင့် ဆင်စာဘူဖေး လှူဒါန်းလိုပါက Khai Kam Elephant Conservation Camp လူမှုကွန်ရက် Facebook Page မှ လည်းကောင်း၊ ဖုန်းနံပါတ် ၀၉-၇၉၄၅၂၈၂၂၅၊ ၀၉-၇၈၂၅၆၁၁၁၅၊၀၇၃-၂၀၂၀၃၅ ဖြင့်လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။



ခိုင်ကမ်းဆင်စခန်း၌ ဆင်စာဘူဖေး ကျွေးမွေးနေစဉ်။

**နေစု(ချင်းရိုးမ)**

# စပါးအဖို ဝတ်မှုန်အိတ်မွေးမြူနည်းဖြင့် စပါးမျိုးလိုင်းများ သုတေသနဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၆**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဇီဝနည်းပညာ၊ မျိုးစေ့ဘဏ်နှင့် သီးနှံကာကွယ်ရေးသုတေသနဌာနခွဲ ဇီဝနည်းပညာ သုတေသနဌာနစု တာဝန်ခံသုတေသနမှူး ဒေါ်သက်သက်ဦးနှင့် သုတေသန ပညာရှင်များသည် အပင်တစ်သျှူး မွေးမြူနည်းနှင့် မော်လီကျူလာ နည်းပညာရပ်များကို အသုံးပြု၍ သီးနှံထုတ်လုပ်မှုစွမ်းအား မြင့်မားတိုးတက်ရန်နှင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိသည့် သီးနှံမျိုးကောင်းများကို အချိန်တိုအတွင်း မွေးမြူထုတ်လုပ်ရန်တို့အတွက် ဓာတ်ခွဲခန်းသုတေသနနှင့် ကွင်းသုတေသန လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဌာနမှ သိရသည်။

ဇီဝနည်းပညာ သုတေသနဌာနစု သုတေသနကွင်း၌ ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် စပါးအဖို ဝတ်မှုန်အိတ်မွေးမြူနည်းဖြင့် ရရှိလာသော စပါးမျိုးလိုင်းများ၏ ဂမိတိုကလိုနယ် ဗေရီရေးရှင်း ရှိ မရှိ လေ့လာခြင်း သုတေသနကို ဌာနစုတာဝန်ခံ၏ ကြီးကြပ်မှုဖြင့် သုတေသနပညာရှင်များက ဆောင်ရွက်လျက်ရှိသည်။

ယင်းသုတေသနသည် စပါးအဖို ဝတ်မှုန်အိတ်မွေးမြူ နည်းပညာဖြင့် ရရှိလာသော စပါးမျိုးလိုင်းများတွင် ဂမိတိုကလိုနယ် ဗေရီရေးရှင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထူးခြားချက်များ လေ့လာရန် ရည်ရွယ်လျက် ဆောင်ရွက်ထားရှိခြင်းဖြစ်ပြီး သုတေသနတွင် စံထားမျိုးအဖြစ် မိဘမျိုး နှစ်မျိုးဖြစ်သည့် နံ့ကားနှင့် အင်းမရဲဘော်တို့ကို အသုံးပြုထားသည်။ ရိုးရိုးယှဉ်ပြိုင်စမ်းသပ်ကွက် သုတေသနဒီဇိုင်းကို အသုံးပြု စိုက်ပျိုးထားခြင်းဖြစ်ကာ စမ်းသပ်သည့်မျိုးများမှာ စပါးအဖို ဝတ်မှုန်အိတ်မွေးမြူခြင်း နည်းပညာဖြင့် ရရှိလာသော နံ့ကား DH1 (၂၀၂) လိုင်းနှင့် အင်းမရဲဘော် DH1 (၁၂၈) လိုင်းကို သုတေသနပြုထားခြင်းဖြစ်ကြောင်း သိရသည်။

စပါးအဖိုဝတ်မှုန်အိတ် မွေးမြူနည်းကို အသုံးပြု၍ ရရှိလာသော သားဆက်လိုင်းများတွင် ဆဲလ်ပြောင်းလဲမှုကြောင့် ဂမိတိုကလိုနယ်ဗေရီရေးရှင်း ဖြစ်ပေါ်နိုင်ကာ ယင်းကွဲပြားမှုများသည် စပါးပင်၏ ပန်းပွင့်ချိန်၊ အပင်အမြင့်၊ ပရိုတင်းဓာတ်ပါဝင်မှု၊ အထွက်နှုန်းနှင့် လင်းတာတုံ့ပြန်မှုတို့အပေါ် အကျိုးသက်ရောက်မှုများ ရှိနိုင်သည်။

သို့ဖြစ်၍ အဆိုပါ သုတေသနမှ ရရှိလာမည့် မျိုးထွန်းလိုင်းများကို အကျိုးရှိစွာ ရွေးချယ်အသုံး ပြုခြင်းဖြင့် စပါးမျိုးကောင်းမျိုးသစ်များထုတ်လုပ်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**



စပါးအဖိုဝတ်မှုန်အိတ်မွေးမြူနည်းဖြင့် စပါးမျိုးလိုင်းစမ်းသပ်ကွက်များ စိုက်ပျိုးထားမှုကို ကွင်းဆင်း ကြည့်ရှုစဉ်။

# မင်းလှမြို့နယ် သက္ကယ်ကျင်းကျေးရွာ၌ ၄၀၀ ဗို့အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**မင်းလှ နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်းရှိ သက္ကယ်ကျင်းကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းအတိုးရငွေ၊ ပြည်သူထည့်ဝင်ငွေများဖြင့် ဗို့အား ၄၀၀ လိုင်းသွယ်တန်းခြင်း လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သက္ကယ်ကျင်းကျေးရွာတွင် လျှပ်စစ်မီးရရှိရေးအတွက် ကျေးရွာတွင်း ၄၀၀ ဗို့အားလိုင်း ပေ ၅၀၀၀ သွယ်တန်းခြင်းလုပ်ငန်းများကို မြစိမ်းရောင်စီမံကိန်းမှ အတိုးရငွေကျပ် ၁၁သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၈ ဒသမ ၀၇၉၃ သန်းတို့ဖြင့် ယခုနှစ်စက်တင်ဘာလအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သောကြောင့် အိမ်ခြေ ၁၆၁ မှ လူဦးရေ ၆၆၇ ဦးတို့ လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နန္ဒာအိက ပြောသည်။

အဆိုပါ ၄၀၀ ဗို့အား လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများမှ ယမန်နေ့က ကျေးရွာမြစိမ်းရောင် စီမံကိန်းကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းရေရှည်တည်တံ့ ခိုင်မြဲစေရေး ကျေးရွာမီးလင်းရေးကော်မတီနှင့် ကျေးရွာသူကျေးရွာသားများမှ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန်နှင့် မြစိမ်းရောင်စီမံကိန်းမှ အတိုးရငွေများကိုလည်း လေလွင့်ဆုံးရှုံးမှု မရှိစေရေး လက်စွဲစာစောင်ပါ ညွှန်ကြားချက် များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် မြို့နယ်ဦးစီးမှူးက ဆွေးနွေးမှာကြားသည်။ မြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းကို ကျေးရွာ ၃၈ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကျေးရွာပေါင်း ၁၆ ရွာ၌ ရေရရှိရေးလုပ်ငန်း ငါးခု၊ မီးလင်းရေးလုပ်ငန်း ခုနစ်ခု၊ လမ်းလုပ်ငန်း သုံးခု၊ ကျေးရွာ ခန်းမဆောင် တစ်ခုအား မြစိမ်းရောင်စီမံကိန်း အတိုးရ ငွေကျပ် ၁၂၂ ဒသမ ၀၅ သန်း၊ ပြည်သူထည့်ဝင်ငွေ ၁၀၇ ဒသမ ၈၄၃၈၇ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

**ငြိမ်းသူ**

# မူဆယ်၌ တရုတ်နိုင်ငံမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပစ္စည်းများထောက်ပံ့

**မူဆယ် နိုဝင်ဘာ ၆**

တရုတ်-မြန်မာနယ်စပ်ဒေသများစီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်အရ ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် တရုတ်နိုင်ငံမှ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်းကို နိုဝင်ဘာ ၄ ရက်က နှစ်နိုင်ငံ အဝင်/အထွက်ဂိတ် ဖြစ်သည့် (မူဆယ်ရွှေနန်းတော်ဂိတ်) ၌ တရုတ်နိုင်ငံ တာဝန်ရှိသူများက လာရောက်ပေးအပ်လှူဒါန်းသည်။

**ပေးအပ်လှူဒါန်း**

အဆိုပါ သဘောတူစာချုပ်အရ တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နယ်နိမိတ်နှင့် ပင်လယ်သမုဒ္ဒရာရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာဟုန်လျံ၏ လမ်းညွှန်ချက်နှင့်အညီ ကျန်းမာရေးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း သုံးသိန်းသုံးသောင်း၊ (N-95) နှာခေါင်းစည်း နှစ်ထောင်ကျော်၊ လက်အိတ် အစုံသုံးထောင်၊ ရောဂါကာကွယ်ရေးဝတ်စုံ ၂၅၀၀၊ တစ်ခါသုံးဖိနပ်အစုံ ၂၅၀၀၊ လက်သန့်ဆေးရည်ပုလင်း တစ်ထောင်နှင့် ပိုးသတ်ဆေး တစ်ထောင်တို့ကို တရုတ်နိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲ ပြည်သူ့အစိုးရမှ ပေးအပ်လှူဒါန်းသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

တရုတ်နိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲ ပြည်ပရေးရာဌာနမှူး မစ္စတာရန်လိကျွင်းနှင့် ရွှေလီပြည်ပရေးရာ ဌာနမှူး မစ္စတာထင်ဟွေကန်တို့က ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို လာရောက်ပေးအပ်ခဲ့ရာ မူဆယ်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဥက္ကာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်နှင့်တက်ရောက်လာကြသူများက လက်ခံခဲ့ပြီး လှူဒါန်းမှုအပေါ် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# တောင်ငူခရိုင်အတွင်း ကျေးလက်ရေရရှိရေးနှင့် လမ်း၊ တံတားပြုပြင်ရေးလုပ်ငန်းများ တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်

**တောင်ငူ နိုဝင်ဘာ ၆** - ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ရေရရှိရေး ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း သုံးခု၊ လမ်းတံတားလုပ်ငန်း နှစ်ခုအား ၂၀၂၀-၂၀၂၁ ခုနှစ် မွမ်းမံရန်ပုံငွေ တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ တောင်ငူခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ နိုဝင်ဘာ ၅ ရက်မှစတင်၍ တင်ဒါများကို ဝယ်ယူနိုင်ပြီး နိုဝင်ဘာ ၁၈ ရက် ညနေ ၄ နာရီခွဲအချိန် ပိတ်သိမ်းကာ နိုဝင်ဘာ ၂၀ ရက်တွင် ပဲခူးမြို့၌ တင်ဒါဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးစိုးနိုင်က ပြောကြားသည်။

ကုန်ထုတ်လုပ်ငန်းများတွင် ဇီးဖြူပင်-သဖန်းပင် အရှည် နှစ်မိုင် လေးဖာလုံ ကျောက်ရောမြေလမ်းပိုင်းအား ငွေကျပ်သန်း ၈၅ ဒသမ ၄၈၀၊ ဆူးတပ်ကျေးရွာ ကုန်ထုတ်လမ်းပေါ်ရှိ တံတား လေးခု ရေထုတ်ပြွန် တည်ဆောက်ခြင်း ငွေကျပ်သန်း ၁၉ ဒသမ ၁၆၀၊ ရေတာရှည်မြို့နယ် လေးအိမ်စုကျေးရွာ၌ တွင်းနက်ရေ စက်ရုံ ငွေကျပ်သန်း ၁၉ ဒသမ ၆၀၀၊ အုတ်တွင်းမြို့နယ် ခေါင်ရမ်းကျေးရွာ၌ တွင်းဆေး၊ တွင်းမှုတ်၊ တွင်းထိန်း အုတ်ခုံအဆင့်မြှင့်တင်ခြင်း ငွေကျပ်သန်း ၀ ဒသမ ၃၂၀၊ ထန်းတပင်မြို့နယ် ရေလျှံကျေးရွာ အင်ဂျင်၊ ကွန်ပရက်ဆာ အသစ်တပ်ဆင်ခြင်း၊ တွင်းဆေးတွင်းမှုတ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# တရုတ်နိုင်ငံမှထောက်ပံ့ထားသည့်ပစ္စည်းများအား မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းမှ မူဆယ်မြို့ပေါ်ရပ်ကွက်များသို့ တစ်ဆင့်ပြန်လည်လှူဒါန်း

**မူဆယ် နိုဝင်ဘာ ၆**

တရုတ်-မြန်မာ နယ်စပ်ဒေသစီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာသဘောတူစာချုပ်အရ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးပစ္စည်းများကို မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း မူဆယ်ရုံးခွဲမှ နာယက ဒေါ်စစ်စိန်နှင့် ဥက္ကဋ္ဌ ဦးရှင်ဖူး၊ ဒုဥက္ကဋ္ဌ ဦးအောင်ရင်တို့အား ချိတ်ဆက်၍ ထောက်ပံ့လှူဒါန်း ပေးထားသည့် ကျန်းမာရေးအထောက်အကူပစ္စည်းများကိုအဆိုပါချစ်ကြည်ရေးအသင်းမှ နိုဝင်ဘာ ၅ ရက် မူဆယ်မြို့ပေါ်ရှိ ရပ်ကွက်များအား တစ်ဆင့်ပြန်လည်လှူဒါန်းပေးခဲ့သည်။

အဆိုပါ တရုတ်နိုင်ငံမှ ထောက်ပံ့လှူဒါန်းထားသော ကျန်းမာရေးအထောက်အကူပစ္စည်းများကို တစ်ဆင့်ပြန်လည် လှူဒါန်းပေးအပ်ပွဲကို မူဆယ်မြို့ရှိ စိန်ရတနာဟိုတယ် အစည်းအဝေးခန်းမဆောင်၌ ကျင်းပကာ မူဆယ်မြို့အုပ်ချုပ်ရေးမှူး ဦးသူရိန်နှင့် တာဝန်ရှိသူများ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။ ထောက်ပံ့လှူဒါန်းပွဲတွင် မူဆယ်မြို့ပေါ်ရှိ ဟိုမွန်၊ ကောင်းနောင်၊ တောင်ရပ်ကွက်၊မြောက်ရပ်ကွက်၊ ဈေးရပ်ကွက်၊ ခရစ်ယာန်ရပ်ကွက်၊ ကောင်းမူ့တုံ၊ စွမ်စော်၊ တော်ရွက်၊ တရုတ်စာသင်ကျောင်း၊ မုန်းလန်းယဉ်ကျေးမှုအသင်း၊ ကိုးကန့်စာသင်ကျောင်း စသည့် ရပ်ကွက် (၁၂) ရပ်ကွက်ကို တရုတ်နိုင်ငံမှ ထောက်ပံ့ပေးအပ်သော ကျန်းမာရေးအထောက်အကူပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း (N-95)၊ လက်အိတ်၊ (PPE)ဝတ်စုံ၊ တစ်ခါသုံးဖိနပ်အစွပ်၊ ရေမလိုလက်သန့်ဆေးရည် (Hand GeL) ပိုးသတ်ဆေးများအား တရုတ်-မြန်မာ နယ်စပ်ဒေသ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဖွဲ့ကိုယ်စား မူဆယ်မြို့အုပ်ချုပ်ရေးမှူး ဦးသူရိန်နှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း မူဆယ်ရုံးခွဲမှ တာဝန်ရှိသူများက တစ်ဆင့်ပြန်လည် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**သန့်စင်(မူဆယ်)**



မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းမှ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

# လေယာဉ်ကွင်းရပ်ကွက်နှင့် မြောက်ဘက်ရပ်ကွက်သို့ ဆက်သွယ်တည်ဆောက်မည့် အမ်းချောင်းတံတား လျာထားတိုင်းတာ

**အမ်း နိုဝင်ဘာ ၆**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ လေယာဉ်ကွင်းရပ်ကွက်နှင့် မြောက်ဘက် ရပ်ကွက်တို့အား ဆက်သွယ်တည်ဆောက်မည့် အမ်းချောင်းတံတား လျာထားနေရာကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီက တိုင်းတာမှုများပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအမ်းချောင်းတံတား လျာထားနေရာအား တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်သူရ ဦးဆောင်၍ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)တစ်ဦး၊ အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) တစ်ဦးပါဝင်သောအဖွဲ့သည် တိုင်းတာမှုများ ပြုလုပ်ဆောင်ရွက်ခဲ့သည်။ အမ်းချောင်းတံတား၏ လျာထားပေအရှည်မှာ ပေ ၇၀၀ ခန့်ဖြင့် တည်ဆောက်မည်ဖြစ်ကြောင်းနှင့် တံတားအတွက်(၂၀၂၀-၂၀၂၁)ဘဏ္ဍာရေးနှစ်၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်ထောင်စုအပ်နှံရန်ပုံငွေ ကျပ်သန်း ၁၀၀ စတင်ခွင့်ပြုထားသည်ဖြစ်ကြောင်း တံတားဦးစီးဌာန၊တည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၈)မှ ဒုတိယ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်သူရထံမှ သိရသည်။

ယင်းအမ်းချောင်းတံတားကို ရခိုင်ပြည်နယ် လွှတ်တော်ဒုဥက္ကဋ္ဌ ဦးမြသန်း၏ ဒေသဖွံ့ဖြိုးရေး ခရီးစဉ်တွင် မြောက်ဘက်ရပ်ကွက်မှ ဒေသခံပြည်သူများက အမ်းချောင်းအားဖြတ်သန်းသွားလာရသည့် အခက်အခဲများကို တင်ပြချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနအား ဆက်လက်တင်ပြဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ တံတားတည်ဆောက်ပြီးစီးပါက အမ်းချောင်းအား လွယ်ကူစွာဖြတ်သန်းသွားလာနိုင်ပြီး မြောက်ဘက်ရပ်ကွက်မှ ဒေသခံပြည်သူများနှင့် အနီးအနားရှိကျေးရွာများမှပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအနေဖြင့် လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



အမ်းမြို့နယ်၌ ရပ်ကွက်နှစ်ခုကို ဆက်သွယ်တည်ဆောက်မည့် တံတားနေရာကို တိုင်းတာစဉ်။

# အောက်တိုဘာလအတွင်း အစုရှယ်ယာအရေအတွက် ရှစ်သောင်းခွဲကျော် အရောင်းအဝယ်ဖြစ်ခဲ့

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်စတော့အိတ်ချိန်း၌ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း အစုရှယ်ယာအရေအတွက် ရှစ်သောင်းခွဲကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ ထုတ်ပြန်မှုများအရ သိရသည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း Normal Trade စနစ်ဖြင့် ရှယ်ယာပေါင်း ၈၅၆၃၀ စု အရောင်းအဝယ်ဖြစ်ခဲ့ပြီး ငွေပမာဏအားဖြင့် ၆၇၃ ဒသမ ၅၁ သန်းဖိုး အရောင်းအဝယ်ဖြစ်ခဲ့ကာ Block Trading စနစ်ဖြင့် အရောင်းအဝယ်မရှိခဲ့ကြောင်း သိရသည်။ စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက အရောင်းအဝယ်ဖြစ်ခဲ့သည့် ရှယ်ယာအရေအတွက် ကျဆင်းမှုမရှိခဲ့သော်လည်း အရောင်းအဝယ်ပမာဏအားဖြင့် ၁၉ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း သိရသည်။ မြန်မာစတော့အညွှန်း ကိန်း MYANPIX သည် ၄၃၇-၄၄၇ ကြားတွင်ရှိခဲ့သည့်အတွက် စာရင်းဝင်ကုမ္ပဏီခြောက်ခု၏ ပျမ်းမျှဈေးနှုန်းမှာ စက်တင်ဘာလနှင့်နှိုင်းယှဉ်ပါက အနည်းငယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် စတော့ဈေးကွက်ဆိုင်ရာ ဗဟုသုတများ ရရှိစေရန်နှင့် ဈေးကွက်၏ လက်ရှိဖြစ်ပေါ်နေသည့် နောက်ဆုံးသတင်းအချက်အလက်များကို သိရှိနိုင်ရေးအတွက် ရန်ကုန်စတော့အိတ်ချိန်း၏ အင်တာနက် ဆွေးနွေးပွဲအစီအစဉ်တစ်ရပ်ကို အောက်တိုဘာ ၂၇ ရက်တွင် ပြုလုပ်ခဲ့ပြီး ရန်ကုန်စတော့အိတ်ချိန်း အမှုဆောင်အကြီးတန်း မန်နေဂျာ ဦးသက်ထွန်းဦးနှင့် Institute of Business & Investment Management (IBIM) မန်နေဂျင်းဒါရိုက်တာ ဦးအောင်သိန်းထွန်းတို့က ဆွေးနွေးဟောပြောခဲ့ပြီး နိုင်ငံတစ်ဝန်းမှ စိတ်ပါဝင်စားသူ ခုနစ်ထောင်ကျော် ဝင်ရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း၏ စတော့ဈေးကွက်အခြေခံသင်တန်း အပတ်စဉ် (၀၀၂/၂၀၂၀)ကို နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ အပတ်စဉ် စနေနေ့တိုင်း အွန်လိုင်းမှတစ်ဆင့် ပို့ချမည်ဖြစ်သည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

# မကွေးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၉ ရွာကို သောက်သုံးရေရရှိရေး ဆောင်ရွက်သွားမည်

**မကွေး နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ၂၀၂၀ -၂၀၂၁ခု ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၃၀၅ ဒသမ ၇၁ သန်း အသုံးပြုကာ ကျေးရွာ ၁၉ ရွာ၌ သောက်သုံးရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိရေးအတွက် ဦးစားပေး ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၉၉ ဒသမ ၁ သန်း၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၁၀၆ ဒသမ ၆၁ သန်း စုစုပေါင်းငွေကျပ် ၃၀၅ ဒသမ ၇၁ သန်းဖြင့် စက်ရေတွင်းရှစ်တွင်း တူးဖော်ခြင်း၊ မြေသားရေကန်ခြောက်ကန် တိုးချဲ့တူးဖော်ခြင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်းလုပ်ငန်းသုံးခု၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းကိုးခု၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်ခြောက်ကန် တည်ဆောက်ခြင်းလုပ်ငန်းတစ်ခုနှင့် အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေ ရှိ ရေစက်ရုံကိုးခု တည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် အဆိုပါလုပ်ငန်း များဆောင်ရွက်နိုင်ရေး တင်ဒါခေါ်ယူ ဆောင်ရွက်လျက်ရှိကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိုး ပြောပြချက်အရ သိရသည်။

"ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့တော့ ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးကို ဦးစားပေးဆောင်ရွက်နေပါတယ်။ သောက်သုံးရေ ရှားပါးနိုင်တဲ့ကျေးရွာတွေကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီတွေနဲ့ ဦးစားပေးအလိုက် ရွေးချယ်ပြီး ရေရှားပါးနိုင်မှုမရှိစေရေး ကြိုးစားဆောင်ရွက်နေပါတယ်"ဟု မြို့နယ်ဦးစီးမှူးက ဆက်လက်ပြောပြသည်။ **(အပေါ်ပုံ)**



မကွေးမြို့နယ်ရှိ ကျေးရွာတစ်ရွာအား သောက်သုံးရေ တူးဖော်ပေးနေစဉ်။

မကွေးမြို့နယ်အတွင်း ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်တွင်လည်း သောက်သုံးရေရှားပါးသော ကျေးရွာ ၁၂ ရွာကို တွင်းနက်စက်ရေတွင်းသစ် ရှစ်တွင်း တူးဖော်ခြင်းနှင့် အခြားရေရရှိရေးလုပ်ငန်းလေးခုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၁၉၉ ဒသမ ၂၄၁ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**လွိုင်လင် နိုဝင်ဘာ ၆**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်အတွင်း မြို့နယ် ခုနစ်မြို့နယ်ရှိသည့် အနက် လွိုင်လင်၊ လဲချား၊ နမ့်စန်နှင့်ကွန်ဟိန်းမြို့နယ် လေးမြို့နယ်အတွင်း ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု) ရန်ပုံငွေကျပ် ၁၅၈၉ ဒသမ ၇၁၈ သန်းဖြင့် လုပ်ငန်း ၁၁ ခုနှင့် ဆိုလာမီး လုံး ၁၂၀ တပ်ဆင်ခြင်းလုပ်ငန်းများမှာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း လွိုင်လင်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

အဆိုပါလုပ်ငန်း ၁၁ ခုအနက် ကျောင်းလမ်း ငါးခု၊ တံတားနှစ်စင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်းတစ်ခု၊ ထောက်ပံ့လုပ်ငန်းနှစ်ခု(အဝီစိတွင်းတူးခြင်း၊ မီးသဂြိုဟ်စက်တည်ဆောက်ခြင်း)နှင့်ဖြည့်စွက်လုပ်ငန်း(တံတား)တစ်စင်း ဆောင်ရွက်ခြင်းလုပ်ငန်းဖြစ်ပြီး ၎င်းလမ်းဖောက်လုပ်ခြင်းလုပ်ငန်းအနက် နမ့်စန်မြို့နယ်၊ နားရိုင်း-ကုန်းမလမ်း(၁၆/၆)မိုင်အနက် နှစ်မိုင်ကျောက်ခင်းခြင်းလုပ်ငန်းမှာ လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်နှင့် လင်းခေးခရိုင် မောက်မယ်မြို့နယ်တို့ ဆက်သွယ်လျက်ရှိသည့် ခရိုင်ချင်းဆက်လမ်း တစ်လမ်းပါဝင်သည်။ ကျန်လုပ်ငန်းများမှာ မြို့နယ်နှင့် ကျေးရွာချင်းဆက် လမ်းတံတားများဖြစ်ပြီး လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းမှာ ပင်လုံမြို့မှ ဆဟောင်းကျေးရွာအုပ်စု ကိုးနဝင်းစေတီတော်မြတ်ကြီးသို့ (11)KVAလိုင်း (၅ ဒသမ၄)မိုင်သွယ်တန်းခြင်းနှင့် ပင်လုံမြို့ (အထက)ကျောင်းတွင် အဝီစိတွင်းနှင့် ရေသန့်စက်လုပ်ငန်းဆောင်ရွက်ခြင်း၊ ကွန်ဟိန်းမြို့တွင် မီးသဂြိုဟ်စက်တည်ဆောက်ခြင်းလုပ်ငန်းတို့ဖြစ်သည်။

၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့သော နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်းတံတား၊ အထွေထွေလုပ်ငန်းများကြောင့် ဒေသအတွင်းလမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာ၍ ဒေသခံများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေး များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **လွိုင်လင် (နတလ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## စိတ်ဝင်စားမှုဖော်ပြချက်အဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ အင်းလျားကန် ရေရှည်တည်တံ့ခိုင်မြဲစေရန် ဆောင်ရွက်ရမည့် နည်းပညာဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်စေရန်အတွက် စိတ်ပါဝင်စားသည့် ပြည်တွင်း/ ပြည်ပ သို့မဟုတ် ဖက်စပ်ကုမ္ပဏီများအား စိတ်ဝင်စားမှုဖော်ပြချက် အဆိုပြုလွှာများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့်တင်သွင်းရန် လျှောက်လွှာပုံစံများအား ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၃ ရက်မှစ၍ အောက်ဖော်ပြပါ လိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်-

ရေရရှိရေးနှင့်ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ရုံး
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
၁၂ထပ်ခွဲရုံးသစ်
အမှတ် (၃၉၀)၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ။

၃။ အိတ်ပိတ်ထားသည့် အဆိုပြုလွှာများအား ဖော်ပြပါလိပ်စာသို့ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၃ ရက်၊ ၁၄:၀၀နာရီမတိုင်မီလူကိုယ်တိုင်လာရောက်ပေးပို့ရမည်ဖြစ်ပြီး သတ်မှတ်ရက်နှင့်အချိန်ထက် နောက်ကျပေးပို့လာသော အဆိုပြုလွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ တင်ဒါကော်မတီသည် အဆိုပြုပေးပို့လာသည့် စိတ်ဝင်စားမှုဖော်ပြချက်အဆိုပြုလွှာများအား အကဲဖြတ်ပြီး ပမာဏ အရည်အချင်းပြည့်မီသည့် ကုမ္ပဏီများကိုသာ နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာများ ဖိတ်ခေါ်သွားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉-၅၀၃၁၂၃၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မှတ်ပုံတင်ပိုးသတ်ဆေး လွှဲပြောင်းဖြန့်ဖြူးခြင်း

ပြည်ပထုတ်လုပ်သူ Bayer AG မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ပါပေါင်းသတ်ဆေးအား ပြည်တွင်းမူလ ဖြန့်ချိသူ AGT(Agro Tech Co.,Ltd.)မှ JJ-PU Trading Co.,Ltd. သို့ ပြောင်းလဲဖြန့်ဖြူးသွားမည်ဖြစ်ပါသည်။ ထိုပြောင်းလဲခြင်းကိုကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| Trade Name | Active Ingredient | Peg. Type | Reg. Number |
|---|---|---|---|
| Ronstar 250 EC | Oxadiazon 250g/1 EC | Full | F 2014-353 |
| Bayer Thai Co.,Ltd. (Myanmar Branch)-Ph-01-8382710 (Ext.40600) | | | |

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်နှင်းနုနုနိုင် ၁၂/အလန(နိုင်)၀၂၁၈၅၂သို့ ဒဂုံဆိပ်ကမ်းသီရိမြို့နယ်၊ ဒဂုံဆိပ်ကမ်းသီရိရပ်ကွက်၊ မြေကွက်အမှတ် (ဒ-၆၀၄၁၊ ၆၀၄၂)၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြေများနှင့်ပတ်သက်၍ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ် (၈၄၉)၊ ၂၂-၆-၂၀၂၀ ရက်စွဲဖြင့် ဒေါ်ခင်စန္ဒာအောင် ၉/သစန(နိုင်)၀၁၀၄၅၄မှ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို ၉-၁၁-၂၀၂၀ရက်မှစ၍ အပြီးအပိုင် ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဒေါ်နှင်းနုနုနိုင် ၁၂/အလန(နိုင်)၀၂၁၈၅၂**
**ဖုန်း-၀၉-၅၁၈၇၇၁၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရှမ်းစုမြောက်ရပ်ကွက်၊ ကွင်းအမှတ်(၂၇)၊ ဦးပိုင်အမှတ် (၂၅၃)၊ မြေဧရိယာ ၀ဒသမ၀၈၃ ဧကရှိ မြေကွက်အား ဒေါ်လှကျင်၊ ဦးသက်မြင့်၊ ဦးအောင်မြင့်တို့ (၃)ဦး အမည်ဖြင့် ၃၀-၆-၂၀၂၀ရက်အထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး ဒေါ်လှကျင်၏ အမည်လျှော့ပြီး ဦးသက်မြင့် ၁/မကန(ဧည့်)၀၀၀၄၉၈ နှင့် ဦးအောင်မြင့် ၁/မကန(ဧည့်)၀၀၀၅၀၀ တို့ နှစ်ဦးအမည်ဖြင့် မြေငှားဂရန် အမည်လျှော့၊ အသစ်ရရှိရေးအတွက် ၃၀-၆-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ် (၇၁၇/၂၀၂၀)ကို ၂၉-၇-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၄၀၁/၂၀၂၀)အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်လျှော့၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး၊**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၁ခ)၊ ဦးပိုင်အမှတ်(၅၉)၊ မြေဧရိယာ ၀ဒသမ၁၈၃ ဧကရှိ မြေကွက်အား ဦးလဇွန်ဘရန် အမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်အထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး ၃၀-၅-၂၀၂၀ရက်တွင် ဦးလဇွန်ဘရန်ထံမှ ဒေါ်အင်ဝေါန်ထုအိမ်က နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဒေါ်အင်ဝေါန်ထုအိမ် ၁/မကန(နိုင်)၀၉၁၀၀၉ အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၁၉-၈-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၉၇၈/၂၀၂၀)ကို ၂၈-၈-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၅၀၀/၂၀၂၀)အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် လိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး၊**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
## တိုင်းဒေသကြီးဦးစီးဌာနမှူး၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တနင်္သာရီ တိုင်းဒေသကြီးဦးစီးဌာနမှူးရုံးမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ အရာရှိရိပ်သာလမ်း၊ အကွက်အမှတ် (3BS)၊ ဦးပိုင်အမှတ် (၈၂/၁၁) မြေကွက်ပေါ်တွင် (၉၀'x ၃၀'x ၂၅') သွပ်မိုး RC (၂)ထပ် (ရေ၊ မီး၊ မိလ္လာအပါအဝင်) ရုံးအဆောက်အအုံ တည်ဆောက်ရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံအား တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး၊ ဇလပ်ဖြူလမ်း၊ ဆန်းချီတိုးချဲ့မြို့သစ်၊ ထားဝယ်မြို့တွင် ၁၂-၁၁-၂၀၂၀ရက်မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၄-၁၂-၂၀၂၀ရက် ၁၆:၀၀ နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များကို တင်ဒါတင်သွင်းရမည့် တနင်္သာရီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၀၂၁၁၂၀၊ ၀၅၉-၂၀၂၁၀၆၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မှတ်ချက် ။** ။ တင်ဒါဖွင့်လှစ်မည့်ရက်အား ဆက်သွယ်စုံစမ်းရန်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၆-၁၁-၂၀၂၀ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၂၉)တွင်ပါရှိသော မကွေးတိုင်းဒေသကြီး ထောက်ရှာပင်/ကမ်းနီရေနံမြေ၏ အိတ်ဖွင့်တင်ဒါ ကြော်ငြာ၌ အိတ်ဖွင့်တင်ဒါပုံစံ နောက်ဆုံးပေးပို့ရမည့်ရက် ၂၅-၁၁-၂၀၂၀ ရက် ၁၆:၀၀နာရီအစား ၉-၁၂-၂၀၂၀ရက် ၁၆:၀၀နာရီဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကုမ္ပဏီဖျက်သိမ်းခြင်း

Thaung Thein Than Co.,Ltdအား အစည်းအဝေးဆုံးဖြတ်ချက်အရ ၁-၁၀-၂၀၂၀ရက်မှ စ၍ ဖျက်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**Thaung Thein**
**Than Co.,Ltd**
**ဖုန်း-၀၉-၃၁၂၃၆၅၂၂**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ အောင်ဆုပန်လမ်း၊ မြေကွက်အမှတ်(၁၂၁၄/က)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ) ရှိ ဦးအောင်ခင် (L/RGN-၀၀၆၆၃၁) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ပြုံးပြုံးမိုး (၁၂/ကမတ(နိုင်)၀၃၁၆၅၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ခိုင်ယဉ်ဦး (၁၂/မဂဒ(နိုင်)၁၂၄၃၅၇)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက်နိုင် ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
|---|---|
| LL.B, D.B.L, D.I.L, | LL.B,D.B.L,D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |

**Hein Htet San Law Firm** ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

## ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်မှ ဦးအောင်မြင့် ၉/ပမန(နိုင်)၁၆၁၈၂၁ (ဘ)ဦးဘိုလေး အမည်ပေါက် ပါမစ်မြေကွက် အမှတ် (ပ-၄၀၄၀)ကို ဒေါ်လဲ့ရွှေစင်ဦး ၁၂/အစန(နိုင်)၁၈၂၀၃၃ (ဘ) ဦးသက်ဦးမှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ ရောင်းသူနှင့်ဝယ်သူ၏ တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်းများ၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ် ရေးမှူး၏ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ဝယ်ယူသူ (လျှောက်ထားသူ)၏ဝန်ခံကတိပြုချက်မူရင်းတင်ပြပြီး ၎င်း၏ အမည်ဖြင့်မ မြေငှားစာချုပ်ချထား ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဒဂုံ ၃၇၊ မြေကွက်အမှတ် -၉၃၁၊ ဧရိယာ (၂၅ပေx၆၀ပေ) (ယခုအခေါ် အမှတ် ၉၃၁/အေ)၊ မင်းဘူးလမ်း၊ ၃၇ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင် သူ ဒေါ်နွဲ့နွဲ့ရီ ၁၂/ရကန(နိုင်)၀၄၈၈၃၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက် အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ (L.L.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၃၀၆၄)**
**တိုက် (၃၉၀)၊ အခန်း (၄)၊ စက်မှု (၁)လမ်း၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## ဆေးပဒေသာပင်လှူဒါန်းနိုင်

သာကေတမြို့နယ်၊ အောင်စကြာပရမေတ္တာ စက္ခုဒါန ဆေးရုံကြီး၌ အောင်စကြာဆရာတော် ဦးဆောင်၍ လူမျိုးဘာသာ ဆင်းရဲချမ်းသာမရွေး မျက်စိအခမဲ့ခွဲစိတ်ကုသပေးလျက်ရှိရာ မိမိတို့၏ အသက်ရှည်ရာ အနာကင်းကြောင်း ကောင်းမှုဖြစ်သော (ဆေးပဒေသာပင်) တစ်ပင်လျှင် ကျပ်တစ်သိန်းဖြင့်ဆရာတော်နှင့်အတူ ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

**ဖုန်း- ၀၉-၅၁၄၇၃၈၂၊ ၀၁-၅၄၇၀၂၈**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ချင်းပြည်နယ် ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း (အမှတ်စဉ်-၅)

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ချင်းပြည်နယ်၊ ဟားခါးမြို့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မင်းတပ်မြို့၊ ရေပေးဝေရေးလုပ်ငန်းအတွက် ရေယူအဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါစတင်ရောင်းချမည့်ရက်** | - | ၆-၁၁-၂၀၂၀ရက် |
| **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** | - | ၇-၁၂-၂၀၂၀ရက် |
| **တင်ဒါဖွင့်လှစ်မည့်ရက်** | - | ၁၀-၁၂-၂၀၂၀ရက် |
| **တင်ဒါဖွင့်မည့်နေရာ** | - | ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံများကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်း၍ ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၇၀-၂၁၀၆၂၊ ၀၇၂-၂၁၈၉၁တို့သို့ ဆက်သွယ်မေးမြန်း နိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဖမ်းဆီးရမိပြီး အမှုပြီးပြတ်သည့် ပုံစံ (၈)ဝင် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ရောင်းချရန် လေလံကြော်ငြာ

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်အတွင်း ဖမ်းဆီးရမိသော အောက်ဖော်ပြပါပုံစံ (၈)စာရင်းဝင် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများအား မူဆယ်ခရိုင်ရုံး၊ သစ်တောဦးစီးဌာန၊ မူဆယ်မြို့ (ချယ်ရီခန်းမ)၌ ၁၆-၁၁-၂၀၂၀ရက် နံနက် ၁၀နာရီတွင် မျက်မြင်အခြေအနေအတိုင်း COVID-19 ရောဂါ ကြိုတင် ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

(က) ပိတောက်ဂီတာအိုး (၁၂၈) တုံး (၁.၀၂၆၂)တန်

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ မူဆယ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးနှင့် မူဆယ်မြို့နယ်ဦးစီးအရာရှိရုံးတွင် ၁၀-၁၁-၂၀၂၀ရက်မှစ၍ ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ မူဆယ်မြို့၊ ဖုန်း-၀၈၂-၅၁၅၉၉သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ၊ လေလံတင်ရောင်းချရေးကော်မတီ**

## မတည်ရင်းနှီးငွေလျှော့ချခြင်း

ကျွန်တော်တို့၏ ရတနာလယ်မြေ ကုမ္ပဏီလီမိတက်၏ မတည်ရင်းနှီးငွေ ကျပ် (50100000)မှ ကျပ် (10000000)သို့ ပြင်ဆင်လျှော့ချလိုက်ပါကြောင်း ကြေညာအပ်ပါသည်။

**ရတနာလယ်မြေ ကုမ္ပဏီလီမိတက်**
**ဖုန်း-၀၉-၉၆၅၁၁၅၉၃၇**

## အစုရှယ်ယာလျှော့ချကြောင်းကြေညာခြင်း

Pyae Sone Kabar Co.,Ltd. ဒါရိုက်တာအဖွဲ့ဝင်များ၏ ၃-၁၁-၂၀၂၀ ရက်တွင် ကျင်းပပြုလုပ်သော အထူးအစည်းအဝေးဆုံး ဖြတ်ချက်အရ လက်ရှိအစုရှယ်ယာ (၁၀၀၀၀)စု၊ တန်ဖိုးငွေ (၁၀၀၀၀၀၀၀၀/-)ကျပ်တိတိမှ အစုရှယ်ယာ (၁၀၀)စု၊ တန်ဖိုးငွေ (၁၀၀၀၀၀၀/-)ကျပ် သို့ လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Pyae Sone Kabar Co.,Ltd**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

ကျွန်မ ဒေါ်ကျင်စန်းရင် ၁၂/ဥကမ(နိုင်)၁၀၂၀၆၅ နှင့် ဦးစိန်အောင်မင်း ၁၂/ဥကမ(နိုင်)၁၃၇၁၂၀ တို့သည် ၆-၁၁-၂၀၂၀ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်မှု လုံးဝမရှိတော့ပါကြောင်းနှင့် လုံးဝ လုံးဝ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကျင်စန်းရင်**
**၁၂/ဥကမ(နိုင်)၁၀၂၀၆၅**

## ကန့်ကွက်နိုင်ပါကြောင်း

## "ထူးကဲဒီရေတက်မည့်အကြောင်းသတိပေးချက်"

၂၀၂၀ပြည့်နှစ်၊နိုဝင်ဘာ(၁၄)ရက်မှ နိုဝင်ဘာ(၁၈)ရက်အထိ ကာလအတွင်းတွင် ရန်ကုန်မြစ်အတွင်းအခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ (၂၀.၀၅) ပေခန့်မှ (၂၀.၈၃) ပေခန့်အထိ သာမန်ထက်ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယင်းထူးကဲဒီရေနှင့် ပတ်သက်၍ ယခင် ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ (၂၂)ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ ရန်ကုန်မြစ်၏ ခန့်မှန်းဒီရေအမြင့်သည် အခြေခံရေစစ်မျဉ်းအထက် အမြင့်(၂၀)ပေ ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းနားဒေသများအနီး နေထိုင်ကြသော လုပ်သားပြည်သူများအား ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားနိုင်ရန်အလို့ငှာယခုကဲ့သို့ သတိပေးသတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အသိပေး အကြောင်းကြားအပ်ပါသည်။

## တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၅)ရပ်ကွက်တို့အတွင်း မြေငှားဂရန်ရရှိထားသူတို့မှ မြို့မြေခွန်လာရောက် ထမ်းဆောင်ရန် ကြော်ငြာခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၁)ရပ်ကွက်နှင့် အမှတ် (၅) ရပ်ကွက်များအတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မြို့မြေခွန်ထမ်းဆောင်ရန် ကျန်ရှိသည့် မြေငှားဂရန်အမည်ပေါက် ပိုင်ဆိုင်ထားသူတို့သည် ၁၈၈၉ ခုနှစ် အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေ အခန်း(၄) ပုဒ်မ၃၇(၁)(ခ) အရ မြေခွန်စည်းကြပ်ခြင်းအပေါ် လာရောက်ထမ်းဆောင်ခြင်းမရှိဘဲ ပျက်ကွက်လျက်ရှိသည်ကို စိစစ်တွေ့ရှိရပါသည်။ သို့ပါ၍ မြေခွန်လာရောက်ထမ်းဆောင်ခြင်းမရှိသည့် ပုဂ္ဂိုလ်များအနေဖြင့် ကြော်ငြာစာထုတ်ဆင့်သည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် လာရောက်ထမ်းဆောင်ရန်နှင့် သတ်မှတ်ရက်အတွင်း လာရောက်ထမ်းဆောင်ခြင်းမရှိပါက မြေယာစီမံကိန်းခန့်ခွဲမှုဆိုင်ရာ ဥပဒေများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**တောင်ကြီးမြို့**

**ဆက်သွယ်ရန်ဖုန်း-၀၈၁-၂၁၂၁၀၅၁၊၀၈၁-၂၁၂၁၆၉၁ (တောင်ကြီးမြို့နယ်ရုံး) -၀၈၁-၂၀၈၅၉၁(အေးသာယာမြို့ရုံး)**

**ASIA GRACE LAND CONSTRUCTION COMPANY LIMITED ၏**
မတည်ငွေရင်းလျှော့ချမည်ဖြစ်ကြောင်းကြေညာခြင်း

**ASIA GRACE LAND CONSTRUCTION COMPANY LIMITED** (မှတ်ပုံတင်အမှတ်-၁၀၇၄၀၉၆၈၈)၏ မတည်ငွေရင်းလျှော့ချခြင်း ကိစ္စရပ်နှင့် ပတ်သက်၍ အတည်ပြုအစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာများအဖွဲ့
**ASIA GRACE LAND CONSTRUCTION COMPANY LIMITED**

**MYANMAR CLASSIC HONEY COMPANY LIMITED ၏**
မတည်ငွေရင်းလျှော့ချမည်ဖြစ်ကြောင်းကြေညာခြင်း

**MYANMAR CLASSIC HONEY COMPANY LIMITED** (မှတ်ပုံတင်အမှတ်-၁၀၇၃၃၅၈၀၃)၏ မတည်ငွေရင်းလျှော့ချခြင်း ကိစ္စရပ်နှင့်ပတ်သက်၍ အတည်ပြုအစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာများအဖွဲ့
**MYANMAR CLASSIC HONEY COMPANY LIMITED**

**MAXIMUM THREE COMPANY LIMITED ၏** မတည်ငွေရင်း လျှော့ချမည်ဖြစ်ကြောင်းကြေညာခြင်း

**MAXIMUM THREE COMPANY LIMITED** (မှတ်ပုံတင်အမှတ်-၁၂၄၈၂၁၃၁၂)၏ မတည်ငွေရင်းလျှော့ချခြင်း ကိစ္စရပ်နှင့်ပတ်သက်၍ အတည်ပြုအစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာများအဖွဲ့
**MAXIMUM THREE COMPANY LIMITED**

## ကန့်ကွက်နိုင်သည်

ဒေါ်လှလှမြင့် (၁၂/ကမတ(နိုင်)၀၃၅ရ၁၈ ကိုင်ဆောင်သူ ပိုင်ဆိုင်ရောင်းချ ပိုင်ခွင့်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ် မန်ကျည်းတန်း အရှေ့မြောက်ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ်(၆၃)၊ မြေညီထပ်+ပထမထပ်၊ အကျယ်အဝန်း(၂၅x၅၀)ပေ တိုက်ခန်းများအား ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ စရံငွေတစ်စိတ်တစ်ဒေ ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းရောင်းချခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စအားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးမြင့်ဦး (LL.B) ဥပဒေတွဲ့**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၇၇၆၅)**
**အမှတ်(၁၄)၊ ပန်းပင်ကြီးလမ်း၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉ ၅၁၈၈၅၆၄**

## မွေးနေ့ဆုတောင်း

၇-၁၁-၂၀၂၀ နေ့တွင် ကျရောက်သော
ဦးဝင်းမော် (နေပြည်တော်)
**B.Sc(Maths),MBA,DMA, D.C.S.C,**
မွေးနေ့မှသည်နောင်နှစ်ပေါင်းများစွာတိုင်အောင် ကျန်းမာပျော်ရွှင်စွာဖြင့် မိသားစုနှင့်အတူ တိုင်းပြည်တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း။

**အခွင့်အလမ်းလျှာနယ်မိသားစု**
Two-Four DMA Media Group
EMBA 3rd Batch နှင့် 2002-2004 DMA
**သင်တန်းမှ သူငယ်ချင်းများ**

## အစုရှယ်ယာလျှော့ချကြောင်းကြေညာခြင်း

Grand Hill Co.,Ltd(Registration No.133036962)၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီတွင်ထည့်ဝင်ထားသော တစ်သိန်းကျပ်တန်အစုရှယ်ယာ ၅၀၀၀၀ စုမှ အစုရှယ်ယာ ၅၀၀၀ စုသို့ လျှော့ချကြောင်း ကြေညာအပ်ပါသည်။

**Grand Hill Co.,Ltd**

## ဒေါ်ချောသူသူစိုး ၁၂/အစန(နိုင်)၁၇၉၈၈၅ နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဓမ္မစိန္တာလမ်း၊ (၅)လွှာ(ခြေရင်းခန်း)၊ အမှတ်(၁၉)နေ ဦးမျိုးဆန်းလင်း ၁၁/စတန(နိုင်)၀၆၅၅၅၃ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ဦးမျိုးဆန်းလင်းနှင့် ဒေါ်ချောသူသူစိုးတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ၁၄-၂-၂၀၁၈ ရက်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကာ သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ ထို့နောက်ပိုင်း ဒေါ်ချောသူသူစိုးသည် ခင်ပွန်းဖြစ်သူ ဦးမျိုးဆန်းလင်းအား အကြောင်းမဲ့စွန့်ပစ်ခဲ့ပြီး တစ်နှစ်ကျော်သည်အထိ အဆက်အသွယ်ပြုလုပ်ခြင်း၊ လင်မယားအဖြစ် လာရောက်ပေါင်းသင်းနေထိုင်ခြင်း၊ မယားဝတ္တရားနှင့် အညီ ပြုမူဆောင်ရွက်ခြင်းများ လုံးဝမရှိခဲ့ပါ။ ထို့ကြောင့် စွန့်ပစ်ခြင်းခံရသူ ဦးမျိုးဆန်းလင်း အနေဖြင့် စွန့်ပစ်သူ ဒေါ်ချောသူသူစိုးကို မယားအဖြစ်ဆက်လက်ပေါင်းသင်းရန်ဆန္ဒ မရှိတော့သဖြင့် ယနေ့မှစ၍ လင်ခန်းမယားခန်းပြတ်စဲကြောင်း ဒေါ်ချောသူသူစိုး ၁၂/အစန (နိုင်)၁၇၉၈၈၅ နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမျိုးဆန်းလင်းအနေဖြင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဒေါ်ချောသူသူစိုး နှင့် လင်မယားအဖြစ်မှပြတ်စဲကြောင်း တရားဝင်ဆန္ဒဖော်ထုတ်ပြီးဖြစ်၍ နောက်နောင်တွင် ဒေါ်ချောသူသူစိုးနှင့် ပတ်သက်သောကိစ္စရပ်များသည် ဦးမျိုးဆန်းလင်းနှင့် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| **ဦးအောင်ဇေယျ(LL.B)** | **ဦးအောင်ကျော်ဖြိုး(LL.B)** | **ဒေါ်ချစ်ချစ်စံ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဥ်-၁၄၂၄၅)** | **(စဥ်-၃၈၉၅၃)** | **(စဥ်-၄၇၄၆၈)** |

**အမှတ်(B-6)၊ အခန်း(၄၀၁)၊မင်းဓမ္မလမ်း၊(၃)ရပ်ကွက်၊ ရွှေကမ္ဘာအိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၁၀၀၈၆၉၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၅၊လွတ်လပ်ရေး၂လမ်း ၊မြေကွက်အမှတ် ၅၆၆ ဟုခေါ်တွင်သည့်ပေ(၄၀x၆၀)အနက်မှ ပေ(၃၀x၆၀)ပါမစ် မူရင်းအား တရားဝင်လက်ဝယ်ပိုင်ဆိုင်သူ ဦးဝင်းကိုကိုအောင် ၁၂/ဥကတ(နိုင်)၁၄၁၂၉၃ မှ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ၎င်းထံမှ ဒေါ်ခင်စုစုလှိုင် ၁၂/ဒဂမ(နိုင်)၀၁၆၅၆၇မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ခင်စုစုလှိုင်၁၂/ဒဂမ(နိုင်) ၀၁၆၅၆၇**
**ဖုန်း-၀၉-၉၆၀၁၇၃၄၀၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ ကြယ်စင်မြို့တော်အိမ်ရာဝင်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့် တိုက်အမှတ်(အေ-၃)၊ အခန်းအမှတ်(၇၁၅)၊Type(A),Area (၁၁၈၅)Sqft ရှိ တိုက်ခန်းကို ဦးတာဆန်း (ခ)လီမီးမြန် ၁၃/လရန(နိုင်)၀၇၃၈၂၉ မှ ၂၀၁၂ ခုနှစ် မေ ၂၅ ရက်တွင် StarCity အိမ်ရာ စီမံကိန်းမှ ဝယ်ယူခဲ့ပါသည်။ထိုမှတစ်ဆင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ဦးတာဆန်း (ခ)လီမီးမြန် ၁၃/လရန(နိုင်)၀၇၃၈၂၉ ထံမှ ဦးအောင်မင်းသိန်း ၁၂/မဂတ(နိုင်)၀၉၆၈၀၃ မှ ၎င်းတိုက်ခန်းအားထပ်မံဝယ်ယူခဲ့ပါသည်။ ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ယခုတိုက်ခန်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်မင်းသိန်း ၁၂/မဂတ(နိုင်) ၀၉၆၈၀၃ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင့်လွင်**
**၁၂/ဗဟန(နိုင်)၀၇၉၆၄၆**
**ဖုန်း-၀၉-၅၁၁၀၉၁၁၊၀၉-၇၇၇၉၈၂၉၉၂**

## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## ပဲခူးတိုင်းဒေသကြီး၊ပဲခူးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများနှင့် လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းတို့အား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။ စိတ်ဝင်စားသည့် မြန်မာနိုင်ငံသားကုမ္ပဏီ/လုပ်ငန်းရှင် များအနေဖြင့် မည်သူမဆို အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- LotNo.1 - သာယာဝတီမြို့နယ် (စိုက်သိပ္ပံကျောင်းဝင်းအတွင်း) အမှုထမ်း ဝန်ထမ်းအိမ်ရာ(၅၀'x၄၃'x၂၃') RC(၂)ထပ်အဆောက်အဦ(၁)လုံး ဆောက်လုပ်ခြင်း
- Lot No.2 - ပေါင်းတည်မြို့နယ်(ပေါင်းတည်မျိုးသန့်ခြံ)တွင် ဝန်ထမ်းအိမ်ရာ (၄) ခန်းတွဲ (၈၀'x၃၅'x၁၂') RC(၁)ထပ် အဆောက်အဦ(၁)လုံး ဆောက်လုပ်ခြင်း
- Lot No.3 - ဖြူးမြို့နယ်(အုတ်ဖြတ်မျိုးသန့်ခြံ)တွင် ဝန်ထမ်းအိမ်ရာ(၄) ခန်းတွဲ (၈၀'x၃၅'x၁၂') RC(၁)ထပ်အဆောက်အဦ(၁)လုံးဆောက်လုပ်ခြင်း
- Lot No.4 - (၁) ဖြူးမြို့နယ်(အုတ်ဖြတ်မျိုးသန့်ခြံ)တွင် (၆၅၀'x၁၂'x၉") ကွန်ကရစ် လမ်းခင်းခြင်း
  - (၂) ဖြူးမြို့နယ်(အုတ်ဖြတ်မျိုးသန့်ခြံ)တွင်(၆၀'x၄၀'x၁') ကွန်ကရစ်တလင်း(၁)ခုပြုလုပ်ခြင်း
- Lot No.5 - ဖြူးမြို့နယ်(ညောင်ပင်သာ)ကြံသုတေသနခြံ၊ ရေတာရှည်မြို့နယ် (ဘိုးတော်ကုန်း) ကြံမျိုးသန့်ခြံနှင့် ဖြူးမြို့နယ်(စိမ့်ကြီး)ကြံမျိုးသန့် ခြံတွင်ဝန်ထမ်း (၂)ခန်းတွဲ နေအိမ်(၄၀'x၂၇'x၁၂') RC(၁)ထပ် အဆောက်အဦ (၃)လုံး ဆောက်လုပ်ခြင်း
- Lot No.6 - ဖြူးမြို့နယ် မြို့နယ်ဦးစီးမှူးရုံးဝင်းအတွင်း(၅၄'x၃၆'x၁၂') Steel Structure အမျိုးအစား နည်းပညာပြန့်ပွားရေးစင်တာ(Knowledge Center)(၁)လုံး ဆောက်လုပ်ခြင်း
- Lot No.7 - ကျောက်တံခါးမြို့နယ်(ကျောင်းစုမျိုးသန့်ခြံ)တွင် (၆၀'x၄၀'x၁') ကွန်ကရစ်တလင်း(၂)ခုပြုလုပ်ခြင်း
- Lot No.8 - (၁) အုတ်တွင်းမြို့နယ် (ဇီးဖြူသောင်)ဝါ/လျှော်ခြံတွင် (၅၆၀၀'x၅')အား Change Link ဖြင့် စည်းရိုးကာရံခြင်း
  (၂) အုတ်တွင်းမြို့နယ်(ဇီးဖြူသောင်)ဝါ/လျှော်ခြံတွင် (၂၀'x၁၂'x၁၄') ကွန်ကရစ်တံတား(၁)ခုဆောက်လုပ်ခြင်း
- Lot No.9 - အုတ်တွင်းမြို့နယ်(ဇီးဖြူသောင်)ဝါ/လျှော်ခြံတွင် လျှပ်စစ်မီးသွယ်တန်းခြင်း (၂.၁)မိုင် 11KVA/100 KVA,400V ဓာတ်အားလိုင်း တည်ဆောက်ခြင်း

၂။ တင်ဒါတင်သွင်းခြင်းလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁၁-၁၁-၂၀၂၀ ရက်မှ ၂၄-၁၁-၂၀၂၀ ရက်ထိ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)နှင့် ဖော်ပြပါလုပ်ငန်းများ တည်ရှိရာ တာဝန်ခံရုံးများတွင် ပိတ်ရက်မရှိရောင်းချပေးသွားမည်ဖြစ်ပြီး တင်ဒါတင်သွင်းခြင်းကို ၁၀-၁၂-၂၀၂၀ ရက် ညနေ ၄:၃၀ နောက်ဆုံးထား၍ အဆိုပါရုံးများတွင် စိစစ်လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက တိုင်းဒေသကြီးဦးစီးမှူးရုံး ဖုန်း-၀၅၂-၂၂၂၃၃၀၈၊၀၉-၇၇၈၁၁၅၁၉၇၊ ပဲခူးခရိုင် ဖုန်း-၀၉- ၄၅၉၁၁၁၁၇၁၊ တောင်ငူခရိုင် ဖုန်း-၀၉-၄၁၀၀၂၀၃၂၊ ပြည်ခရိုင် ဖုန်း-၀၉-၅၃၁၂၅၃၂၊သာယာဝတီခရိုင် ဖုန်း-၀၉-၅၂၁၄၃၆၂ ဖုန်းနံပါတ်များကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ပဲခူးတိုင်းဒေသကြီး၊စိုက်ပျိုးရေးဦးစီးဌာန၊ပဲခူးမြို့**

**တစ်ဦးတည်း ဖြစ်ကြောင်း**

ကသာမြို့နယ်၊အင်းရွာအုပ်စု ၊ရွှေဘုံသာရပ်တွင်နေထိုင်သော မလင်းရတနာတိုး၏ ဖခင် ဦးဂျက်လီကို (ခ) ဦးအောင်ခိုင်လင်း ၅/ကသန(နိုင်)၁၅၈၃၀၁သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## အစည်းအဝေးအကြောင်းကြားစာအား အများသိစေရန်

MKKW General Trading Company Limited ၏ မတည်ငွေရင်း လျှော့ချခြင်းအတွက် ရှယ်ယာရှင်အစည်းအဝေးကျင်းပမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**MKKW General Trading Co.,Ltd.**

## အစုရှယ်ယာလျှော့ချကြောင်းကြေညာခြင်း

Eagle Group Synergy Myanmar Co.,Ltd.(Registration No-102882083)၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီတွင်ထည့်ဝင်ထားသော တစ်သိန်းကျပ်တန် အစုရှယ်ယာ ၂၀၀၀ စုမှ အစုရှယ်ယာ ၂၀၀ စု သို့ လျှော့ချကြောင်း ကြေညာအပ်ပါသည်။

**Eagle Group Synergy Myanmar Co.,Ltd.**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မကွေးမြို့၊ မြို့ဟောင်း(၂)ရပ်ကွက်၊ မြသလွန်ဘုရားလမ်း၊ အကွက်အမှတ်(၁.က/မြို့ဟောင်းမြောက်)၊ဦးပိုင်အမှတ်(၁၅၃)၊ဧရိယာ(၀.၀၅၃)ဧကရှိ ဦးကြည်ရွှေ အမည်ပေါက် နှစ်(၃၀)ဂရန်ရ ဝိုင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအား တန်ဖိုးငွေသိန်း(၅၃၀)ကျပ်ဖြင့် ဒေါ်ယုမွန်ကြည်(ဘ) ဦးကြည်တင် ၇/ပခန(နိုင်)၂၁၁၀၆၄ မှ ဝယ်ယူမည်ဖြစ်သောကြောင့် ၂၀၂၀ပြည့်နှစ်နိုဝင်ဘာ(၁၉)ရက် (၁၃၈၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ရက်)နောက်ဆုံးထားပြီး တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေအတိုင်း အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ယုမွန်ကြည်(ဘ)ဦးကြည်တင်၇/ပခန(နိုင်)၂၁၁၀၆၄၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းသိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(လိုင်စင်အမှတ်-၁၀၁၆၈)၂၃-၁၂-၂၀၁၄**
**အမှတ်(Fs-၅၉)**
**သစ္စာလမ်းနှင့်၂၀လမ်းထောင့် အနီး၊ မြင်သာရပ်ကွက်၊မကွေးမြို့၊**
**ဖုန်း-၀၉-၄၀၁၅၆၄၅၉၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)တိုးချဲ့ရပ်ကွက်၊ ဇမ္ဗူလလမ်း၊ မြေကွက်အမှတ်(၉၆၈/က)အကျယ်အဝန်း(၂၁x၆၁)ရှိ ဦးသိန်းငွေဖြင့် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းကမ်းလှမ်းလာသူ ဒေါ်မြင့်မြင့်သွယ် ၁၂/စခန(နိုင်)၀၁၇၆၆၇ ထံမှ ကျွန်တော် ဦးဇင်မျိုးဝင်း ၁၂/လကန(နိုင်)၁၅၀၇၆၂ ကဝယ်ယူရန် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဦးဇင်မျိုးဝင်း**
**ဖုန်း-၀၉-၄၀၁၅၄၅၉၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရတနာပုံမြို့သစ်(မြောက်ပိုင်း)အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်(B-4)၊ မြေကွက်အမှတ်(၂)၊ ဧရိယာ/အကျယ်အဝန်း (၁၂၀'x ၁၂၀')ရှိ မြေကွက်အား ဒေါ်အေးအေးရီ ၁၃/နခတ(နိုင်)၀၀၁၉၅၈မှ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ မြေကွက်ချအကြောင်းကြားစာမူရင်း တင်ပြ၍ မြေငှားစာချုပ်(ဂရန်) ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊**
**မန္တလေး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၁၃၂၂)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်ညွန့်ရီ အမည်ပေါက် ပါမစ်မြေကွက်အား ဦးလှသိန်း ၁၂/တမန(နိုင်)၀၇၁၂၂၇ မှ ပျဉ်းမနားမြို့မြေတိုင်းချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်း ပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုမန-၂လမ်း၊ အမှတ်-၉၀၀ နေ ဒေါ်မေသူသူထွန်း ၁၂/သဃက(နိုင်) ၁၄၆၉၉၀ ၏ သားမောင်ကျော်ကိုကိုဇင်သည် လူကြီးမိဘကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေသူသူထွန်း**
**၁၂/သဃက(နိုင်)၁၄၆၉၉၀**

## အမည်မှန်

ဟသ်ာတမြို့၊အမှတ်(၁)အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ ဦးဇင်ဗိုလ်ဗိုလ်မောင်၏သမီး မသင်းမြတ်မြတ်ဆု၏ အမည်မှန်မှာ မသင်းဆုဝတီ ဖြစ်ပါကြောင်း။

**သွေးသည် အသက်**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဝမ်းနည်းကြေကွဲခြင်း ဒေါ်သင်းကြိုင် အသက်(၁၀၁)နှစ်

ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း) ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) (စည်ပင်သာယာရေးဦးစီးဌာန)၏ မိခင်ဖြစ်သူ ဒေါ်သင်းကြိုင်သည် (၄-၁၁-၂၀၂၀)ရက်တွင် ပဲခူးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၁၅) မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း ဒေါ်အိအိစိုး(Feel ရွှေအိ) ရွှေအိ အသင့်စားမုန့်ဟင်းခါး အထက(၁)ဒဂုံ၊ Eco(1983)ကျောင်းသူဟောင်း အသက်(၅၇)နှစ်

မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်မောင်-ဒေါ်သူဇာကြည်တို့၏ ချစ်လှစွာသော ညီမလေး မအိအိစိုး (Feel ရွှေအိ)သည် ၅-၁၁-၂၀၂၀ရက်(ကြာသပတေးနေ့)ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်ဒေါက်တာဇော်မြင့်နှင့် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း ဒေါ်မြင့်မြင့်(ကျောင်းဆရာမ-ငြိမ်း)၊ အထက(၃)သာကေတ အသက်(၈၂)နှစ်

ဆေးတက္ကသိုလ်(တောင်ကြီး) ခန္ဓာဗေဒဌာန၏ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာ ဇော်ဇော်လတ်-ဒေါ်ဖြူဖြူတို့၏ မိခင် ဒေါ်မြင့်မြင့်သည် ၅-၁၁-၂၀၂၀ရက်(ကြာသပတေးနေ့) ည ၁၁ နာရီတွင် မြောက်ဥက္ကလာပမြို့နယ်၊ မေဓာဝီဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ခန္ဓာဗေဒမိသားစု**
**ဆေးတက္ကသိုလ်(တောင်ကြီး)**

## ဝမ်းနည်းကြေကွဲခြင်း ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်မြင့်မြင့်၊ ကျောင်းဆရာမ(ငြိမ်း) အ.ထ.က(၃)၊ သာကေတ အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်နေ(ဦးဘရှင်-ဒေါ်အုန်းမြိုင်)တို့၏ သမီး၊ (ဦးတင့်ဝေ၊ ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း) ၏ဇနီး၊ ဦးဇော်ဇော်ဦး (ညွှန်ကြားရေးမှူး၊ ဌာနမှူး(စီမံ/ဘဏ္ဍာ)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်ကြည်ကြည်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်၊ရန်ပြေ(၁၀)လမ်း၊အိမ်အမှတ်(၂)နေ ပါမောက္ခဒေါက်တာဇော်ဇော်လတ် (ပါမောက္ခ/ဌာနမှူး၊ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်၊ တောင်ကြီး)-ဒေါ်ဖြူဖြူတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မသီရိထက်ခိုင်ဇော်၊ မရွှေရည်ထက်ခိုင်ဇော် ၊ မောင်ပိုင်မိုးခန့်၊ မမိုးသန္တာမြင့်တို့၏ အဘွား ဒေါ်မြင့်မြင့် ကျောင်းဆရာမ (ငြိမ်း) ၊အ.ထ.က(၃) သာကေတသည် ၅-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) ည(၁၁:၀၀)နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး**
**သာသနာရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်မြင့်မြင့် ကျောင်းဆရာမ(ငြိမ်း) အ.ထ.က(၃) သာကေတ အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်နေ (ဦးဘရှင်-ဒေါ်အုန်းမြိုင်)တို့၏သမီး၊ (ဦးတင့်ဝေ၊ ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)၏ ဇနီး၊ ဦးဇော်ဇော်ဦး(ညွှန်ကြားရေးမှူး၊ဌာနမှူး(စီမံ/ဘဏ္ဍာ)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်ကြည်ကြည်ခိုင်၊ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရန်ပြေ(၁၀)လမ်း၊ အိမ်အမှတ်(၂)နေ ပါမောက္ခ ဒေါက်တာ ဇော်ဇော်လတ်(ပါမောက္ခ/ဌာနမှူး၊ခန္ဓာဗေဒဌာန၊ဆေးတက္ကသိုလ်၊တောင်ကြီး)-ဒေါ်ဖြူဖြူတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မသီရိထက်ခိုင်ဇော်၊ မရွှေရည်ထက်ခိုင်ဇော်၊ မောင်ပိုင်မိုးခန့်၊ မမိုးသန္တာမြင့်တို့၏အဘွား ဒေါ်မြင့်မြင့် ကျောင်းဆရာမ (ငြိမ်း)၊ အ.ထ.က(၃) သာကေတသည် ၅-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) ည(၁၁:၀၀)နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီးဒေါ်မြင့်မြင့်ရီ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်မြင့်မြင့်၊ ကျောင်းဆရာမ(ငြိမ်း) အ.ထ.က(၃) သာကေတ အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်နေ(ဦးဘရှင်-ဒေါ်အုန်းမြိုင်)တို့၏ သမီး၊ (ဦးတင့်ဝေ၊ ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း) ၏ဇနီး၊ ဦးဇော်ဇော်ဦး (ညွှန်ကြားရေးမှူး၊ ဌာနမှူး(စီမံ/ဘဏ္ဍာ)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်ကြည်ကြည်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်၊ရန်ပြေ(၁၀)လမ်း၊အိမ်အမှတ်(၂)နေ ပါမောက္ခဒေါက်တာဇော်ဇော်လတ်(ပါမောက္ခ/ဌာနမှူး၊ ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်၊ တောင်ကြီး)-ဒေါ်ဖြူဖြူတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မသီရိထက်ခိုင်ဇော်၊ မရွှေရည်ထက်ခိုင်ဇော် ၊ မောင်ပိုင်မိုးခန့်၊ မမိုးသန္တာမြင့်တို့၏ အဘွား ဒေါ်မြင့်မြင့် ကျောင်းဆရာမ (ငြိမ်း) ၊အ.ထ.က(၃) သာကေတသည် ၅-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) ည(၁၁:၀၀)နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်မြင့်မြင့် ကျောင်းဆရာမ(ငြိမ်း) အ.ထ.က(၃) သာကေတ အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်နေ (ဦးဘရှင်-ဒေါ်အုန်းမြိုင်)တို့၏သမီး၊ (ဦးတင့်ဝေ၊ ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)၏ ဇနီး၊ ဦးဇော်ဇော်ဦး(ညွှန်ကြားရေးမှူး၊ဌာနမှူး(စီမံ/ဘဏ္ဍာ)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်ကြည်ကြည်ခိုင်၊ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်၊ ရန်ပြေ(၁၀)လမ်း၊ အိမ်အမှတ်(၂)နေ ပါမောက္ခ ဒေါက်တာ ဇော်ဇော်လတ်(ပါမောက္ခ/ဌာနမှူး၊ခန္ဓာဗေဒဌာန၊ဆေးတက္ကသိုလ်၊တောင်ကြီး)-ဒေါ်ဖြူဖြူတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မသီရိထက်ခိုင်ဇော်၊ မရွှေရည်ထက်ခိုင်ဇော် ၊ မောင်ပိုင်မိုးခန့်၊ မမိုးသန္တာမြင့်တို့၏အဘွား ဒေါ်မြင့်မြင့် ကျောင်းဆရာမ (ငြိမ်း)၊ အ.ထ.က(၃) သာကေတသည် ၅-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) ည(၁၁:၀၀)နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့်ဇနီး ဒေါ်နွယ်နီစိုး**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဝမ်းတွင်းမြို့၊ အမှတ်(၂) နယ်မြေ၊ အမှတ်(၅)ရပ်ကွက်၊ သိမ်တော်လေး၊ အကွက်အမှတ်(၃၁-၃၀)၊ မြေဧရိယာ (၄၁x ၈၀)ပေရှိ မြေပေါ်တွင် ဦးမောင်ထွန်း ၉/ကဆန(နိုင်)၀၀၅၇၇၇မှ အဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ တစ်လအတွင်း ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးမောင်ထွန်း**
**ဖုန်း- ၀၉- ၆၇၇၇၅၅၅၆၆**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်မြင့်မြင့် ကျောင်းဆရာမ(ငြိမ်း)၊ အထက (၃) သာကေတ အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးဘရှင်-ဒေါ်အုန်းမြိုင်)တို့၏သမီး၊ (ဦးတင့်ဝေ၊ ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း) ၏ဇနီး၊ ဦးဇော်ဇော်ဦး (ညွှန်ကြားရေးမှူး၊ ဌာနမှူး၊ စီမံ/ဘဏ္ဍာ)၊ (အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်ကြည်ကြည်ခိုင်၊ ပါမောက္ခ ဒေါက်တာဇော်ဇော်လတ် (ပါမောက္ခ/ဌာနမှူး၊ ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်၊ တောင်ကြီး)-ဒေါ်ဖြူဖြူတို့၏ မိခင်၊ မသီရိထက်ခိုင်ဇော်၊ မရွှေရည်ထက်ခိုင်ဇော်၊ မောင်ပိုင်မိုးခန့်၊ မမိုးသန္တာမြင့်တို့၏ အဘွားသည် ၅-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) ည ၁၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစု နှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် ဝန်ထမ်းများ**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း ဦးစိုးအောင် B.E(Electronic)(1982–83) ဒုတိယ ညွှန်ကြားရေးမှူး(ငြိမ်း)၊ ရေအားလျှပ်စစ်ဌာနခွဲ(၁) ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး (ကန်ရှေ့)ရပ်ကွက်၊ ၉၁လမ်း၊ အမှတ် ၁၀၆(လေးလွှာ)နေဒေါ်စိုးစိုးမြင့်၏ ခင်ပွန်း၊ မခင်သီတာစိုး၊ ကိုအောင်ကိုကို၊ မစိုးစန္ဒာသွယ် တို့၏ဖခင်သည် ၅-၁၁-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၀၀:၃၂နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ဆီဆုံလမ်း၊ အမှတ် ၄၉နေ ပါမောက္ခ ဒေါက်တာသန္တာဝင်းနွယ်၏ ချစ်လှစွာသောဖခင် ဦးဝင်းနွယ် အသက်(၇၅)နှစ် သည် ၄-၁၁-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အရေးပေါ်ကုသမှုဆေးပညာဌာန**
**ဆေး(၁)၊ဆေး(၂)၊ဆေး(မန်း)**
**မိသားစုများ**

## ဦးကြည်ကင်း အသက် (၇၁)နှစ်

ရန်ကုန်မြို့၊ တံခွန်ပွဲရုံး အမှတ် (၈/၆၇)၊ ငုဝါလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်နှင့် အမှတ် (၈၄)၊ ရောဝတီ လမ်း၊ ဌာနရပ်ကွက်၊ အလုံမြို့နယ်နေ (ဦးကျိုးဝါ-ဒေါ်ကျင်စိန်)တို့၏သား၊ ဦးလေးရာ-(ဒေါ်တန်ရှုဝါ)တို့၏ သားသမက်၊ ဒေါ်ကြည်ကြည်ဝင်း၏ခင်ပွန်း၊ ဦးကျော်ဇင်ဦး-ဒေါ်လှဲ့လှဲ့ဝင်းတို့၏ ဖခင်၊ မယွန်းဝတီဖြိုး၊ မအိသန္တာကျော်၊ မမေမြတ်ကျော်ဇင်တို့၏အဘိုးသည် ၅-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၀၅ နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၇-၁၁-၂၀၂၀ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး ၍ ၁၁-၁၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဝမ်းနည်းကြေကွဲခြင်း ဒေါ်ဖြူဖြူဝင်း အသက်(၅၆)နှစ်

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဗိုလ်မှူးစိုးနိုင်(ငြိမ်း)၏ ဇနီးဖြစ်သူ ဒေါ်ဖြူဖြူဝင်းသည် မြစ်ကြီးနားမြို့၌ ၄-၁၁-၂၀၂၀ ရက်တွင်ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအုန်းညွန့်-ဒေါ်မူမူအေးမိသားစု**
**ရန်ကုန်မြို့**

## အထူးကျေးဇူးတင်ရှိခြင်း

၄-၁၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသော ဖခင်ကြီး ဦးဝင်းနွယ် (ခ)ဦးဝင်းထိန် အသက် (၇၅)နှစ် နာမကျန်းစဉ်ကာလတွင် အထူးဂရုစိုက် ပြုစုကုသပေးပါသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာန၊ နှလုံးဆေးကုဌာန၊ သွေးရောဂါကုဌာန၊ ဓာတ်မှန်ဌာနတို့မှ ပါမောက္ခများ၊ အထူးကုဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဝန်ထမ်းများ၊ မိဘအရင်းသဖွယ် အနီးကပ်ဂရုစိုက်စောင့်ရှောက်ပေးသော အရေးပေါ်ဌာနမှ အရေးပေါ်အထူးကုဆရာဝန်များ၊ လိုအပ်သမျှ ကူညီပံ့ပိုးပေးပါသော ဆေးရုံအုပ်နှင့် လူမှုရေးကူညီမှုအသင်းအဖွဲ့များ၊ ကွယ်လွန်သွားချိန်တွင် နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးပါသော ဆွေမျိုးများ၊ ရပ်ကွက်မှ တာဝန်ရှိလူကြီးများ၊ ဝမ်းနည်းကြောင်းနှင့် အားပေးနှစ်သိမ့်မှုတို့ကို လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း၊ လူမှုကွန်ရက်တို့မှသော် လည်းကောင်း ဖော်ပြပေးပါသော ဆရာကြီး၊ ဆရာမကြီးများ၊ မိတ်ဆွေသူငယ်ချင်းများ၊ လှူဒါန်းမှုအစုစုတို့ကို ပေးပို့လှူဒါန်းကြသူများ၊ အစစအရာရာ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလုံးတို့ကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း ဦးကြည်ကင်း အသက် (၇၁)နှစ်

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ စီမံခန့်ခွဲရေးကော်မတီဝင် ဦးကျော်ဇင်ဦး၏ဖခင်၊ တံခွန်ပွဲရုံ၊ အမှတ် (၈/၆၇)၊ ငုဝါလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်နှင့် အမှတ် (၈၄)၊ ရောဝတီလမ်း၊ ဌာနရပ်ကွက်၊ အလုံမြို့နယ်နေ ဦးကြည်ကင်း (ရာသက်ပန်အသင်းသား၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း)သည် ၅-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း**

**သစ်တောမှန်လျှင်**
**အသုံးဝင်၊**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**

## အထူးဝမ်းနည်းကြေကွဲခြင်း ဒေါ်ခင်အေးချို အသက် (၆၃)နှစ်

သူငယ်ချင်း ဦးဝဏ္ဏ-ဒေါ်လှဲ့လှဲ့စိုးတို့၏ မိခင်ဖြစ်သူ ဒေါ်ခင်အေးချိုသည် ၂-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ (၂၇) ကျောင်းဆင်းအရာရှိမိသားစုများ**

## ကန့်ကွက်လွှာခေါ်ယူခြင်း

မိတ္ထီလာမြို့၊ မဟာစည်တိုးချဲ့ရပ်ကွက်၊မြေကွက်အမှတ်(၉၁၁)ပေါ်တွင် (အလျား ၂၇' - ၀'' x အနံ ၁၅' - ၀'')Steel Structure (၁)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန် ၎င်းမြေကွက်အား ပိုင်ဆိုင်သူဦးမျိုးမင်းဇော် ၉/ မထလ(နိုင်)၂၄၆၆၁၃ (နိုင်) ၂၄၆၆၁၃မှ လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာ တင်သွင်းလိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော အထောက်အထားများ ယူဆောင်၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်၊ နမ့်စန်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ရေစက်လမ်းနေ ဦးအောင်သိန်းနှင့် ဒေါ်စိမ်းတို့၏သမီး မစံပယ်ထွေး ၁၃/နစန(နိုင်)၀၅၅၉၃၅ သည် မိဘများအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်၍ နေအိမ်မှထွက်ခွာသွားသဖြင့် မစံပယ်ထွေးအား သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို မိဘများအနေဖြင့် ဖြေရှင်းပေးတော့မည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်သိန်း-ဒေါ်စိမ်း**

## ဒေါ်သန်းကြည်ကြည်

**ရန်ကင်း**

**အသက် (၁၀၆)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နေ (ဦးဘပု-ဒေါ်စောဟန်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရန်ငြိမ်းလမ်းသွယ် (၂)၊ တိုက်အမှတ် (၂၂၄)၊ အခန်း (၆)နေ (ဦးသိန်းကြည်)၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ ချစ်လှစွာသောဇနီး၊ ဒေါ်မြမြသိန်း (JANE)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန(ငြိမ်း)၊ (ဒေါက်တာ ဒေါ်ညွန့်ညွန့်သိန်း) (MILLIE) ဆေးရုံအုပ်ကြီး(ငြိမ်း)၊ သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့၊ ဦးစိုးတင့်သိန်း (VICTOR) Legal Consultant, GRAND ROYAL GROUP INTERNATIONAL နှင့် အဖွဲ့ဝင်၊ ရန်ကင်းမြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တို့၏ မိခင်ကြီးသည် ၅-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၆:၃၀နာရီတွင် ကွယ်လွန်သွားပါကြောင်း မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်

**ကျောင်းဆရာမ(ငြိမ်း)၊ အထက(၃) သာကေတ**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးဘရှင်-ဒေါ်အုန်းမြိုင်)တို့၏ သမီး၊ (ဦးတင့်ဝေ၊ ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း)၏ဇနီး၊ ဦးဇော်ဇော်ဦး(ညွှန်ကြားရေးမှူး၊ ဌာနမှူး၊စီမံ/ဘဏ္ဍာ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်ကြည်ကြည်ခိုင်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရန်ပြေ ၁၀လမ်း၊ အမှတ် ၂နေ ပါမောက္ခ ဒေါက်တာဇော်ဇော်လတ်(ပါမောက္ခ/ဌာနမှူး၊ ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်၊ တောင်ကြီး)-ဒေါ်ဖြူဖြူတို့၏ မိခင်၊ မသီရိထက်ခိုင်ဇော်၊ မရွှေရည်ထက်ခိုင်ဇော်၊ မောင်ပိုင်မိုးခန့်၊ မမိုးသန္တာမြင့်တို့၏ အဘွားသည် ၅-၁၁-၂၀၂၀ရက်(ကြာသပတေးနေ့) ည ၁၁နာရီတွင် မြောက်ဥက္ကလာပမြို့နယ်၊ မေဓာဝီဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆- ၁၁-၂၀၂၀ ရက် (သောကြာနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းမောင်

**ညောင်ဦးမြို့**

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ မြို့မကွက်သစ်ရပ်၊ မြို့နယ်သမဝင်းနေ ဒေါ်ငွေငွေမြင့်၏ ခင်ပွန်း၊ ဒေါ်အေးအေးပြုံး(မန်နေဂျာ၊ မြို့နယ် သ/မ အသင်းစု)၊ ဦးအောင်ကိုနိုင်-ဒေါ်ငွေငွေ(အထပြ၊ မြို့ပြ)၊ (ဦးလတ်ကိုကို)၊(ဦးမြတ်ကိုကို)၊ဦးရဲထွန်းနောင်-ဒေါ်မူမူနွယ်(မှော်ဘီ)တို့၏ဖခင်၊ ကိုချမ်းချမ်း-မဇင်မာမျိုး၊ ကိုရဲမင်းသက်-မငုဝါပြုံး၊ ကိုခန့်စည်သူဟိန်း၊ ကိုဇေယျာထွန်း၊ ကိုအောင်မင်းခန့်ကို၊ ကိုထက်အောင်ရှိုင်း တို့ ၏ အဘိုး၊ မောင်စစ်သူရထွဋ်၊ မောင်ထွဋ်အောင်လင်း၊ မကေရီချမ်းမြေ့တို့၏ ဘိုးဘိုးကြီးသည် ၅-၁၁-၂၀၂၀ရက် ည နေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၂၀ရက် ညနေ ၃နာရီတွင် ညောင်ဦးမြို့သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယကာကြီး

## ဦးစိုးအောင်

**B.E(Electronic)(1982–83)**

**ဒုတိယ အင်ဂျင်နီယာချုပ်၊ ဆသရ**

**ဒုတိယညွှန်ကြားရေးမှူး၊ ရေအားလျှပ်စစ်-ဆည်မြောင်း(ငြိမ်း)**

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ ကန်တော်ကလေး အရှေ့ပိုင်းရပ်ကွက်၊ ၉၁လမ်း၊ အမှတ် ၁၀၆(ခုနစ်လွှာ)နေ (ဦးစိုးဝင်း-ဒေါ်ပို့)တို့၏သား၊ (ဦးမောင်မောင်) -ဒေါ်ညွန့်ရီတို့၏သားသမက်၊ ဒေါ်စိုးစိုးမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မခင်သီတာစိုး၊ မောင်အောင်ကိုကို၊ မစိုးစန္ဒာသွယ်တို့၏ ချစ်လှစွာသော ဖခင်သည် ၅-၁၁-၂၀၂၀ရက်(ကြာသပတေးနေ့)နံနက် ၀၀:၃၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ကျောင်း၊ ကန် ဒါယိကာမကြီး**

## ဒေါ်အိအိစိုး

**အသက် (၅၇)နှစ်**

အချစ်ဆုံးသူငယ်ချင်း ရွှေအိ အားလုံးကို ကူညီပေးခဲ့သူ နှင့်အတွက် ငါတို့ဘာမှ မလုပ်ပေးနိုင်ခဲ့။

ဝမ်းနည်းစွာဖြင့်

ဒဂုံ(၁) သူငယ်ချင်းများ

---

## ဦးမင်းသန်းထွန်း

**အသက်(၄၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ ၄လမ်း၊ အမှတ် ၆၆၄(က)နေ (နိုင်ထွန်းရှင်-မိခင်သန်းရီ)တို့၏ သား၊ ဦးစန်းငွေ-(ဒေါ်ညိုဝင်း)တို့၏ သားသမက်၊ ဒေါ်စန်းစန်းဝင်း(Bagan Royal Star Construction Co.,Ltd)၏ချစ်လှစွာသောခင်ပွန်း၊ ဦးစောလပြည့်ဘွား-ဒေါ်မိအေးအေးမွန်(ဆေး သုတေသနဦးစီးဌာန)၏ မောင်၊ ဦးမင်းမျိုးသွယ်- ဒေါ်ဖြူစင်သန့်တို့၏ အစ်ကို၊ တူ၊တူမ လေးယောက်တို့၏ ဦးလေးသည် ၂-၁၁-၂၀၂၀ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၂၀ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၂၀ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းနွယ်(ခ)ဦးဝင်းထိန်

**(ကျွန်းကလေး)**

**အသက် (၇၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ဆီဆုံလမ်း၊ အမှတ် (၄၉)နေ (ဦးမြဒင်-ဒေါ်သိန်းရှင်)တို့၏ သား၊ ဒေါ်မြင့်သန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းထွန်း-ဒေါ်မြင့်မြင့်ကြည်တို့၏အစ်ကို၊ ဒေါက်တာဒေါ်သန္တာဝင်းနွယ်၊ ဒေါ်စန္ဒာဝင်းနွယ်-ဦးဇော်ဝင်း၊ ဦးဝင်းထက်-ဒေါ်ဝင်းဝင်းနွယ်တို့၏ ဖခင်၊ မကေခိုင်ထွန်း-ကိုကျော်ဇွာဟိန်း၊ မောင်စောခိုင်ထွန်း-မဖြူနှင်းအိတို့၏ဘကြီး၊ မဆုပြည့်ပြည့်ထက်၊ မမေဖူးပြည့်စုံ၊ မဖြူစင်ဝင်းထက်တို့၏အဘိုးသည် ၄-၁၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၄၅နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမောင်ထွန်းအောင်

**ယဉ်ဆန်းအားကစားပစ္စည်းအရောင်းဆိုင်**

**စစ်တွေမြို့**

**အသက် (၇၀)**

ကျောက်တော်မြို့၊ အမ်းတန်းရပ်ကွက်နေ (ဦးကြာထွန်းဦး-ဒေါ်အောင်ကြာဦး) တို့၏သားကြီး၊ ဒေါ်ရွှေမြစိန်၊ ဒေါ်မတုတ် တို့၏မောင်၊ (ဦးမောင်မြစိန်)၊ ဦးစိန်သာထွန်း၊ ဒေါ်မအေးစိန်၊ (ဦးမောင်ရွှေသန်း)၊ ဒေါ်ရွှေကျော့၊ ဒေါ်သိန်းသိန်းရွှေတို့၏အစ်ကိုကြီး၊ ဒေါ်လှမြသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ မချောစုခင်၊ မနီနီအောင်၊ မောင်အောင်သန်းထွန်းတို့၏ဖခင်သည် ၆-၁၁-၂၀၂၀ရက် (သောကြာနေ့) နံနက် ၄:၂၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဝါဝါခင်

**B.Sc(Physics)**

**ဆက်သွယ်ရေး၊ ငွေစာရင်းဌာန(ငြိမ်း)**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၈)(ငါးလွှာ)နေ ဦးညာဏ်တိုး (လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ အစိုးရအဖွဲ့ရုံး)၏ချစ်လှစွာသောဇနီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သိမ်ကြီးလမ်း၊ အမှတ်(၇၆)(မြေညီထပ်)နေ (ဦးခင်မောင်-ဒေါ်ကျင်ရီ)တို့၏သမီး၊ ဦးမောင်မောင်လေး(လ/ထ ညွှန်ကြားရေးမှူး၊ငြိမ်း၊ နယ်စပ်စည်ပင်)-ဒေါ်မြင့်မြင့်ရီ(ဦးစီးအရာရှိ၊ ငြိမ်း၊ အစိုးရအဖွဲ့ရုံး)၊ ဦးသန်းရွှေ-ဒေါ်မြင့်မြင့်ခင်(ဒု/ညွှန်မှူး-ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ ဒေါ်ခင်ဖုန်းမြင့်(အထပြ၊ နောင်တရား၊ ငြိမ်း)၊ ဦးစိန်ဝင်း(ဇီးကုန်းမြို့နယ်သမဝါယမ)၊ ဒေါ်ဖြူဖြူခင်(အလပြ၊ငြိမ်း)ဇီးကုန်း၊ ဦးအေးဝင်း(အထက-၁၊ ဇီးကုန်း၊ ငြိမ်း)-ဒေါ်နီနီခင်(စာရင်းစစ်၊ ငြိမ်း၊ ဇီးကုန်း)တို့၏ ညီမ၊ ဦးဇော်ထွန်းနောင်(Lecturer singapore-poly)၊ဒေါ်ဥမ္မာထွန်းနောင်၊ ဦးငွေဝင်း-ဒေါ်နီလာခင်(ခေတ္တ-USA)၊ ဦးအောင်ဇေယျ-ဒေါ်နိုင်နိုင်ဦး(ဒု/အထွေထွေမန်နေဂျာ-ဆက်သွယ်ရေးစာတိုက်၊ ငြိမ်း၊ နေပြည်တော်)၊(ဦးခင်မောင်လွင်)-ဒေါ်သီတာခင်တို့၏ အစ်မ၊ တူ၊တူမ ၁၇ယောက် တို့၏ အဒေါ်သည် ၅-၁၁-၂၀၂၀ရက် မွန်းလွဲ ၂:၂၅နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၂၀ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်အိအိစိုး (Feel ရွှေအိ)

**ရွှေအိအသင့်စားမုန့်ဟင်းခါး**

**အထက (၁) ဒဂုံ၊ Eco (1983) ကျောင်းသူဟောင်း**

**အသက် (၅၇)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ် (၉)၊ ကီလီရိပ်သာနေ (ဦးစိုးတင်-ဒေါ်ခင်နုနု)တို့၏ချစ်လှစွာသော သမီး၊ ဒေါက်တာအေးကိုကို-ဒေါက်တာဝေဝေလွင်၊ ဒေါက်တာချစ်ကိုကို-ဒေါ်ဥမ္မာကြင်၊ ဦးချစ်ညီညီ-Jacky၊ ဦးစိုးညီညီ (Maneging Director, Feel Group)၊ ဗိုလ်မှူးဝင်းမြင့်မောင် O.T.S -68 (ငြိမ်း)(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန)-ဒေါ်သူဇာကြည်တို့၏ချစ်လှစွာသောညီမလေး၊ Aaro-Jo၊ Sasha၊ မောင်ဇေထိုက်၊ မသိမ့်နွေးတို့၏ချစ်လှစွာသော အဒေါ်သည် ၅-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်ရတနာမွန်အိမ်ရာ၊ (၇)လမ်း၊ အမှတ် (၆၂/၆၃)နေ ဒေါ်ဆင်နု(သီရိသုဓမ္မသိင်္ဂီ)၏ ချစ်လှစွာသောခင်ပွန်း၊ ရွှေနဒီမိသားစု၏ အနန္တဂုဏ်အင် ကျေးဇူးရှင်ဖခင်ကြီးဖြစ်သည့်-

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ရွှေနဒီပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း တည်ထောင်သူ**

**ဦးစိုးသိမ်း**

**သီရိသုဓမ္မမဏိဇောတဓရ**

**(ကျောက်ပန်းတောင်းမြို့)**

**အသက် (၉၀)**

သည် ၂-၁၁-၂၀၂၀ရက် (တနင်္လာနေ့)နံနက် ၉:၂၇နာရီတွင် ရန်ကုန်မြို့၊ ကန်သာယာအထူးကုဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားခဲ့ပါသည်။

ကျေးဇူးရှင်ဖခင်ကြီး မကွယ်လွန်မီက စေတနာအား၊ ဉာဏ်အား၊ ဝီရိယအားအပြည့်အဝဖြင့် အထူးဝါယမစိုက်ကြိုးစားကုသပြုစုပေးကြပါသော ကန်သာယာအထူးကုဆေးရုံကြီးမှ အထူးကုသမားတော်ကြီးများ၊ ဆရာဝန်၊ သူနာပြုများနှင့် သက်ဆိုင်ရာဝန်ထမ်းများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိအပ်ပါသည်။

ထို့အတူ ကျွန်တော်၊ ကျွန်မတို့၏ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်အနိစ္စရောက်ရှိသွားသည့်ကိစ္စနှင့်ပတ်သက်၍ ဆွေမျိုးမိတ်သင်္ဂဟများအနေဖြင့် လက်ရှိကပ်ရောဂါအခြေအနေအရ လူကိုယ်တိုင်မလာရောက်နိုင်ခြင်းကို ကျန်ရစ်သူမိသားစုမှ အပြည့်အဝ စာနာ နားလည်ပါသည်။

ဤသို့ လူကိုယ်တိုင်မလာရောက်နိုင်ကြသော်လည်း ကျန်ရစ်သူမိသားစုဖြစ်သည့် ကျွန်တော်၊ ကျွန်မများနှင့် ထပ်တူထပ်မျှ နှလုံးစိတ်ဝမ်းကြေကွဲဝမ်းနည်းကြရပါကြောင်း၊ ကျောက်ပန်းတောင်းမြို့နှင့်တကွ အနယ်နယ်အရပ်ရပ်ရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့မှ သတင်းစာ၊ Telephone, GMail, EMail, Massenger, Viber စသည့် Social Media များမှတစ်ဆင့် မေတ္တာ၊ ကရုဏာဖြင့် အလေးအမြတ်ပြုပြီး စာနာပေးကြခြင်းကိုလည်း အထူးတန်ဖိုးထား ကျေးဇူးတင်ရှိအပ်ပါသည်။

ကွယ်လွန်သူ ကျေးဇူးရှင်ဖခင်ကြီးဦးစိုးသိမ်းအားရည်စူးပြီး ၆-၁၁-၂၀၂၀ ရက် (သောကြာနေ့)တွင် သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်ချိုချဉ်ရသာတို့ကိုလည်းကောင်း၊ လှူဖွယ်ဝတ္ထုအစုစုတို့ကိုလည်းကောင်း သဒ္ဓါကြည်ဖြူ ဆက်ကပ်လှူဒါန်းပြီး ရက်လည်ဆွမ်းသွတ်တရားတော်နာပြုလုပ်ပြီးဖြစ်ပါ၍ သာဓုအနုမောဒနာခေါ်ဆိုပြီး သံဝေဂယူ ဘာဝနာပွားများတော်မူနိုင်ကြပါစေကြောင်း လေးမြတ်သောစိတ်ထားဖြင့် အသိပေးဖော်ပြအပ်ပါသည်။

ကျန်ရစ်သူရွှေနဒီမိသားစု

မိခင်ကြီး ဒေါ်ဆင်နု(သီရိသုဓမ္မသိင်္ဂီ)နှင့် သား၊ သမီး၊ မြေး၊ မြစ်များ

နဒီရွှေဝါကုမ္ပဏီလီမိတက်

---

# ဦးမောင်ကြီး

## ခရိုင်အုပ်ချုပ်ရေးမှူး(ထွေ/အုပ်)(ငြိမ်း)

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အသက်(၈၇)နှစ်

ရှမ်း/မြောက်၊ မိုးမိတ်မြို့၊ လက်ခုတ်တန်းရပ်နေ ဒေါ်မြင့်မြင့်(ခ)အန်တီကြီး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်ဦး- ဒေါ်တင်မျိုးနွယ်၊ ဦးအောင်ဇော်မြင့်- ဒေါ်သန်းသန်းအေး၊ ဦးစံရွှေမြင့်၊ ဒေါ်ခင်မျိုးညွန့်(ခ)မအိတို့၏ဖခင်၊မြေး ခြောက်ယောက်၊ မြစ် သုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၃-၁၁-၂၀၂၀ရက် ညနေ ၃:၂၅နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

# မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံခြင်း

(၆-၁၁-၂၀၂၀)

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ရောဂါအန္တရာယ်ကင်းဝေးစွာဖြင့် ကျင်းပပြုလုပ်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။

၂။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံပိတ်ပြီးနောက် မဲရုံများနှင့် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ဆန္ဒမဲရေတွက်ခြင်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ကြမည်ဖြစ်ပြီး ရလဒ်ပုံစံများကို သက်ဆိုင်ရာ မဲရုံများ၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် အချိန်နှင့်တစ်ပြေးညီ ကပ်ထားကြေညာပေးသွားမည် ဖြစ်ပါသည်။

၃။ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကလည်း လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသော ပုဂ္ဂိုလ်၏အမည်ကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ရွေးကောက်တင်မြှောက်ခံရသော ပုဂ္ဂိုလ်များစာရင်းကို နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာ၊ UEC Website နှင့် Facebook စာမျက်နှာတို့မှ ထပ်ဆင့်ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ရွေးကောက်ပွဲရလဒ်များ ရေတွက်ချိန်တွင် သတ်မှတ်ထားသည့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ လူစုလူဝေးမဖြစ်စေရန်အတွက် မိမိနေအိမ်မှသာ ရွေးကောက်ပွဲရလဒ်များကို စောင့်ကြည့်ရယူခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက်

(၆-၁၁-၂၀၂၀)

၁။ ယခုကာလတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်အချို့၌ UEC စာလုံးသုံးလုံး မပါဝင်သော အမှန်ခြစ်တံဆိပ်တုံးအတုများ ပေါ်ထွက်နေကြောင်း တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံသို့ လာရောက်မဲပေးကြရာ၌ ဆန္ဒမဲပေးခြင်းမပြုမီ ကြိုတင်၍ ဆန္ဒပြုအမှန်ခြစ် တံဆိပ်တုံးတွင် UEC စာလုံးသုံးလုံး ပါရှိခြင်း ရှိ/မရှိ ကြည့်ရှုစစ်ဆေးပြီး UEC စာလုံးပါရှိမှသာ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတ အမှတ်အသားတည့်တည့်တွင် ရှိသော လေးထောင့်အကွက်အတွင်း၌ တံဆိပ်တုံးကိုနှိပ်၍ ဆန္ဒပြုကြရန် ဖြစ်ပါသည်။

၃။ အကယ်၍ ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးတွင် UEC စာလုံးမပါရှိကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာ မဲရုံမှူး၊ ဒုတိယမဲရုံမှူး သို့မဟုတ် မဲရုံအဖွဲ့ဝင်များသို့ ချက်ချင်းသတင်းပို့ အကြောင်းကြား လဲလှယ်ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



# ရန်ကုန်(ပန်းဆိုးတန်း-ဒလ) သင်္ဘောဆိပ်ကမ်း၌ ခရီးသည်များလာခြင်းကြောင့် ခရီးစဉ် ၂၂ ခေါက်နှုန်းဖြင့် ပြန်လည်ပြေးဆွဲ

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်(ပန်းဆိုးတန်း-ဒလ) သင်္ဘောဆိပ်ကမ်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် နေအိမ်တွင်နေထိုင်ရေး ကြေညာထားသည့် အချိန်ကာလအတွင်း သင်္ဘောခရီးစဉ်များကို အသွား ၁၆ ခေါက်၊ အပြန် ၁၆ ခေါက်နှုန်းဖြင့် ပြေးဆွဲခဲ့ရာမှ လက်ရှိအချိန်တွင် လုပ်ငန်းခွင်များသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် ခရီးသည်များ စီးနင်းလိုက်ပါမှုများပြားလာခြင်းကြောင့် ခရီးသည်များ သွားလာမှုအဆင်ပြေစေရေးအတွက် သင်္ဘောခရီးစဉ်များကို အသွား ၂၂ ခေါက်၊ အပြန် ၂၂ ခေါက်နှုန်းဖြင့် နိုဝင်ဘာ ၅ ရက်က စတင်ပြေးဆွဲပေးလျက်ရှိကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ သိရသည်။

*စာမျက်နှာ ၁၀ ကော်လံ ၅* ❍

ယနေ့ မာ တိ ကာ

**အပူပိုင်းမုန်တိုင်း အီတာကြောင့် ဂွါတီမာလာ၌ လူ ၅၀ ကျော် သေဆုံး** စာ - ၁၂

**အမေရိကန်ရွေးကောက်ပွဲတွင် သမ္မတဖြစ်ရန် ဘိုင်ဒင် အားသာလာသောကြောင့် လှျို့ဝှက်ကာကွယ်ရေးအဖွဲ့များ တိုးမြှင့်ချထား** စာ - ၁၃

**အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ဘိုင်ဒင်သမ္မတဖြစ်ဖို့ နီးကပ်လာပြီ** နိုင်ငံတကာရေးရာ စာ - ၁၄



# ယခုလအတွင်း ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များအတွက် အင်္ဂလန်ကစားသမားစာရင်းတွင် ဖိုဒင် ပါဝင်လာခဲ့ပြီး ဂရင်းဝုဒ် ချန်လှပ်ခံရ

မန်စီးတီးကွင်းလယ်ကစားသမားတစ်ဦးဖြစ်သူ ဖီးလ်ဖိုဒင်ကို ယခုလအတွင်း ယှဉ်ပြိုင်ကစားမည့် အိုင်ယာလန်၊ ဘယ်လ်ဂျီယံ၊ အိုက်စလန် စသည့် ပွဲစဉ်သုံးပွဲအတွက် အင်္ဂလန်အသင်းက ပြန်လည်ခေါ်ယူခဲ့သော်လည်း ဂရင်းဝုဒ် (ဝဲပုံ) ကို ချန်လှပ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဂရင်းဝုဒ်နှင့် ဖိုဒင်တို့သည် ပြီးခဲ့သည့် စက်တင်ဘာလတွင် အင်္ဂလန်ကစားသမားစာရင်း၌ ရွေးချယ်ခံခဲ့ရပြီး ဖိုဒင်သည် အိုက်စလန်အသင်းနှင့်ပွဲစဉ်တွင် ၎င်း၏ အင်္ဂလန်အသင်းနှင့် ပွဲဦးထွက်ပွဲစဉ်ကို ပါဝင်ကစားခဲ့သည်။ အိုက်စလန်နှင့်ပွဲအပြီးတွင် ဂရင်းဝုဒ်မှာ ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်သည်ဟုဆိုကာ အိုက်စလန်မှ ပြန်လည်စေလွှတ်ခံခဲ့ရသည်။ တိုက်စစ်ကစားသမား ဒန်နီအင့်စ်နှင့် ကွင်းလယ်ကစားသမား ကယ်ဗင်ဖီးလစ်တို့သည်လည်း ဒဏ်ရာကြောင့် ယခုလအတွင်း ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များအတွက် အင်္ဂလန်အသင်း၏ ကစားသမားစာရင်းတွင် မပါဝင်ခဲ့ကြောင်း သိရသည်။

ဒိန်းမတ် အသင်းနှင့်ပွဲစဉ်တွင် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသော ရေစီဂျိမ်းစ်သည် အင်္ဂလန်အသင်း၏ ကစားသမားစာရင်းတွင် ပါဝင်လာခဲ့သည်။ သို့သော်လည်း ချယ်ဆီးခံစစ်ကစားသမားသည် လာမည့်ကြာသပတေးနေ့တွင် ယှဉ်ပြိုင်ကစားမည့် အိုင်ယာလန်အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင် ပါဝင်ကစားဖွယ်ရှိသော်လည်း အနီကတ် ပွဲပယ်ပြစ်ဒဏ်ကြောင့် ဘယ်လ်ဂျီယံနှင့် ယှဉ်ပြိုင်ကစားမည့် နေးရှင်းလိဂ်ပြိုင်ပွဲကို လွဲချော်မည်ဖြစ်သည်။

*စာမျက်နှာ ၁၁ ကော်လံ ၅* ❒